www.burmeseclassic.com

## မောင်ညိုမှိုင်း (သန်လျင်)

# ဘုံနယ်လွန်အငြိမ့်

( ဟာသဝတ္ထု၊ အသစ်စက်စက် )

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

မောင်ညိုမှိုင်း(သန်လျင်)

**အတွင်းစာသားခွင့်ပြုချက်အမှတ်**
၅၀၀ ၂၀၃၀ ၂၀၉
**မျက်နှာဖုံး ခွင့်ပြုချက်အမှတ်**
၅၀၀၃၀၅၀၃၀၉
**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ
**အုပ်ရေ**
၅၁၀
**အဖုံးပန်းချီ**
ဇော်မောင်
**ဖလင်**
ကိုလှဝင်း
**စာအုပ်ချုပ်**
ပယိုး
**ထုတ်ဝေသူ**
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊ သုနန္ဒာ
မြောက်ဥက္ကလာပ
**မျက်နှာဖုံးနှင့် အတွင်းစာသားပုံ**
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့
**တန်ဖိုး**
၁၀၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာ

ချစ်ခင်လေးစားအပ်ပါသော အမြို့မြို့အနယ်နယ်အရပ် ...်မှ ကျွန်တော်၏ စာဖတ်ပရိသတ်အပေါင်းတို့ခင်ဗျား။

ကျွန်တော်သည် ဂမ္ဘီရဝတ္ထုများကိုလည်း ရေးသားပါသည်။

ဘဝသရုပ်ဖော်ဝတ္ထုများကိုလည်း ရေးသားခဲ့ပါသည်။

ဒါ့အပြင် သည်းထိတ်ရင်ဖိုဝတ္ထုများကိုလည်း ရေးခဲ့ဖူးပါ ...ည်။

ယခု ရင်ထဲက အရွှင်ဓာတ်ကို မျှဝေခံစားစေချင်၍ ဟာသ ...းချင်းများကို စဉ်ဆက်မပြတ် ရေးသားနေပါသည်။

ကျွန်တော်၏ ဟာသဝတ္ထုလုံးချင်းများကို အားပေးဖတ်ရှု ...း ဘဝအမောများ အတန်ငယ်ပြေကြပါသည်ဟု ဆိုလာကြသ ...င် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

စာဖတ်သူများအားလုံးကို အစဉ်ကျေးဇူးတင်လျက် ရှိပါ၏။

ယခု ကျွန်တော် "ဘုံနယ်လွန်အငြိမ့်"ကို ရေးခဲ့ပါပြီ။ ၎င်း ...တ္ထုသည် ဟာသဝတ္ထု ဖြစ်ပါသည်။

ကျွန်တော် ကြံဖန်၍ကို ဟာသဖြစ်အောင် ကြိုးစားရေးဖွဲ့ ...၏။ ...ကယ်၍ ဖတ်ရင်းဖတ်ရင်း တကယ့်အဖြစ်အပျက် ဂမ္ဘီရများလား

www.burmeseclassic.com

ဟု ထင်မှတ်သွားပါလျှင် ကျွန်တော့်အားထုတ်ကြိုးပမ်းချက် အား
နည်းသွား၍သာဟု ဝန်ခံပါသည်။

ဘုရားစူးရစေရဲ့။

ဤဝတ္ထုသည် ပျော်ရွှင်ကြည်နူးစေလိုသော စေတနာနှင့်
ရေးသားလိုက်သည့် ဟာသလုံးချင်း အသစ်စက်စက်သာ ဖြစ်ပါ
သည်ခင်ဗျား။

စာဖတ်သူများအားလုံး . . .
နှလုံးစိတ်ဝမ်းကျန်းမာချမ်းသာ
ပျော်ရွှင်ကြည်နူးကြပါစေ။

မောင်ညိုမှိုင်း(သန်လျင်)



ပညာအလင်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

၁

## ဘုံနယ်လွန်အငြိမ့်

ပါဝင်သောဇာတ်ကောင်များ-

မောင်မောင်ဗျိုင်း၊
အဒူလကျောင်းသချိုင်းစောင့်မဖဲချာ၊
မင်းကြည်ကိုင်၊
ပုသိမ်မောင်သောင်းယဉ်၊
ကော့မှူးသောင်းရွှေ၊
ကော့မှူးသောင်းငွေ၊
အံကျား(မင်းဘူး)၊
အံဆုံး(စလေ)၊
အံဖွား(ပြင်စလူ)၊
စူလတန်ချိုကြီး၊
ကိုမြသန်း၊
မောင်မြင့်ကြွား(ဘိုကလေး)၊
မစာဗူးတောင်း၊
အယ်စတုံပွင့်၊
မအိကွေတာ၊
သရဲမမဗွက်ကလုံ၊
မအိစလန်ဂွမ်။

☺

www.burmeseclassic.com

www.burmeseclassic.com

၁

(၁)

မူလက ကျွန်ုပ်သည် ဘုံနယ်လွန်အငြိမ့် ဟာသဇာတ်လမ်းကို ရေးရန် အကြောင်းမရှိပါ။

ခေတ်နှင့်လျော်ညီသည့် ဟာသအချစ်ဇာတ်တစ်ခုကို ရေးရန် ဖြစ်၏။

နေရာကား အိမ်ရှေ့ခြံဝင်းအတွင်းရှိ အုန်းပင်အောက်မှာ ဖြစ်လေ၏။

ထိုနေ့က နာဂစ်မုန်တိုင်းမဝင်သေး။

အဖြစ်အပျက်က နာဂစ်မုန်တိုင်းထက် တစ်ထွာခန့်သာ သေး၏။

ကျွန်ုပ်သည် နာဂစ်ကို နဖူးတွေ့ဒူးတွေ့၊ တံတောင်တွေ့၊ နှာခေါင်းတွေ့ ရင်ဆိုင်ကြုံခဲ့ရပါ၏။ နာဂစ်သည် ကျွန်ုပ်၏ လူပျိုကြီး အိမ်ဂေဟာကိုသော် လည်းကောင်း၊ ကျွန်ုပ်၏ ချစ်စရာကောင်းလှသည့် ရှုပကာရုပ်လေးကိုသော် လည်းကောင်း ပွေ့ချီသယ်ဆောင်ရန် အမျိုးမျိုး ကြိုးစား၏။

တစ်မနက်။

ကြောက်လန့်ပြီး သွားလေသူ ငယ်ရည်းစား (မုလ်ချက်-



www.burmeseclassic.com

www.burmeseclassic.com



သွားလေသူ ငယ်ရည်းစားဟူသည်ကား မလေးရှားနှင့် စင်ကာပူသို့ ပညာတော်သင်သွားနေသည့် ချစ်သူဟောင်းကို ဆိုလိုသည်မဟုတ်။ ကျွန်ုပ်နှင့် သမီးရည်းစားဖြစ်ပြီး သုံးလအကြာမှာ သေွးလေချောက်ချားပြီး ကွယ်လွန်သွားသည့် ငယ်ချစ်ဟောင်းကို ဆိုလိုပေ၏။) ကို တ,ပြီး အိမ်ရှေ့ထွက်အပြေး နာဂစ်က ကျွန်ုပ်ကို အချစ်ကြမ်းကြမ်းနှင့် ပွေ့ခေါ်သွားလေရာ ကျွန်ုပ် ကောင်းကင်လေထဲမှာ လူပျံတော်ပတ္တမြားကြော်ငြာလို လွင့်မျောက်ပါသွား၏။

ကျွန်ုပ် အကြီးအကျယ် လန့်ဖျပ်ပြီး-

ဘုရားကို မေ့သွား၏။

တရားကို သတိမရ။

သံဃာ ဘာမှန်းမသိတော့။

သို့နှင့် မြေကြီးထဲမှာ အရိုးဆွေးနေသည့် ပထမ ငယ်ရည်းစား မထွားစွင့်ကို တ,၏။ ကျွန်ုပ်၏မျက်နှာကိုမြင်လျှင် နန္ဒင်းမှုန့်ကြိတ်သကဲ့သို့ လည်းကောင်း၊ ကောက်ညှင်းဆန်ရေစိမ်ကို ကြိတ်ဆုံထဲ ထည့်၍ အရည်ပျစ်ပျစ်ထွက်အောင် ကြိတ်သကဲ့သို့ လည်းကောင်း၊ ရက်ရက်စက်စက် ပယ်ပယ်နယ်နယ်ကြိတ်ပစ်ချင်နေသော မတော်လိုက်ရသည့် ယောက္ခမလောင်း 'ဒေါ်ပက်လက်လန်'ကို လည်းကောင်း အသံကုန်ဟစ်၍ တ,တော်မူလေ၏။

(လက်ရှိရည်းစား မစာပူးတောင်းကိုမူ လေထဲပါမှာ စိုးရိမ်၍ မ,တလိုက်ပါ။ အချစ်ယုံနော် အဟတ်. . .)

အကြောင်းကား. . .

ကျွန်ုပ်သည် လေးဖက်လေးတန်တိုက်နေသည့် နာဂစ်လေမုန်တိုင်းကြောင့် ကောင်းကင်မှာ စွန်လိုလို၊ လင်းတလိုလို လူပျံတော်ပတ္တမြားကြော်ငြာလိုလို ဝဲပါနေ၏။

ကျွန်ုပ်၏ လေဟာပြင်ဝန်းကျင်မှာ အိမ်သာသွပ်ပြားများ



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကုန်းဇရပ်မှ သွပ်ပြားများ၊ သံသေတ္တာလုပ်ငန်းရှင် ဦးသာဘကံ၏အိမ်မှ သွပ်ပြားဟောင်းများ၊ အိမ်သာသုံး စက္ကူစုတ်လတ်လတ်ဆတ်ဆတ်များသည် ဥဒဟို ဝဲပျံနေ၏။

အချို့ ကျွန်ုပ် ဦးခေါင်းပေါ်မှ ဒစ္စကာဘာရီ လွန်းပျံယာဉ်လိုပျံ၏။ ခတ်ဆိန့် မန်၊ ချေးစော်နံ့ နံ၏။

ကျွန်ုပ်သိသည်။

ဤခေါင်းပေါ်မှ ဖြတ်ပျံသွားသော သွပ်ပြားသည် ပုသိမ်မောင်သောင်းယဉ်၏ အိမ်သာမှ အဖုံးသွပ်ပြား ဖြစ်တန်ရာ၏။

အချို့သော သွပ်ပြားများသည် ကျွန်ုပ်၏ ပေါင်နှစ်ချောင်းကြားမှာ ထောင်လိုက် ဖြတ်သွားရကား ကျွန်ုပ် ဒေါ်ပက်လက်လန်ကို တ,ရ၏။

"အမလေး ဒေါ်လန်ရဲ့ ကယ်ပါဦး ခင်ဗျ။ အမရေး . . ဂျ"

ထောင်လိုက်ပြေးပျံလာသည့် သွပ်ပြားသည် ကျွန်ုပ်၏ဟိုဒင်း . . အဲ . . အဲ ပေါင်တွင်းသား နံဘေးမှ ဗိုးခနဲ ဖြတ်သွား ဝင်သွားသံကား ကိုလှသန်းသစ်စက်မှ ခွေးသွားစိပ် သစ်ခွဲလွှဝိုင်းကြီး မြည်သကဲ့သို့တည်း။

ဟူး . .

တော်ပါသေးရဲ့၊ ဘာမှမဖြစ်၊ မပွန်းမပဲ့၊ မပြတ် အကောင်းအတိုင်း ကျန်နေသေး၏။

နို့မဟုတ်ပါမူ ကျွန်ုပ်ဘဝသည် ငယ်သူငယ်ချင်း 'ကြည်တင့်ရှိုး' ကဲ့သို့ ချပ်ပြားကြီး ဖြစ်နေရပေလိမ့်မည်။

"ဒေါ်လန် ကယ်ပါဦးဗျ"

ကျွန်ုပ်သည် လေဟာပြင်မှာ လွင့်မျောရင်း အထည်ကြီးပိုက်၍ပြေးနေသည့် မတော်လိုက်ရသော ယောက္ခမကြီးကို အကူအညီတောင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လန် အလန့်တကြား မော့ကြည့်၏။

*သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက မုန်တိုင်းကြားမှ သူ့မကိုကယ်ရန် အသံပေးသည်မှတ်ပြီး မော့ကြည့်လိုက်၏။*

"အမလေး. . . မြတ်. . . စော. . ဘုရား . . . ဘုရား"

ဒေါ်ပက်လက်လန် မော့ကြည့်ရင်း ရင်တုန်၍ ဘုရားတ,လေ၏။ မ,တ ခံနိုင်ရိုးလားလေ။

ဗျွန်းပ်သည် လေးဖက်လေးတန်တိုက်ပြီး ဝဲစုပ်သလို စုပ်နေသည့် လေဟာပြင်ကောင်းကင်ပေါ်မှာ ပုဆိုးကွင်းသိုင်းနှင့် ဟိုမျောလိုက်ဒီမျောလိုက်ဖြစ်နေသောကြောင့် ဖြစ်လေ၏။

ရင်းမြင်ကွင်းကိုကြည့်ပြီး ဒေါ်လန် ရင်တုန်ပန်းတုန်ဖြစ်ကာ ပိုက်ထားသည့် အထုပ်ကြီးနှင့် မှောက်လျက်လဲလေ၏။

လေမုန်တိုင်းအကြား ပြေးလွှားနေကြသည့် ကလေးသူငယ်များနှင့် လူရွယ်လူကြီးအချို့က အော်ဟစ်ကြ၏။

"ဟဲ့ဟဲ့-ကောင်းကင်ပေါ်မှာဝဲနေတာ ဘာလဲဟဲ့"

"ငှက်ကြီးဗျ"

"ငှက်မဟုတ်ဘူး၊ လူဟ လူ၊ အော်သံကြားရတယ်"

"ငှက်ဆင်နဲ့တူပါရဲ့ဟ။ နှာမောင်းကြီးနဲ့"

"အဲဒါ ငှက်ဆင်မဟုတ်ဘူးဗျို့။ ငဗျိုင်း ငဗျိုင်း၊ စာရေးဆရာ၊ ပြဇာတ်မင်းသား၊ ဒါရိုက်တာ ငဗျိုင်းဗျ။ လေထဲမှာလွင့်နေတာ"

"ကယ်ကြပါဦးဗျ။ ကယ်ကြပါဦး ခင်ဗျ"

"အေး. . ဒါငဗျိုင်းအသံပဲဟ"

"ဘယ်လိုလုပ်မလဲ ကိုသောင်းယဉ်"

"တုတ်ရှည်ရှည်ထောင်ပြီး ကမ်းပေးလိုက်ရင်ရမလား"

ဒီမှာ မင်းကြည်လှိုင်က အော်၍ပြောလိုက်သည်။

"ဒီကောင်ကို သွားမကယ်နဲ့။ ကိုယ်ပါ ဒုက္ခရောက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



နီးရာသစ်ပင့်ကို ဖက်ထား။ သေပလေ့စေ။ သမ္မာဒေဝနတ်မင်း အပေါင်းတို့ခင်ဗျား။ လေထဲမှာ လေဟုန်စီးလွင့်မျောနေသည့် ငဗျိုင်းကို မြေပြင်သို့ ပြန်မချပါနဲ့ ခင်ဗျား။ ဟိုကပ္ပလီပင်လယ်ပြင်ကို သယ်ဆောင်ခေါ်ယူသွားကြပါ လောကပါလနတ်မင်း၊ ကမ္ဘာစောင့်၊ သာသနာစောင့်နတ်မင်းအပေါင်းတို့ခင်ဗျား”

မင်းကြည်လှိုင်သည် လေပြင်းနှင့် မိုးပေါက်များအကြားမှ လက်အုပ်ချီပြီး သို့ကလို ဆုတောင်းပတ္ထနာပြုသည်ရှိသော် ကျွန်ုပ်နှင့် ဟိုးတစ်ဘဝဟောင်းက စားဖော်သောက်ဖက်၊ မျောက်ပန်းလှန်ဖက်ဖြစ်သော နတ်သူတော်ကောင်းအချို့သည် မှိုင်းမကူညီကြလေသည်ထင့်။

မြေပြင်သို့ တွန်းချဖိချသကဲ့သို့ ရှိနေ၏။

မြေပြင်၌ ခြေနှစ်ချောင်းနှင့် ဟိုဒင်း အဲ. . အဲ ပုဆိုးကွင်းသိုင်းကို ဆွဲချသကဲ့သို့ ရှိနေ၏။

(အမှန်ကား ကျွန်ုပ်သည် လေမုန်တိုင်းလေးဖက်လေးတန်နှင့် အပေါ်ဆွဲအောက်ပင့်အောက်ဆွဲ အားလျော့လာပြီး ကမ္ဘာမြေဆွဲအားနှင့် မြေပြင်သို့ တရွေ့ရွေ့ကျလာနေခြင်း ဖြစ်ပေ၏။)

လူသည် တရိပ်ရိပ် မြေပြင်သို့ ကျလာနေ၏။

အသည်းတအေးအေးရှိလွန်းစွ။

ကျွန်ုပ်ကြောက်လွန်း၍ မျက်စိမှိတ်ပြီး ဘုရားကိုတ,၏။

“ဗုန်း”

“အင့်”

“အမလေးတော်”

တော်ပါသေးရဲ့။ ကျွန်ုပ် အရှိန်ပြင်းပြင်းနှင့် ပြုတ်ကျလာရာ ကောင်းချင်တော့ ကောက်ရိုးပုံပေါ်သို့ ပြုတ်ကျသွားပြီး တင်ပါးပင် အိပွဲ့ပွဲ့အတွေ့အထိကို ခံစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်. . ဟင်. . . အီး. . . အီး"

"အမ်. . မယ်လေး"

ကျွန်ုပ်သည် မျက်စိကိုမှိတ်ရင်း သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို ကျေးဇူးစကားဆိုနေစဉ် ကျွန်ုပ်တင်ပါးအောက်မှ ကောက်ရိုးပုံကြီးက ညည်းညူပြီး လူလိုအော်ဟစ်နေ၍ မျက်စိဖွင့်ပြီး ကြည့်လိုက်သောအခါ-

"ဟိုက်-ဒေါ်. . . ဒေါ်. . လန်"

"အ. . အား. . ငါ့ ငါ့ပေါ်ကို ခုန်ချ၊ အားမလေး လာ. . . ကြပါဦးတော်"

အလို-ကျွန်ုပ်သည် ကောင်းကင်မှသည် ကောက်ရိုးပုံပေါ်သို့ ပြုတ်ကျသည်မဟုတ်။ အပေါ်မော့ကြည့်ပြီး လန့်လဲနေသည့် ဒေါ်ပက်လက်လန်ပေါ်သို့ ပြုတ်ကျခြင်း ဖြစ်နေ၏။

ဒီမှာ ဒေါ်လန်က အသားကုန်အော်၍ အကူအညီတောင်း၏။ လူအချို့က ပစ္စည်းလုနေသည်မှတ်၍ တုတ်များ၊ ဓားများနှင့် အော်ဟစ်ပြေးလာသည်ကို မြင်လိုက်ရသောအခါ-

ကျွန်ုပ်ရဲ့ဘဝသည် မပြေးသော်ကန်ရာကရှိခဲ့ချေပြီ။

ကျွန်ုပ်. . . ပုဆိုးကွင်းသိုင်းကို မ,၍ မာရသွန်အပြေးသမား 'မိတုံးနော်'စံချိန်ကိုချိုးကာ လဲပြိုနေသည့်သစ်ပင်ကြီးများအောက်မှ တရကြမ်းပြေးခဲ့လိုက်ရလေ၏။

☺



www.burmeseclassic.com

www.burmeseclassic.com

## (၂)

နာဂစ်မုန်တိုင်းကာလအတွင်း လူပျံတော်ပတ္တမြားလို လေမှာ လွင့်မျောပြုတ်ကျ၍ ကံကြီးလှစွာ မသေခဲ့ရ။

သူတော်ကောင်းကို နတ်ကောင်းစောင်မ၏။ ခြင်ထောင်ချပေး၏။ ယပ်ခတ်ပေး၏။

ကျွန်ုပ်သည် ဘုရားရိပ်မှာနေသူဖြစ်၏။

(ဘုရားရိပ်ဟူသည်ကား ဘုရားတန်ဆောင်းထဲမှာ အိပ်ခြင်းကို ဆိုလို၏။)

ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲ၏။

(၁) အရက်သောက်၏၊
(၂) ဖဲရိုက်၏၊
(၃) လစ်လျှင် သုတ်၏၊
(၄) မည်သူကို လိမ်ရမည်လည်း အမြဲကြံစည်၏၊
(၅) တွေ့သမျှ မိန်းမကို ပိုး၏။

ထိုငါးပါးစီမြဲသောသူသည် သေချိန်မတန်သေးသောအခါ လုံးဝ မသေ။

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



မာလကီးယားရန် အချိန်စေ့သောအခါ ကျွန်ုပ် ခံရလေ၏။

တစ်နေ့

ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေသူ သူဌေးကလေး ဦးအောင်မြတ်က 'ဟာသဝတ္ထုတစ်အုပ်အမြန်ရေးပေးပါဆရာ' ဟု ဆိုလာ၏။ စရန်ငွေလည်းကြိုပေးခဲ့၏။

သို့နှင့်

နာဂစ်မှာ စာမရေးဖြစ်ခဲ့။ ခု နာဂစ်ပြီးပြီမို့ နောက်ဆုံး မလဲဘဲ ကျန်ရစ်ခဲ့သည့် အုန်းပင်အောက်မှာ ပက်လက်ကုလား ထိုင်ကိုချ၍ စားပွဲပုလေးနှင့် ဟာသလုံးချင်းကို စိတ်ဝင်စားစွာ ရေးနေစဉ် အုန်းပင်ပေါ်သို့ ဘယ်အရပ်က မျက်စိလည်လာမှန်း မသိရသော မင်းကြည်လှိုင်ယောက်ဖ လင်းတကြီးတစ်ကောင်သည် အုန်းသီးခိုင်ပေါ် တက်နားလေ၏။

အိမ်ဘေးအိမ်မှ ကလေးများဖြစ်ကြသော ဓနုတ်ကိုကိုဇော်၊ ရေကျော် မောင်စိုးအောင်တို့နှစ်ဦးက-

"လင်းယုန်ငှက်ကြီးဟေ့၊ ဦးဗျိုင်းတို့ အုန်းပင်ပေါ်မှာ လာနား နေသကွ"

"လင်းယုန် မဟုတ်ဘူးကွ ငတုံးကိုကိုဇော်ရ။ အဲဒါ ဗျိုင်း အောက်၊ ဗျိုင်းအောက်မှ ဘင်္ဂလားဒေ့ချ်ဗျိုင်းအောက်"

"ဝုန်း"

"ဂလုံး . . ဝုန်း"

"ဟာ. . . ဟာ"

"ပြုတ် . . . ပြုတ် . . . ကျ . . . ပဟ"

"ဦးဗျိုင်း ဦးဗျိုင်း၊ အ. . အပေါ်မှာ"

"ဗုန်း"

"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အမ်မယ်လေး . . မံအေးချက်."

ကြီးမားလှသော အုန်းသီးကြီးတစ်လုံးသည် ကလေးနှစ်ယောက် အလန့်တကြား အော်ဟစ်သံကြောင့် မော့ကြည့်လိုက်သည်။ ကျွန်ုပ်၏ ဦးခေါင်းပြောင်ပြောင်ပေါ်သို့ အရှိန်ပြင်းစွာနှင့် ကျလာပြီးနောက် မိုင်းဗုံးကွဲသလိုလို၊ အဏုမြူဗုံးကွဲသလိုလို၊ အမြောက်ပြောင်းကွဲသလိုလို အသံကြီးမြည်ကာ ကျွန်ုပ်နှင့် ပက်လက်ကုလားထိုင်သည် မြေပြင်မှာ တစ်သားတည်းဖြစ်သွားလေ၏။

ကလေးနှစ်ဦး၏ အလန့်တကြား အော်သံကို ကြားရ၏။

လူအချို့ ပြေးလာသံကို ကြားရ၏။

စကားမျိုးစုံ ပြောဆိုနေသံများကို ဝိုးဝိုးဝါးဝါးမြင်ရကြားရ၏။

"ဦးဗျိုင်းခေါင်းပေါ်ကို အုန်းသီးပြုတ်ကျလို့ဗျို့"

"ဟဲ့ဟဲ့- ဘာဖြစ်သွားလဲဟဲ့"

"ခေါင်းကွဲပြီး သွေးချင်းချင်းရဲနေတာပဲ"

"သေပလားဟဲ့။ ခေါ်ကြည့်ပါဦး"

"ကိုဗျိုင်း၊ ကိုဗျိုင်း"

"အို့ . ကိုကိုဗျိုင်းရဲ့ ဟီးဟီး အစ် ဟီး"

"ခေါ်လို့ မရတော့ဘူး"

"သွားပြီ. . ."

"ဝမ်းသာကြကွယ်ရို့. : ."

သို့ကလို ကြေကွဲဝမ်းနည်းဖွယ်စကားမျိုးစုံနှင့် ကျွန်ုပ်၏ အနိဋ္ဌာရုံ ဘဝကို မုဒိတာပွားနေချိန်၌ ကျွန်ုပ်၏ ဝိညာဉ်သည် ခန္ဓာကိုယ်ရုပ်မှ စွန့်ခွာကာ ဟိုးအရပ်တစ်ပါးသို့ ခရီးဆက်လက်၍ ထွက်ခွာနေ၏။

ကျွန်ုပ် လေဟာပြင်မှာ .လွင့်မျောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



နာဂစ်တုန်းက လွင့်မျောသည့်အတိုင်း ဖြစ်၏။

ထူးခြားသည်ကား နာဂစ်တုန်းက ကျွန်ုပ်ဝန်းကျင်မှ သွပ်ပြားများ၊ ဓနိဖက်များ၊ အဝတ်စများ၊ သစ်ရွက်များ၊ လွင့်မျောနေခြင်းဖြစ်၏။

ယခု ကျွန်ုပ်ဝန်းကျင်မှာ လွင့်မျောလိုက်ပါနေကြသူများကား သစ်ရွက်၊ သွပ်ပြား၊ အဝတ်စများမဟုတ်။ ပုံပျက်ပန်းပျက် ဝိညာဉ် ရုပ်သွင်များ။

အမလေး ကြောက်စရာ ကောင်းလိုက်တာ။ ငါ. . .ငါ ဘယ်ဘဝ၊ ဘယ်တိုင်းပြည်ကိုရောက်နေပါလိမ့်။

ပုံပျက်ပန်းပျက် အရုပ်ဆိုးဆိုး ပရဝိညာဉ်သားများသည် ကျွန်ုပ်ကို ရံ၍တွန်း၍ တစ်နေရာသို့ ခေါ်သွားကြ၏။ တုန်လှုပ်ချောက်ချားဖွယ် ရယ်သံများကို ကြားရ၏။

ဝမ်းမြောက်ဖမ်းသာ ပါးစပ်ကြီးများဖြဲ၍ လျှာတန်းလန်း ထုတ်ပြီး လက်ခုပ်တီးနေသည်ကိုလည်း မြင်ရ၏။

အချို့သော ပရဝိညာဉ်သားများသည် ကျွန်ုပ်ကိုယ်ပေါ်မှာ ခွစီး၍ မြင်းဒုန်းစိုင်းသကဲ့သို့ မောင်းနှင်နေကြ၏။

ကျွန်ုပ်သည် လွန်စွာ ကိုယ်လုံးကြီးလှသည့် ခေါင်းကြီးကြီး နားရွက်ကားကား၊ ခြေဖဝါး ဖျာတစ်ချပ်စာခန့်ရှိသော တစ္ဆေပရ ဝိညာဉ်တစ်ကောင်ရဲ့ ဦးဆောင်ရာသို့ ငြင်းဆန်ခွင့်မရှိဘဲ လိုက်ပါခဲ့ရလေသတည်း။

☺



www.burmeseclassic.com

www.burmeseclassic.com

(၃)

## ဘဝသစ်ကို ရောက်လာတာ
## နောက်ကျသတဲ့လား မဖဲချာရယ်

ဘုရားဘုရား၊ ကျွန်ုပ်ရောက်နေသည့်နေရာသည် မြို့ရွှေ သန်လျင်မဟုတ်။ ကျွန်ုပ် ပိုးပန်းနေသည့် 'ရွှန်းလဲ့ချမ်းသာ'အမည်ရှိ မိန်းမချောလေးဘယ်မှာပါလိမ့်။

မူလတန်းကျောင်းသားဘဝက ရည်းစားဦးလေး မစာဖူး တောင်းလည်း မတွေ့ရပါကလား။

ကွယ်လွန်သွားသည့် မူလအစ ပထမ ခွေးတံဆိပ် လက် ဟောင်း (အိုလံပီယာ ကုမ္ပဏီ)ထွက် မယားကြီး မအီစလန်ဂွမ်ကို အားကိုးတကြီးပြေး၍ သတိရသလိုရှိပြီး တုန်လှုပ်ချောက်ချားနေ စဉ်-

"ဝေးဟေးဟေး . . ဟေး"

"လာပြီဟေ့ . . . ရောက်လာပြီကွ"

"ကိုကိုဗျိုင်း . . . ကိုကိုဗျိုင်း"

"ကိုကို . . တိုတို"

"ချစ်ဗျိုင်းလေး လာပြီ . . . အဟင့်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါ့ချစ်ကိုကိုဗျိုင်းနော်. . ဒါပဲ"

"ငါနဲ့လည်း ဆိုင်တယ်ဟော့နော်"

"ဘာလို့ဆိုင်ရမှာလဲဟေ့"

"လူ့ဘဝတုန်းက ဗျိုင်းနဲ့ငါက ကျောင်းနေဖက်ဟဲ့ ပြိတ္တာမရဲ့"

ကျွန်ုပ်သည် ပုံပျက်ပန်းပျက် ရုပ်ဆင်းအင်္ဂါနှင့် လူများကို မြင်နေရသည်။

အချို့ ခေါင်းကြီး၏။ ကြီးသမျှ ဦးခေါင်းသည် ရေထည့်သည့် ကျောက်စည်ခန့်ရှိ၏။

အချို့ နားရွက်ကြီးနေ၏။ နားရွက်တစ်ဖက်ကို ခုတင်ဖျာ တစ်ချပ်စာခန့်ရှိ၏။

အချို့ မျက်လုံးပြူးနေ၏။ မျက်လုံးတစ်လုံး သပိတ်လုံးခန့် ရှိ၏။

အချို့ လျှာတန်းလန်းကြီး။ ပါးစပ်မှ ထွက်ကျနေသော လျှာတန်းလန်းကြီးသည် တစ်လံခန့် ရှည်လျားပြီး ဆင်နှာမောင်းလို အောက်ကိုစိုက်လိုက်၊ အပေါ်ကိုလှန်လိုက်နှင့်ရှိပြီး ပါးစပ်မှ အပုပ်ရည်များစီးကျနေရကား မျက်စိကို ရဲရဲဖွင့်၍မကြည့်ရဲ။

အချို့သောသူများကား သွားကြီးများ အလွန်ကြီးနေ၏။

အချို့ သွားတစ်ချောင်းတည်းရှိ၏။ ရှိနေသည့်သွားသည် ဂေါ်ပြားခန့် ကြီး၏။

အချို့ နှာခေါင်းကြီးနေ၏။ နှာခေါင်းတစ်ခုတည်း ငါးပိသား ခန့် ရှိမလားမသိ။ လူ့ပြည်မှာ ကျန်ရစ်ခဲ့သည့် စာရေးဆရာ ကျောင် မှူးကြီးသိန်းဝင်းနှင့် နင်လားငါလားရှိနေ၏။

ကျွန်ုပ် သူတို့ရဲ့ ဆိုးဝါး ရွံရှာဖွယ်ကောင်းသည့် ရုပ်လက္ခဏာများကိုကြည့်ပြီး ရွန်းကန်အော်ဟစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေသည့် များလှစွာသော အမျိုးအမည်မသိ ပုဂ္ဂိုလ်များရဲ့အသံများအကြား ကျွန်ုပ်ရဲ့ အော်ဟစ်အကူအညီတောင်းသံသည် နစ်ဝင်ပါးလျားသွားခဲ့ရလေသည်။

"ဂွမ် . . . ဒူ . . . ဟူ"

ထိုစဉ် မောင်းသံလိုလို၊ ဘံလင်ပန်းထုသံလိုလို အသံကြီးကြားလိုက်ရပြီးနောက် ဆူညံအော်ဟစ်ရှင်မြူးခုန်ပေါက်နေသည့် အသံများ မီးကို ရေနှင့် ငြိမ်းသတ်သကဲ့သို့ ရုတ်ခြည်း ငြိမ်၍ကျသွား၏။

"ချစ်ဘော်ဒါ ရှာသူရှာသားအပေါင်းတို့"

"ဗျို့ . . . ဗျို့"

"ရိုက် . . . ရိုက် . . . Ride Ride"

"ရက်(စ်) အားလုံး ရယ်ဒီပါ သခင်မကြီး"

ကျွန်ုပ်နားထဲမှာ အင်္ဂလိပ်လိုပြောသံများ၊ ကုလားလိုပြောသံများ၊ မြန်မာလိုပြောသံများကြားရ၍ အံ့ဩပြီး မျက်လုံးအစုံကိုဖွင့်ကြည့်လိုက်သောအခါ-

ဟိုက်ရှားဘား . . .

ကျွန်ုပ်သည် ရောမ သချိုင်းကုန်းကြီးတစ်ခုပေါ်မှာ ရောက်နေ၏။ မျက်စိတစ်ဆုံးမှာ အုတ်ဂူများ၊ မြေပုံများ၊ မှတ်တိုင်များ ဖွေးဖွေးလှုပ်နေ၏။

တစ်ခုသော အုတ်ဂူပေါ်မှာ မိန်းမတစ်ယောက် မတ်တတ်ရပ်၍ စကားပြောနေ၏။ ၎င်းမိန်းမသည် ထဘီအနက်ရင်ရှားကြီးနှင့် ဖြစ်၏။

ထဘီအနက်ကို သူမသည် ဖောက်ထိုးဝတ်ထား၏။

ထိုမိန်းမသည် အသက် (၃၀)ကျော်ခန့်ရှိ၏။ပြည့်တင်းသော အသားအရေနှင့် ရင်ဖွံ့ဖွံ့ တင်ကားကားဖြစ်သည့်အပြင် ရုပ်ရည်က



www.burmeseclassic.com

www.burmeseclassic.com



လေးကလည်း ကွယ်လွန်သူရုပ်ရှင်မင်းသမီး(မေရီမြင့်)နှင့် တူသလို ရှိ၍ ကျွန်ုပ်ရင်ထဲ ကြည်နူးသလိုရှိနေ၏။

"ရွာသူတို့. . ."

"ရှင်"

"တော်"

"ရွာသားတို့"

"ခင်ဗျာ"

"ဗျာ"

"ရှိ"

"အခု အသစ်ရောက်ရှိလာသူ ပရလောကသားအသစ်နဲ့ မောင်ထွီမယ်တို့ ရွာသူရွာသားအားလုံးကို မိတ်ဆက်ပေးပါမယ်၊ နားထောင်ကြပါ"

"မြန်မြန်မိတ်ဆက်ပေးပါ သခင်မကြီး"

"တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်ခွင့်ပြုပါ သခင်မ"

"ကျွန်မဂူကို ပို့ပေးပါ သခင်မကြီး"

"တိတ်"

အားလုံးသော အသံများသည် ထဘီဇောက်ထိုးဝတ် ဆံပင်ရှည်ရှည်မိန်းမရဲ့ အသံဩဇာအောက်မှာ ငြိမ်ကျသွား၏။

"ကော့မှူးသောင်းငွေနဲ့ မောင်ဥက္ကာ၊သူကို ရှေ့တော်ခေါ်ခဲ့"

သည်တွင် ကော့မှူးသောင်းငွေ အမည်ရှိ နှာခေါင်းသပိတ်လုံးနှင့်ပုဂ္ဂိုလ်၊ အသားမည်းမည်း၊ အရပ်ပုပု နားရွက်ကားကား မောင်ဥက္ကာ အမည်ရှိ ပုဂ္ဂိုလ်နှစ်ဦးသည် ကျွန်ုပ်ကို ခပ်ကြမ်းကြမ်းဆွဲခေါ်၍ ရပ်စကားပြောနေသည့် အမျိုးသမီး ဂူရှေ့ဘ် ရပ်ခိုင်းလေ၏။

"ရှင့်နာမည်ဘယ်လိုခေါ်ပါသလဲ မောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"What is your name"

"ဟိုက်"

အံ့ဖွယ်ကောင်းလေစွ။ ကျွန်ုပ်ရောက်နေသည့်အရပ်သည် သချိုင်းကုန်းမှဟုတ်ပါလေစွ။ အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်များလား။ အင်္ဂလန်နိုင်ငံဆိုပါလျှင်လည်း (၁၁) ရာစု ရှေးဟောင်းစုလစ်မွမ်းချွန် အဆောက်အအုံများနှင့် ဖြစ်ရမည်။

ယခု တွေ့မြင်နေရသည်ကား ပုံပျက်ပန်းပျက်မျက်နှာကြီးများ၊ ရွံရှာစက်ဆုပ်ဖွယ်ရုပ်သွင်များ၊ နွားမတန်းသာသာ ခွေးနက်ကြီးများနှင့် ငှက်ကုလားအုတ်ခန့် လင်းတကြီးများ၊ ပွင့်နေသည့် အုတ်ဂူများ၊ ခွေးစားနေသည့်မြေပုံများ၊ ပြေးလွှားအော်ဟစ်နေသည့် အရုပ်ဆိုးဆိုးကလေးများဖြစ်၏။

ဒီမှာ သူမက ကြောင်နေသည့် ကျွန်ုပ်ကိုကြည့်၍ အင်္ဂလိပ်လို မေးလိုက်၏။

သင့်အမည် ဘယ်လိုခေါ်သလဲတဲ့။

"ကျွန်. . . ကျွန်တော့်အမည် ချစ်. . ချစ်ကိုကိုဗျိုင်းပါ ခင်ဗျ"

" All Ride; This name is very beautiful. အလွန်လှသည့် နာမည်ပေပဲ ရွာသူတို့ ရွာသားတို့။ သူ့ရဲ့အမည်က ချစ်ကိုကိုဗျိုင်းတဲ့။ ကြားကြ၊ မှတ်မိကြပြီလားဟေ့"

"ကြားပါတယ် ခင်ဗျ"

"ကြားပါသည် ရှင် အဟင့်"

"ကိုချစ်ချစ်ကိုဗျိုင်း၊ ရှင့်အသက် ဘယ်လောက်ရှိပါပြီလဲရှင်"

"သုံး. . သုံးဆယ့်ငါး . . . ငါးနှစ်. . . ပါ. . ပါခင်ဗျ"

"ဝါးဟားဟားဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရုပ်ကြီးကများ (၃၅) နှစ်တဲ့ အဟတ်"

"တာတေကြီးကတောင် အဖေခေါ်ရမယ့်ရုပ်ကမျ်ား"

"ဒါပေမယ့် သန်သန်မာမာကြီးပါအေ့"

"အဲဒါလေးပဲ မက်စရာရှိတာပါအေ။ အဟီး-တော်ပါသေးရဲ့ အဟိ"

"တိတ်တိတ်နေစမ်း။ သင် လူ့ဘဝတုန်းက ဘာအလုပ်များလုပ်ကိုင်နေထိုင်ခဲ့သလဲ ကိုချစ်ကိုကိုဗျိုင်း"

"ကျွန်. . ကျွန်တော် ပြဇာတ်မင်းသားပါ"

"ဟား. . ဟား. . ဟား ဒီရုပ်ကြီးကများ ပြဇာတ်မင်းသားတဲ့ အဟတ်"

"သွားကခေါ်လိုက်တာ။ ကနားဖျင်းထိုးထားသလိုပဲ"

"ကိုတာတေ၊ သူတစ်ဖက်သားကို တော်ချိုးချိုးဖွဲ့ဖွဲ့မပြောပါနဲ့တော်"

"ပြောတော့ဘာဖြစ်လဲ မိပြားကြီး"

"ခမျာသနားပါတယ်။ အားငယ်နေတဲ့ဥစ္စာ"

"နင့်အကြောင်း ငါမသိဘူးများမှတ်လို့လား မိပြားကြီး။ ဒီသချိုင်းကို အသစ်ယောကျ်ားသားများရောက်လာရင် နင်ရယ်၊ မိခါတွန်ရယ်၊ ဟို အေအိုင်ဒီအက်စ်နဲ့ သေလာတဲ့ ခင်နန့်နန့်တွန်ရယ် အသည်းဆုံးအကဲဆုံးပဲ။ နင် ဒီကောင် ဗျိုင်းအကြောင်း ဘယ်လောက်သိလို့လဲ"

"သိသိ၊ မသိသိတော် သန်သန်မာမာကြီး ဥစ္စာ"

"ဟွန်း-နင်ဘဝကူးမြန်သွားမယ်သိလား။ ဒီကောင် ဗျိုင်းအကြောင်း ငါအသိဆုံး"

ဒီမှာ ဂူပေါ်က စစ်ဆေးရေးမိန်းမက သူမရဲ့ဘိုင်းကို ကုတ်ရင်းက မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ်ကိုကိုဗျိုင်း"

"ခင်..ဗျာ"

"ရှင့်မိဘများနာမည်မှတ်မိလား"

"မှတ်မိပါတယ် ခင်ဗျ"

"အဖေ့နာမည် ဘယ်လိုခေါ်သလဲ"

"သာရဝေါစိုးကြည်"

"ဘာ-သာရဝေါစိုးကြည် ဟုတ်လား၊ ဟုတ်လား"

"အဲ..အဲ မ..မဟုတ်ပါဘူးခင်ဗျ။ ဟို...ဟိုသာရဝေါစိုးကြည်တို့အိမ်နားက ဦးဇော်ဖေပါခင်ဗျ"

"ဟူး..တကယ့်ကို မလည်ရှုပ်ဘဲ။ ဒါဖြင့် ဖခင်အမည်က ဦးဇော်ဖေ။ ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

"အမေနာမည်ကကော"

"ဒေါ်ခင်အေးမူပါ"

"သူတို့ကော ရှိသေးသလား"

"ဟုတ်ကဲ့- ရှိပါတယ်။ အခု ထန်းပင်ကုန်း (၁) လမ်းက စာရေးဆရာနိုင်ဝင်းသီအိမ်နားမှာ နေပါတယ်။ တိုက်ဆောက်နေပါတယ်"

"ဒီမှာ ကိုဗျိုင်း၊ ရှင် အပိုစာသားတွေ လျှောက်မပြောပါနဲ့။ ရှင်ဟာ လူ့ဘဝတုန်းကလည်း ကြွားတာပဲ။ အခုဘဝရောက်တော့လည်း ကြွားနေသေးတာပဲ။ ရှင့်အဖေ ဦးဇော်ဖေဟာ ကုလားလား၊ မြန်မာလား"

"ပသီကုလားနဲ့ ခေါ်တောစပ်ထားတာပါ"

"ဒါကြောင့် ဒီကောင်ငမှိုင်း နှာခေါင်းကြီး ထားနေတာပဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အမေ ခင်အေးမူကကော"

"အမေ ခင်အေးမူက ကပြားပါ"

"ဘယ်လိုကပြားလဲ ရှင်းပြပါ"

"အင်္ဂလိပ်မင်းသမီးဘဝနဲ့ မြို့တကာလှည့်ကရင်း ပြားသွားလို့ပါ"

"ရှယ်ပဲကွာ ဖွီ"

"ရှင်လူ့ဘဝတုန်းက အိမ်ထောင်ကျဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျား"

"အဲဒီမိန်းမ နာမည်ဘယ်လိုခေါ်သလဲ"

"မအီစလန်ဂွမ်လို့ ခေါ်ပါတယ်"

"သူကော အခု လူ့ပြည်မှာရှိသေးသလား"

"သေသွားတာ (၁၀) နှစ်ရှိပါပြီ"

"ဘာရောဂါနဲ့သေခဲ့တာလဲ"

"ကျွန်တော်နဲ့ညားပြီး(၃)လမှာ ပိန်ပိန်လာပါတယ်။ အသက်မထွက်ခင်ညက ဖြစ်လေရာဘဝတိုင်း ပြန်ဆုံချင်တယ်အစ်ကိုရယ်လို့ပြောပြီး မီးလင်းတော့ အသက်မရှိတော့ပါဘူး"

"ဖွီ"

"ကြောက်စရာကောင်းတဲ့ကောင်ကွာ"

"သခင်မကြီး၊ ဒီကောင်ကို ဒီသချိုင်းမှာ မထားပါနဲ့"

"ဘာလို့လဲ၊ ကိုတာတေကြီး"

"ဒီမှာရှိတဲ့ အမျိုးကောင်းသမီးတွေ သူ့မယားဖြစ်ကုန်မှာ စိုးရိမ်ရလို့ပါ"

ဒီမှာ ပါးစပ်ပြုပြဲနှင့် မိန်းမတစ်ယောက်က ထအော်ပြီရော။

"ကိုတာတေကြီး၊ အဲဒါ ရှင့်အလုပ်မဟုတ်ဘူး ရှင်တိတ်"

နောက်ထပ် ဝက်နူတ်သီးလိုလန်နေသည့် မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်းအော်ရဲ့။

"ကိုတာတော၊ ရှင့်အမျိုးနှမသားချင်းလာရင် ဒီသချိုင်းမှာ စည်းရိုးခတ်သော့ခတ်ဖွက်ထား။ ဒီအသစ်ကလေး ကိုချစ်ကိုကိုဗျိုင်း နဲ့စပ်လျဉ်းလာရင် တော်သဝန်တိုစရာ၊ ကန့်ကွက်စရာ၊ ချွန်တွန်း စရာမလိုဘူး ဒါပဲ"

ကျွန်ုပ်သည် သချိုင်းကုန်းပုံပျက်ပန်းပျက်အုပ်စုမှ မိန်းမ သားများရဲ့ အသည်းယားစရာ (တစ်နည်း အံ့ဖွယ်ရာ) စကားများ ကို ကြားလိုက်ရသောအခါ ကြက်သီးဖြန်းဖြန်းထရလေ၏။

သူမတို့၏ ပြူးကျယ်သော မျက်လုံးများကား ကျွန်ုပ်ကို စား တော့ဝါးတော့မည့်အလား ဝိုင်းကြည့်ပြီး တွတ်ထိုးနေကြ၏။

ဒီမှာပဲ အုပ်စုခေါင်းဆောင် သချိုင်းကုန်းသားအဖွဲ့မှူး ဖြစ် ဟန်တူသူ ထဘီအနက်ဖောက်ထိုး၊ ဆံပင်ရှည်ရှည်၊ ရင်ရှားနှင့်မိန်းမ က ကျွန်ုပ်ကို ပြောပြန်၏။

"ကိုချစ်ကိုကိုဗျိုင်း"

"ခင်ဗျား"

"လောလောဆယ် ရှင် ဒီသချိုင်းမှာ နေရမယ်"

"ဗျာ. . . ဒီ. . ဒီ သချိုင်းမှာ နေနေရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဟို . . ဟို ကျုပ်မှာ အိမ်ရှိတယ်ဗျ။ ပြီး ပိုးနေတဲ့ ရည်း စားလည်းရှိသေးတယ်။ ကျုပ်က ခင်ဗျားတို့လို ပုံပျက်ပန်း ပျက် ဘာမှန်းမသိရတဲ့သူတွေနဲ့ ဘာလို့ ဒီသချိုင်းမှာ အတူနေရမှာလဲ"

"ဩ ပေဟာ ရှင်က ကိုယ့်အကြောင်းကိုယ် မသိသေးဘူး ကိုး။ အခု ရှင် ဘယ်ဘဝရောက်နေသလဲသိလား"

"လူလေဗျာ။ လူ. . . လူ လူ"

"ဟား. . ဟား. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဝါး. . ဟား. . ဟား. . ဟား"

"အဟစ်. . ခစ်. . ခစ်. . ဗျစ်"

"အဟတ်. . အဟတ်. . . အဟင်. . "

"ခင်ဗျားတို့ ဘာကျုပ်ကိုလှောင်နေတာလဲ။ ဒါလှောင်စရာရယ်စရာလား။ ကျုပ်ကို ဘာကောင်မှတ်လို့လဲ။ ကျုပ်စာရေးဆရာ ဒါရိုက်တာ ပြဇာတ်မင်းသားဗျ"

ဒီလိုလည်း ကြားလိုက်ပါရော သချိုင်းကုန်းပြည့်ခမန်းရောက်ရှိနားထောင်နေကြသည့် ပုံပျက်ပန်းပျက် ဘာမှန်းမသိရသောသူများသည် ကျွန်ုပ်ရဲ့အပြောကို သဘောကျကာ ခွက်ထိုးခွက်လန်ရယ်ကြလေသည်။

"ဟား. . ဟား. . ဟား"

"အဟီး. . ဟီးဟီး"

"ခစ်. . . ခစ်. . ဂစ်. . ဂစ်"

"အဟတ်. . အဟတ်"

"ဂွမ်. . ဂွီ"

"ပြဇာတ်မင်းသားတဲ့၊ နှာခေါင်းက ကျောက်ငရုတ်ကျည်ပွေ့ပုံကြီးနဲ့ အဟတ်"

"ဒီမှာ ကိုချစ်ကိုကိုဗျိုင်း၊ ရှင် အခု ဘယ်ဘဝရောက်နေတယ်ဆိုတာ တကယ်မသိဘူးလားဟင်"

"No No, I Can not"

"ရှင်မသိရင် ပြောရတာပေါ့ရှင်။ ရှင်အခုရောက်နေတာ ပြိတ္တာတစ္ဆေဘုံဘဝပဲ"

"ဗျာ-ဘာ. . ဘာ ပြိတ္တာတစ္ဆေဘုံသားဘဝ ဟုတ်လား"

"Yes, all Ride"

"ဟင်. . . မယုံဘူး၊ ကျုပ်. . . ကျုပ် လုံးဝ မယုံဘူး။ ခင်ဗျား

www.burmeseclassic.com



တို့ ကျုပ်ကို ဝိုင်းညာလိုမ့်နေတာ။ ခင်ဗျားတို့ ဘာလဲ။ ဘယ်သူလဲ၊ ဒါဘာရွာလဲပြော။ ကျုပ်ပြန်မယ်။ အိမ်ကိုပြန်မယ်။ ကျုပ်ရည်းစား ရှိရာကို ပြန်မယ်"

"ဒါတစ္ဆေရွာပဲ။ ရှင်းရှင်းပြောရရင် နာနာဘာဝရွာ အဒူ လကြောင်သချိုင်းပဲ။ ရှင်ကိုယ်တိုင် တစ္ဆေ ဟုတ်မဟုတ်၊ နာနာ ဘာဝဟုတ်မဟုတ်သိရအောင် ကျွန်မ သက်သေပြမယ်။ ဟဲ့-ကြူကြူ သွင်"

"ရှင်၊ သခင်မကြီး"

"နာနာဘာဝကြေးမုံယူခဲ့စမ်း မြန်မြန်"

"ဟုတ်ကဲ့ပါ သခင်မကြီးရှင့်"

သည်တင် ကြူကြူသွင့် [မှတ်ချက် ကြူကြူသင်း မဟုတ်ပါ။ စာရေးဆရာမကြီး ဒေါ်ကြူကြူသင်းကား ယနေ့တိုင် သက်ရှိ ထင် ရှားဘဝနှင့် သန်လျင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှာ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူနေဆဲ ဖြစ်ပါသည်။

အစ်မကြီးခင်ဗျား အံပွား(တစ္ဆေ)တို့ မောင်မြင့်မား(ဗွက် ကလေး)တို့မှ ဒါအစ်မကြီးပါဟု ချွန်တွန်းခဲ့သော်၊ ကုန်းတိုက်ခဲ့သော် လုံးဝ မယုံပါနှင့်ခင်ဗျား။ အမှန်စင်စစ် အစ်မကြီးစာရေးဆရာမ ကြူကြူသင်းက ရုပ်ရှင်မင်းသမီး ပြည့်ထောင်စုမယ်ဒေါ်ခင်သန်းနု နှင့် လွန်စွာ တူပါသည် ခင်ဗျား အဟုတ် အဟုတ်။]

သည်တင် ကြူကြူသွင့်အမည်ရှိ အသားဖြူဖြူ ကိုယ်လုံး ကိုယ်ပေါက်က ရုပ်ရှင်မင်းသမီး နွဲ့နွဲ့မူနှင့်တူသည့် ပါဝါမျက်မှန် ကြီးနှင့် တစ္ဆေမတစ်ဦးသည် လူပေါင်ရိုး၊ ခြေသလုံးရိုးများနှင့် ပေါင်ကွပ်ထားသော မှန်မည်းမည်းကြီးတစ်ချပ်ကို ယူလာပြီး ကျွန့်ုပ်ရှေ့မှာ ရပ်နေ၏။

"ကိုဗျိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဘာလဲ"

"ရှင်ဘယ်ဘဝဘယ်လိုပုံစံကို ရောက်နေဖြစ်နေသလဲ သိချင်ရင် အဲဒီ နာနာဘာဝကြေးမုံထဲမှာ ပြန်ကြည့်လိုက်၊ ကြည့်လိုက်လေ"

ကျွန်ုပ်သည် မောင်သွေးရင့် အသက် (၉၀) ဆိုသည့် အုတ်ဂူကြီးပေါ်မှရပ်၍ အမိန့်ပေးနေသောမိန်းမရဲ့ အမိန့်အတိုင်း ငြင်းဆန်လို့မရဘဲ ရှေ့ရှိ နာနာဘာဝကြေးမုံကို မျက်နှာချင်းဆိုင် ကြည့်လိုက်သောအခါ -

"ဟာ . . . အမ. . လေး"

"တွေ့ပြီလား"

"ဒါ. . ဒါ . . ကျုပ်. . . ကျုပ်ဟုတ်လား"

"ဒါပေါ့. . ဒါပေါ့။ Yes all ride. it man is Mister Mg Bhine"

"နိုး"

"နိုး"

ကျွန်ုပ် လူ့ပေါင်ရိုး၊ ခြေသလုံးရိုးများနှင့် ပေါင်ကွပ်ထားသည့် နာနာဘာဝကြေးမုံမှန်သားမည်းပေါ်က ကျွန်ုပ်၏ပုံရိပ်ကို ကြည့်ပြီး အလန့်တကြား ကျူးအော်လိုက်သည်။

မှန်သားမည်းပေါ်က ကျွန်ုပ်ပုံရိပ်သည် အလွန်ကြောက်စရာကောင်းလှ၏။

ဆံပင်များသည် သားစိုးရဲ့ကော်နှင့် ပုံသွင်းထားသည့် ဆံပင်လိုထောင်နေ၏။

မျက်ခုံးကောင်းလှသည့်နေရာမှာ မျက်ခုံးမွေးများမရှိတော့ဘဲ အရည်ပြားလန်ကာ အကွက်ကြီးနှစ်ကွက်ဖြစ်နေ၏။

ရွှေသမင်မျက်လုံးလိုလှခဲ့သော ကျွန်ုပ်၏ မျက်လုံးအစုံသည် ထိုင်ဝမ်မာလကာသီးလုံးခန့် ပြူးပြီးထွက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝတုန်းက ခရေတို့ သပြေတို့ နီလာမြင့်တို့ အပျိုကြီး မသန်းသန်းအေးတို့ သဘောကျခဲ့သည့် ခမ်စင်းစင်း နှာခေါင်းကား အခု ကျောက်ရှေတ်ကျည်ပွေ့လို ဘုသီးထွက်နေ၏။

နည်းနည်းခေါ်ခဲ့ဖူးသော သွား (၃၂)ချောင်း။

(မှတ်ချက်။ ။ ဤသွားကို သုံးခွမြို့မှ အပျိုကြီး မသီတာမြင့်က ရုပ်ရှင်မင်းသား နတ်မင်း၏သွားနှင့် ဆင်ဆင်တူ၍ ကျွန်ုပ် ကွယ်လွန်ခဲ့သော် ၎င်းသွားများကို ရိုက်ချိုးသိမ်းထားခွင့်ပြုပါရန် ပြောဖူး၏။)

၎င်းသွား(၃၂)ချောင်းသည် ယခုအခါ အပြင်လန်နေသည့် သွားကလန်၍ အထဲကုပ်ကောက်ဝင်နေသည့် သွားများက ကုပ်ဝင်နေ၏။

မျက်နှာကား ဆန်ကောခန့်ကြီးနေ၏။

နားရွက်ကြီး ရှည်လျားလှနေပုံကား အသက် (၉၀)ကျော် ကုလားမကြီး၏ နားပေါက်ကျယ်ကြီးလို ဖြစ်နေ၏။ လက်ပေါ်မှာ အမွေးရှည်များပေါက်နေ၏။

"နိုး . . နိုး . . နိုး"

ကျွန်ုပ် ကျုံးအော်၍ နောက်ဆုတ်ပြီး ပြေးရန်ပြင်လိုက်သောအခါ တာတေငြိမ်း (ဦးအောင်ငြိမ်း)ဆိုသူ တစ္ဆေလူမည်းကြီးက ရိုးပြတ်ငုတ်တိုလိုထောင်နေသည့် ကျွန်ုပ်ဆံပင်ကို စုကိုင်ပြီး ကိုင်ဆောင့်လေ၏။

"အမလေး-နာလိုက်တာဗျာ"

"ကိုင်း . . ယုံပြီလား ကိုချစ်ကိုကိုဗျိုင်း"

ကျွန်ုပ် လုံးဝ မယုံနိုင်ပါ။ ဤတစ္ဆေနာနာဘာဝဆိုသူ အလွဲ ကြောင်သချိုင်းရွာသူရွာသားများသည် ပဉ္စလက်မျက်လှည့်အတတ် ပညာနှင့် ကျွန်ုပ်ကို လှည့်စားဖျားယောင်းနေသည်ဟုသာ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ယူဆနေဆဲ ဖြစ်ပါသည်။

"ကိုင်း-ဒီနေ့ကစပြီး ရှင် အဒူလကြောင်သချိုင်းမှာ ပုံစံ(၁၀) ဖြည့်ပြီးနေပေရော့။ ဒီသချိုင်းမှာ ကိုတာတေငြိမ်းက ရာအိမ်မှူးပဲ။ နေရာထိုင်ခင်းကိစ္စ သူပဲစီစဉ်ပေးလိမ့်မယ်။ ကိုင်း-ရှင်ဘာမေးစရာ ရှိလဲ မေးပါ"

"ဒါ ဒါ. . တကယ် တ. . တစ္ဆေရွာပဲ နော် နော်"

"သိပ်ဟုတ်တာပေါ့ရှင်။ တစ္ဆေရွာပဲခေါ်ခေါ်၊ ပြိတ္တာရွာပဲခေါ် ခေါ်၊ နာနာဘာဝရွာပဲခေါ်ခေါ် ကြိုက်သလိုခေါ်ပါ"

"ကျုပ်၊ ကျုပ် ဘယ်လိုလုပ်ပြီး ဒီရွာကို ရောက်လာတာလဲဟင်"

"အင်-ရှင် စိတ်ကူးသစ်စာပေ၊ မောင်တင်ထွန်းခေါ် နတ်လူ ဦးဆိုတဲ့ အော်ချက်ငနဲထုတ်ဝေသူအတွက် တစ္ဆေသရဲဝတ္ထုတစ်ပုဒ် ကို အုန်းပင်အောက်မှာ ထိုင်ရေးနေတုန်း အုန်းပင်ပေါ်က အုန်းသီး ခြောက်ပေါ် လင်းတတက်နားရင်း အုန်းသီးက ရှင့်ခေါင်းပေါ် ပြုတ်ကျ အသက်ထွက်သွား တာပဲ။ ဘယ်လိုပဲဖြစ်ဖြစ်လေ ရှင်ဒီမှာ ပျော်မှာပါ။ ဒီအဒူလကြောင်သချိုင်းမှာ တစ္ဆေမသရဲမတွေလည်း ပေါပေါ များများရှိပါတယ် ဟုတ်လား"

"ကျွန်တော် နောက်ဆုံးမေးခွန်းတစ်ခုမေးပါရစေခင်ဗျာ"

"မေးပါ၊ ဘာများပါလိမ့်"

"ခင်ဗျားက ဒီအဒူလကြောင်သချိုင်းမှာ ဘာရာထူးနဲ့ပါလဲ"

"ကျွန်မ ဒီအဒူလကြောင်သချိုင်းမှာ ရှင်တို့ လူ့ဘာဝစကားနဲ့ ပြောရရင် တာဝန်ခံပါ"

"ခင်ဗျားနာမည်သိခွင့်ရှိရင် သိပါရစေခင်ဗျာ"

"သိရပါတယ်၊ ကျွန်မနာမည် မဖဲချာပါ"

"ဗျာ-မဖဲချာ။ မ. . ဖဲ. . ချာ။ သချိုင်းစောင့် မဖဲချာ"

"Yes"



www.burmeseclassic.com

www.burmeseclassic.com



"မ. . ဖဲ. , ချာ၊ မ. . ဖဲ. . ချာ"

ကျွန်ုပ်သည် ဦးသွေးရင့်အုတ်ဂူပေါ်မှာ ထဘီရင်ရှားနှင့် ရပ်ပြီးစကားပြောသည့် သချိုင်းစောင့် မဖဲချာကိုကြည့်ပြီး နှုတ်မှ သူမရဲ့အမည်ကို အတန်ကြာ ရေရွတ်နေမိ၏။

"ကိုချစ်ကိုကိုဖျိုင်း၊ ဘာလို့ ကျွန်မရဲ့အမည်ကို ကရားရေလွှတ်တတွတ်တွတ်ရွတ်နေရတာလဲ။ ပြောပါဦး"

"Are you very Beautiful.ခင်ဗျား အရမ်းကို လှလွန်းလို့ပါ"

"ဖွီ"

"ဖွမ်"

"တစ္ဆေပါးဝလိုက်တာကွာ"

"ရောက်တာမှ နာရီပိုင်းရှိသေးတယ်။ ငါတို့ သခင်မကို ရိသဲ့သဲ့လုပ်တဲ့ကောင်၊ ဖြင်းကြဟေ့"

"တီး. . . တီး"

"ဟိုဒင်းပါဖြုတ်. . . . အဲအဲ နားရွက်နဲ့ နှာခေါင်းပါ ဖြုတ်ပစ်"

"မိဂျမ်းတော ပါးဝင်ရိုက်စမ်းပါအေ"

"ညည်းမရိုက်ရင် ငါရိုက်မယ် ဖယ်"

"ဒါ ငါ့ကိုစိမ်းကားတဲ့သဘော"

"ငါ့အသည်းကွဲပေါ့ ကိုကိုဖျိုင်းရဲ့ ဟီး"

"ချ. . . ချ"

"လူခေါင်းခွံနဲ့ကောက်ထုပါကွ"

"ဟေ့ အားလုံးရပ်ကြ။ တိတ်ကြစမ်း"

တစ္ဆေသရဲပြိတ္တာမြောက်မြားစွာတို့သည် ကျွန်ုပ်ကို အသားတုန်လှုပ်ရန် လူခေါင်းခွံများ၊ လက်ဖျံရိုး၊ ခြေသလုံးရိုးများကို ကောက်ကိုင်၍ ပြေးလာဝိုင်းကြစဉ် ဦးသွေးရင့်အုတ်ဂူပေါ်မှ သချိုင်းစောင့် မဖဲချာက အသံဟိန်းကြီးနှင့် အမိန့်ပေးလိုက်ရာ အားလုံး လက်နက်



www.burmeseclassic.com

www.burmeseclassic.com



များကိုင်လျက် ရပ်တန့်သွားကြ၏။

"သခင်မကြီးကို စော်ကားနေလို့ပါ တီးခွင့်ပြုပါခင်ဗျာ"

"မှတ်လောက်သားလောက်အောင်လုပ်ထားမှ တော်ကာကျမယ် သခင်မ"

"အစရှိအနှောင်နှောင်နော် သခင်မကြီး။ ဒီကောင်က လူ့ဘဝတုန်းကလည်း ထောင်မှူးကြီးသိန်းဝင်းဆိုသူ စာရေးဆရာနဲ့ပေါင်းပြီး နှုတ်ရောလက်ပါ သရမ်းဖူးလို့ အချုပ်ထဲရောက်ဖူးတယ်"

"နတ်လူဦးဆိုသူနဲ့ ပေါင်းပြီး ဟို. . ဟို ဗွီဒီယိုကား. . အဲ. . အဲ. . အနီကား၊ အဝါကားကို ကြည့်ဖူးထားတာဗျ"

"တိတ်. . ."

"ဒီမှာသူဟာ မဟုတ်မမှန်တဲ့စကားကို ပြောနေတာ မဟုတ်ဘူး။ ငါ တကယ်လှလို့ လှကြောင်း ဖြောင့်ဝန်ခံပြောနေတာ။ ပြောပလေ့စေ။ ဒီမှာ ကိုချစ်ကိုကိုဗျိုင်း"

"ခင်. . ခင်ဗျာ"

"ရှင် တကယ်တော်ပါပေတယ်ရှင် အဟင့်"

"ဗျာ"

"ဒီမှာရှင်၊ ရှင် ဒီအဒူလကြောင်သချိုင်းကို ရောက်လာတာနောက်ကျလို့ ကျွန်မ စိတ်မကောင်းဘူးသိလား‌နော်။အမှန်ကနော်ဒီထက်စောစော ဟောဦးသွေးရင့်ထက် စောရောက်ဖို့ကောင်းတယ်နော်။ ဦးသွေးရင့်လည်း စာရေးဆရာပဲ။ ဒါပေမယ့် နတ်သျှင်နှောင်ရဲ့ကဗျာတစ်ပုဒ်မှ အလွတ်မရဘူးနော်။ နက်ဖြန်ကျရင် ကျွန်မရဲ့အလှဘွဲ့ကို Hip Hot သီချင်းလေးနဲ့ရေးစပ်ပြီး နောက်အပတ် ခေနာဘာဝလပတ်အစည်းအဝေးမှာ သီဆိုဂုဏ်ပြုပေးပါ အစ်ကိုရယ်နော်လို့. . အဟင့်"

☺



www.burmeseclassic.com

www.burmeseclassic.com

(၄)

## အချစ်ရန်နှင့်ထုံမွမ်းသည့်မိလ္လာကန်

ပြောရလျှင် ထိုနေ့ထိုရက်မှစ၍ ကျွန်ုပ်ဘဝသည် တစ္ဆေတစ်ကောင်အဖြစ် အဒူလကြောင်သချိုင်းမှာ နေခဲ့ရလေ၏။

တစ္ဆေရွာကိုရောက်မှ အလွန်အံ့ဩစရာများကို နေ့စဉ် ကြုံတွေ့နေရ၏။ အရင် လူ့ဘဝတုန်းက ဘုရားဟော တရားပြောမှာ သံဃာဟောသည်များ ကြားနာဖတ်ဖူးခဲ့ရ၏။

တစ္ဆေသရဲခြောက်သည်ကို သုံးလေးကြိမ်ကြုံခဲ့ရ၏။

သေသူ၏ ဝိညာဉ်နှင့် ရှင်သူများကို နှိုင်းဆလျှင် သေသူများ၏ မကျွတ်မလွတ် ဝိညာဉ်များက လူ့ပြည်မှာ ပိုများသည်ဟူသော အပြောအဟောစကားကို ကျွန်ုပ် တစ္ဆေဘဝရောက်မှ အဟုတ်ဘတယ် ယုံကြည်ခဲ့ရတော့၏။

ကြည့်စမ်း။

အရှေ့အရပ်ကို ကြည့်ကြည့်၊ အနောက်အရပ်ကို ကြည့်ကြည့်၊ တောင်အရပ်၊ မြောက်အရပ်ကို ကြည့်ကြည့် ပရဝိညာဉ်လောကသားများဖွေးနေ၏။ ရုပ်ဆင်းသဏ္ဌာန်အမျိုးမျိုးနှင့် ပရဝိညာဉ်လောကသားများ လေထဲမှာ လွင့်မျောတိုးတိုက်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို လူများက တိုးတိုက်သွား၏။ လူတွေက ဒီအတွေ့အထိကို မသိသော်လည်း များပြားထူသိပ်လှသည့် ပရသားများ ထိခိုက်ခံစားနေရ၏။ အချို့ပရသားများ စက်ဘီးအတိုက်ခံရ၏၊ ကားကြိတ်ခံရ၏။ ခြေထောက်နှင့်အနင်းခံရ၏။ တံတွေးနှင့် အထွေးခံရ၏။ ကွမ်းတံတွေးများပေကျံနေ၏။

ကြာတော့ သူတို့ လူများကို ကြောက်လာကြ၏။ အချို့လူများသည် ဘုန်းကံကြီးမားကြ၏။ ထိုလူများ၏ ရွှတ်ဖတ်သရဇ္ဈာယ်မန်းမှုတ်သံကို ကြားရသောအခါ ခြောက်လှန့်နောက်ပြောင်ရန် ချဉ်းကပ်သွားကြစဉ် ပရဝိဉာဉ်သား တစ္ဆေ၊ သရဲများသည် ခွေးပြေးဝက်ပြေး ပြေးကြရ၏

တစ်နေ့ကပဲ တစ္ဆေကြီးအောင်ကျော်အုခံလိုက်ရ၏။

ကိုရင်ငယ်လေးကို နောက်ပြောင်ခြောက်လှန့်ရန် နောက်မှ တပ်လိုက်သွား၏။

တစ္ဆေကြီး အောင်ကျော်အုနှင့် သူ့အဖော်များဖြစ်ကြသည့် သိန်းနွယ်အုံ၊ အောင်စိုးကြီး အမည်ရှိ တစ္ဆေအရွတ်အပြောင်များသည် တစ္ဆေကြီးအောင်ကျော်အုကို မြှောက်ပေးကြ၏။

"ကိုရင်လေးခေါင်းကိုထုပါကွ အောင်ကျော်အုရ"

"နားရွက်ကို ဆွဲပြီးလိမ်ပစ်လိုက်ကွာ အဟီး"

"သူဘယ်လိုလန့်ပြေးလဲ ကြည့်ချင်လို့ပါကွ။ မြန်မြန်လုပ်ပါ"

ဒီအချိန်မှာပဲ ကိုရင်ကလေးက သူ့သင်္ကန်းကို လမ်းသွားရင်း ပြင်ရုံလိုက်ရာ သင်္ကန်းစများသည် နောက်မှ ကပ်ဝိုင်းလိုက်လာသည့် တစ္ဆေအောင်ကျော်အုံ၊ သိန်းနွယ်အုနှင့် သရဲအောင်စိုးကြီး တို့ကို ခတ်မိသွားရာ-

"အမလေးဗျာ"

"အမေ နီလာမြင့် ကယ်ပါဦးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ရွှေဝင်းကြည်ရဲ့ လုပ်ပါဦးဗျ"

"ဖြန်း"

"အုန်း"

"ဝုန်း"

"အား . . အား . . အား"

သက်န်းရဲ့ ဘုန်းတန်ခိုးအရှိန် မည်မျှ ပြင်းသည်မသိ။ တစ္ဆေသရဲသုံးကောင်လွင့်သွား၏။ လွင့်သွားပုံမှာ နာဂစ်မုန်တိုင်းရဲ့ အဖေ နာဂလစ်မုန်တိုင်းရဲ့ အရှိန်မျိုးနှင့် ကောင်းကင်မှာ လွင့်ပါသွားပြီး ဝိရှုကုဋ္ဌတောင်နှင့်ရိုက်မိကာ အရှိန်နှင့် မူလနေရာသို့ ပြန်လည်ကျလာခဲ့၏။

သုံးကောင်သား သွေးသံရဲရဲနှင့် လူးလွန့်နေ၏။ ဖုန်အလူးလူး အမှိုက်အပေပေနှင့် ညစ်ပေကျံပြီး အဖေကယ်ပါ၊ အမေ့ကယ်ပါနှင့် ခွေးလိုဝက်လို အော်နေ၏။

နောင်အခါ သူတို့သုံးဦးသည် သက်န်းဝတ်လာသည့် ကိုရင်လေးများကိုမြင်လျှင် ဝေးဝေးသို့ ပြေးလေ၏။

ဘုန်းကြီးရဟန်းများကို ဆိုကား အနားပင်မကပ်ရဲကြ။

ဟိုတစ်နေ့ကလည်း ထူးဆန်းအံ့ဖွယ်ဖြစ်စဉ်ကို ကျွန်ုပ် မြင်ခဲ့ရပြန်၏။ တစ္ဆေမကြီး မပုလုဖြစ်၏။ ၎င်းတစ္ဆေမကြီးသည် လူ့ဘဝက ငါးစိမ်းသည်ဖြစ်၏၊ အလေးခိုး၏၊ ရေထိုး၏၊ ငါးခေါင်းတို တုတ်ဖြင့်နှက်၏။ လူ့ဘဝတစ်လျှောက်လုံး ဥပုသ်နေ့ပါမရှောင် ငါးရောင်း ငါးထု အလေးခိုး အော့ကြောလန်ကြီးဖြစ်သည်တဲ့။

တစ်နေ့ ငါးကျည်းရိုးစူးပြီး မေးခိုင်ပိုးဝင်၍ သေ၏။ မသေခင် ၎င်းရောဂါကို ရေအောက်အဝီစိသုံးကြိမ်ပြန် ဝိန္ဓောဆရာကြီး ယောဂီကုဆရာကြီး ဦးပွေးဆင့်နှင့်ပြ၏။

ဦးပွေးဆင့်က ငါးစိမ်းသည် ဒေါ်ပုလုကို ဖျာလိပ်ထဲမှာထည့်



www.burmeseclassic.com

www.burmeseclassic.com



၍ ငရုတ်သီးရည်တိုက်ပြီး ဦးခံကာ အဆိပ်ကျမန္တန်ကို အကြိမ်တစ်သောင်း မန်းမှုတ်လေ၏။

ဦးဂါထာ (၁၇၆)ကြိမ်မြောက်မှာ ဒေါ်ပုလုဖျာလိပ်ထဲတောင့်၍ သေလေ၏။ အမှန်ကား ငါးကျည်းရိုးဆူးပြီး အညှော်မိကာ မေးခိုင်ပိုးဝင်၍သေခြင်း ဖြစ်လေ၏။

ဆရာကြီး ဦးပွေးဆင့်က ဒေါ်ပုလု အသေထွက် ထွက်သွားပြီဟု ပြောလေသောအခါ ငါးစိမ်းတန်းမှ ငါးစိမ်းသည်များ အပါအဝင် ဒေါ်ပုလုယောကျ်ား ကိုအံ့ကျားပါ ဝမ်းမြောက်ဝမ်းသာ ထခုန်လေ၏။

ဒေါ်ပုလုရက်လည်ပြီး နှစ်ရက်မြောက်မှာ ဒေါ်ပုလုယောကျ်ား ကိုအံ့ကျားသည် သွားလေသူကို ဝမ်းနည်းသတိရ၍ဆိုကာ နောက်မိန်းမယူလေ၏။

နောက်မိန်းမ၏အမည်ကား ဒေါ်ကြီးတုန် ဟူသတည်း။

သူသည် ကြီးလည်းကြီး၏။ တုန်လည်းတုန်၏။ မင်္ဂလာဆောင်သည့်နေ့က ရေအောက်အဝီစိသုံးကြိမ်ပြန် ပယောဂဗိန္ဒော ဆရာကြီး ဦးပွေးဆင့်ကို ကျေးဇူးကြီးမားလွန်း၍ဆိုပြီး ဆရာကြီး မတော်တဆ သေခဲ့သော် နောင်ရေးစိတ်အေးရအောင် စပါယ်ရှယ်သင်္ချိုင်းမြေတစ်နေရာစာကို အုတ်ဂူရယ်ဒီလုပ်၍ ပေးအပ် လှူဒါန်းခဲ့၏။

ဆရာကြီးဦးပွေးဆင့်ကား ၎င်းအလှူကို ကတုန်ကယင်နှင့် လက်ခံခဲ့ပြီး တပည့်သားကောင်း မောင်အံ့ကျားကို ဂေါ်ဇီလာ ခြောက်သိန်းအားတိုးဆေးချိုးမြှင့်ပြီး မင်္ဂလာဆောင်အိမ်မှ ခေါင်းငုံ့ ခေါင်းပူထ၍ ပြန်သွားခဲ့၏။

မင်္ဂလာဆောင်ပြီးညမှာ ဦးအံ့ကျား အိမ်ပေါက်ဆင့်ကျိုး ကျပြီး ဒေါ်ကြီးတုန် ခါးတစ်ခြမ်းစောင်းသွားရုံကား ညတွင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတင်လိုက်ရ၏။

ဒေါ်ကြီးတုန် ဆေးရုံခုတင်ပေါ်မှာ သတိပြန်ရသော် ညားခါစ သူမရဲ့ လင်ယောက်ျားကိုလည်းကောင်း၊ ဂေါ်ဇီလာခြောက်သိန်းအားတိုးဆေးချိုးမြှင့်သည့် ဆရာကြီး ဦးပွေးဆင့်ကို လည်းကောင်း ကလော်တုတ်တော့၏။ နံဘေးလူနာခုတင်ပေါ်မှ လူအများနားမခံသာ၍ ဆရာဝန်ကြီးများ တိုင်ကြရ၏။

နောက်ဆုံး ဒေါ်ကြီးတုန်ရဲ့ ပါးစပ်ကို ပလတ်စတာကပ်ပေးလိုက်မှ ကလော်တုတ်ပွဲကြီး ငြိမ်သက်သွားခဲ့လေ၏။

ရှိစေတော့။

အမိတ ပြောချင်သည်ကား ဦးအံကျားရဲ့ မူလ ပထမမိန်းမ မေးခိုင်ပိုးဝင်ညှော်မိ၍သေသွားသော ငါးစိမ်းသည် ဒေါ်ပုလု အကြောင်း ဖြစ်ပေ၏။

အကုသိုလ်ဒုစရိုက်တရား ကြီးမားလွန်း၍ သေပြီး သုံးစက္ကန့် အကြာမှာ တစ္ဆေဖြစ်လေ၏။

မဖဲချာပြန်ပြောချက်အရ ရေးရလျှင် ဒေါ်ပုလုမှာ အကြောင်းကြောင်းကြောင့် တစ္ဆေဘဝမှ လွတ်မြောက်လျှင် ငရဲပြည်သို့ သွားရဦးမည်ဟု ဆို၏။

“လေ့လာရေးလား မဖဲချာ”

“မဟုတ်ဘူး ကိုဗျိုင်း။ အကုသိုလ်အကျိုးပေးအတွက် ငရဲ စံရမှာ”

“ဩော်-သနားစရာကြီးနော်”

“ဒီမိန်းမကြီးက သနားဖို့မကောင်းဘူးကိုဗျိုင်းရဲ့။ ဖြစ်နိုင်ရင် သင်းကို ငရဲပြည်ချက်ချင်းပို့ပစ်ချင်တာ”

“ဘာဖြစ်လို့လဲဟင်”

“ခြေရောလက်ပါ သိပ်ဆော့တာဥစ္စာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဆော့လို့တုံး"

"တစ္ဆေသရဲဘဝရောက်တာတောင် ဟိုဟာလိုက်ခိုး ဒီဟာလိုက်ခိုး လုပ်နေတုန်းပဲ။ မိသွားရင် ဗြောင်ငြင်းရော။ သူ တစ္ဆေနာနာဘာဝရုံးမှာ ခံဝန်လုပ်ရတာ (၃)ကြိမ်ရှိသွားပြီ"

"နောက်တစ်ကြိမ်ဆို ဘယ်ကိုပို့မလဲဗျ"

"နောက်တစ်ကြိမ်ဆိုရင် ယမမင်းကြီးကို မေတ္တာရပ်ခံပြီး ငရဲပြည်ကို မြန်မြန်ခေါ်ဖို့ ပြောရမှာပဲ"

ဟုတ်ပေ၏။

တစ်နေ့သောအခါ သရဲမကြီး ဒေါ်ပုလုသည် ဇရပ်တစ်ခုပေါ်သို့ ရောက်သွား၏။

ဇရပ်ပေါ်မှာ စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းသည် ဘိုင်ကျပြီး တိုင်ကိုမှီကာ နယ်ဆေးသြသခ မမှီဝဲရ၍ ပုတီးစိပ်နေ၏။

ဒီမှာ သရဲဒေါ်ပုမဇရပ်သို့ ရောက်သွားပြီး ပုတီးစိပ်နေသည့် စာရေးဆရာထောင်မှူးကြီးသိန်းဝင်းကို အကဲခတ်နေ၏။

ခမျာကြီးတား လက်များတုန်နေ၏။ မျက်နှာကလည်း လေးထောင့်ကြီးဖြစ်၏။ အရပ်လည်းရှည်၏။

သူသည် ကလေးဘဝ မူလတန်းကျောင်းသားအရွယ်ကတည်းက လွယ်ခဲ့သည့် သားရေလွယ်အိတ်ကလေးကို ဇရပ်ကြမ်းပြင်ပေါ်ချ၍ ဗိုက်ဆာဆာနှင့် ပုတီးစိပ်နေ၏။

မစိပ်ခင်ဆုတောင်း၏။

ပုတီးစိပ်ခြင်းအကျိုးကြောင့် ဒီကနေ့ မနက်စာကျွေးသည့် မွေးမည့်သူတော်ကောင်းများ ရောက်ပါစေဟု ဆုတောင်း၏။

သူရည်မှန်းဆုတောင်းသူများတွင် သူ့ထုတ်ဝေသူ ကိုတင်ထွန်းလည်းပါ၏။ သူနှင့် သောက်ဖက် ဒေါ်ပုံသာ ပန်းချီမြတ်မင်း



www.burmeseclassic.com

www.burmeseclassic.com



ဟန်လည်းပါ၏။

ကိုတင်ထွန်းက ပိုက်ဆံရှိ၏။ မြတ်မင်းဟန်ကား အားနာလိုက်တာ တော်ပါပြီ၊ အမေဆူလိမ့်မယ်၊ အိမ်က မိန်းမဏာ မကြိုက်ဘူး စသည့် စကားများနှင့် ငြင်းပယ်လေ့ရှိပြီး နောက်ဆုံး ခါးဝတ်ပုဆိုးပါရောင်း၍သောက်သည့် ပုဂ္ဂိုလ်ဖြစ်၏။ အိမ်ရောက်၍ ပုဆိုးကောဟု မေးလျှင် ထောင်မှူးကြီးသိန်းဝင်းမှာ ဝတ်စရာမရှိ၍ သနားလို့ ပေးခဲ့လိုက်သည်ဟု ပြောင်ညာလေ့ရှိ၏။

ဆရာကြီးသိန်းဝင်းသည် သို့ကလို မေတ္တာပို့ ဆုတောင်းပြီး ပုတီးကို စိပ်လေ၏။ ပထမဆယ်မိနစ်အတွင်း တစ်လုံးချင်းမှန်မှန် စိပ်နေလေ၏။

သမာဓိလေးရလာသောအခါ
တစ်လုံးကျော်စိပ်လေ၏။
ထို့ထက် ပါရမီဓာတ်ခံအားကောင်းလာသောအခါ
နှစ်လုံးကျော်စိပ်လေ၏။
စိမ်ရင်း အိပ်ငိုက်လာကာ တဝါးဝါးသမ်း၏။
အကြိမ်နှစ်ဆယ်ခန့် သမ်းပြီးသောအခါ
သုံးလုံးကျော်၊ လေးလုံးကျော်စိပ်လေ၏။

သို့နှင့် ပုတီးတစ်ပတ်ပြည့်သောအခါ ဥဂ္ဂဟနိမိတ်များ ထင်မြင်လာခဲ့၏။

ပထမ ဝီစကီပုလင်းပေါ်လာ၏။

ဒုတိယ ရေခဲတုံးနှင့် အမြည်းပန်းကန်များပေါ်လာ၏။ ထိုသို့သော ဥဂ္ဂဟနိမိတ်များ ချက်ချင်းပေါ်လာသောအခါ ကျလာသည့်ပါးမှ သွားရည်များကို လျှာနှင့်သိမ်းပြီး ဒါဒုက္ခပါကလားဟု တွေးမြင်၏။ နောက်ဆုံး အနတ္တ မမြဲသောတရားပါလားဟု ဆုံးဖြတ်ကာ နောက်တစ်ပတ် စိပ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အိပ်ငိုက်ပြီး နှစ်လုံးကျော်၊ သုံးလုံးကျော်၊ ငါးလုံးကျော်စိပ်ရင်း ပဋိဘာဂနိမိတ်အသွင်ပြောင်း၍မြင်ကာ ပုတီးကြိုးကိုင်ပြီး ဇရပ်တိုင်ကို မှီလို့ ပါးစပ်ဖွင့်ရင်းအိပ်ပျော်သွားလေ၏။

အိပ်မက်ထဲမှာ အသူရကာယ်တိုင်းပြည်သို့ ရောက်နေ၏။

ရေသူမလိုလို၊ ဆိုဖီယာလော့ရင့်လိုလို၊ ကိုရီးယားမင်းသမီးလိုလို လူသူ့ယောင်မယ်များနှင့်တွေ့ပြီး လင်မယားလုပ်တမ်းကစားသည့် အိပ်မက်ကို တရှိုက်မက်မက် မက်ပြီးသကာလ ယောင်၍ပြုံးနေစဉ်-

သရဲတစ္ဆေမကြီး ဒေါ်ပုလု ရောက်လာလေ၏။

ဦးစွာ သရဲမကြီး ဒေါ်ပုလုသည် အိပ်ပျော်ရင်း ယောင်ပြုံးပြုံးနေသည့် လူကြီး (ဦးသိန်းဝင်း)ကိုမြင်သော် အလွန်ဝမ်းသာသွား၏။

ဘဝဟောင်းက သူမရဲ့ယောကျ်ား ကိုအံကျားမှတ်၍ ရင်များဖိုသွား၏။ အနီးကပ်သေသေချာချာကြည့်လိုက်မှ လူ့ဘဝတုန်းက အူကြောင်ကျားစာရေးဆရာ မောင်ညိုမှိုင်းနှင့် (၃၈)လမ်း ဘီယာစတေရှင်ဆိုင်ဝမှာ မြင်ဖူးသူဖြစ်နေမှန်း အမှတ်ရကာ အနားသွားလေ၏။

သို့သော်-

သရဲတစ္ဆေမကြီး ဒေါ်ပုလုကား ဗီဇစိတ်ကို မပျောက်နိုင်။ သူမ ခိုးချင်ဝှက်ချင်၏။

သို့နှင့် ထောင်မှူးကြီးသိန်းဝင်း၏ နံဘေးမှ သားရေလွယ်အိတ်ဖောင်းဖောင်းကြီးကို လှမ်းယူလိုက်၏။

အိတ်ကြီးဖောင်းနေပုံမှထောက်လျှင် ပိုက်ဆံ အများကြီးပါမှာပဲဟု ယုံကြည်၏။ ရင်းပိုက်ဆံများနှင့် လူယောင်ဆောင်၍ မနိုဖြူဒေါ်စောကြည်ထမင်းဆိုင်မှာ တဝ ဝင်ကြိတ်လိုက်မည်ဟု စဉ်း

www.burmeseclassic.com



စား၏။

ငင်းနောက် သားရေအိတ်ကို အသာဆွဲယူ၍ ဖွင့်ကြည့်လိုက်သောအခါ ပိုက်ဆံတစ်ပြားမှမပါ။ ရန်ကုန်တိုင်းဂျာနယ်နှင့် မြန်မာ့အလင်းသတင်းစာအဟောင်းနှစ်ခုကို ခေါက်ထည့်ထားမှန်း သိလိုက်ရ၏။ နောက်ထပ် လှန်လှောကြည့်လိုက်သောအခါ အိမ်သာသုံး စက္ကူတစ်ထပ်ကြီးကို တွေ့ရ၏။

"သူဌေးသားမှတ်တာ၊ ဘော့စ်လို့မှတ်နေတာ လက်စသတ်တော့ ဖွတ်ကျားအကြီးစားပဲ။ မရှိဘူးဆို ကိုးထောင်ကျော်မှာပဲ အထင်ကြီးမိတာ မှားလေခြင်း. . . ဟင်း. ."

သရဲမဒေါ်ပုလု နောင်တကြီးစွာနှင့် သက်ပြင်းကိုချ၏။ သို့သော် အဒူလကြောင်သချိုင်းကို လက်ချည်းဗလာနှင့် မပြန်ချင်။ သူ့အစွမ်းအစလေးကို သချိုင်းရှိမိတ်ဆွေများအား ပြချင်သေးချင်သည်။

အမှတ်တရ ဘာပစ္စည်းများယူလျှင် ကောင်းမည်လဲ စဉ်းစား၏။ ဒီမှာ လူကြီးမင်းလက်ထဲမှ စိပ်ပုတီးကို သွားမြင်လေ၏။

ဒါကလေးယူသွားလျှင် ကောင်းမည်။

သို့နှင့် လူကြီးမင်းအိပ်ပျော်၊ ယောင်ပြုး တခစ်ခစ်ရယ်နေသူကြီးလက်ထဲမှ စိပ်ပုတီးကို အသာအယာ သူမနိုးအောင် လှမ်းကိုင်ဆွဲလိုက်သောအခါ-

"ဒိုင်း. . . ဂျိမ်း"

"အား. . . မလေးတော့"

"ဝှိ. . ."

"ရှီ. . ရှီ. . . ရှီး"

ပုတီးကို လက်နှင့်ထိရုံလေးရှိသေးသည်၊ မိုးကြိုးပစ်သံလို အသံမျိုး လက်ဆီမှပေါ်လာပြီး ရင်ဘတ်ကိုမှန်ကာ လေဟာပြင်



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ လွင့်ပါသွား၏။

သရဲမကြီး လေဟာပြင်ထဲမှာ ဖုံးပုံ့လို အရှိန်မျိုးနှင့် ပျံသန်းနေ၏။ သူမအလန့်တကြားအော်နေ၏။ သရဲတစ်ကိုယ်လုံး လောင်မီးကျသလို ပူနေ၏။ အသားအရေများကျွမ်းသွားပြီလားမှတ်နေရ၏။

ခန္ဓာကိုယ်မှာ မီးခိုးငွေ့များ အရှိန်ပြင်းစွာ ပေါ်လာနေ၏။ သူမရဲ့ ကျယ်လောင်စူးရှ ကြောက်လန့်တကြား အော်သံကြောင့် အောက်မြေပြင်ရပ်ဝန်း အပေါ်အောက်ရှိ နာနာဘာဝ ပရဝိညာဉ်သားအမျိုးစုံတို့သည် မေးကြည့်ပြီး ဝိုင်းအော်ကြလေ၏။

"ဟာ. . . ဟာ ကောင်းကင်မှာ သရဲမကြီး ဒေါ်ပုလုပါကလား"

"ဟာ-ဘယ်လိုဖြစ်လို့တုံးဟ"

"ချာန်ရသွားသလားမသိဘူးနော်"

"တစ်ကိုယ်လုံးမီးတွေဟပ်နေတယ်တဲ့"

"ဘယ်လိုလုပ်ကြမလဲ"

"နီးရာ မီးသတ်စခန်းကို ဖုန်းဆက်ကြပါဟဲ့"

"ဟာဗျာ၊ သရဲနဲ့ မီးသတ်စခန်းနဲ့ ဘာဆိုင်လို့လဲဗျာ"

"ဒါဆို ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနကို"

"တော်ဗျာ၊ ကိုကြည်မင်းနိုင်၊ ခင်ဗျားပါးစပ်ကို ပိတ်ထား"

"ဒါ အမှားတစ်ခုခုကျူးလွန်မိလို့ ဒဏ်မိတာနေမှာ"

"ထဘီကောပါရဲ့လားဟဲ့"

"သေသေချာချာကြည့်ပါလားဗျ"

"ထဘီနဲ့မဟုတ်ဘူးဟ၊ သရဲစကတ်နဲ့ဗျ"

"ဟော. . . ဟောလွင့်သွားပြီ။ ဟာ-ဘယ်ရောက်သွားပါလိမ့်"

သရဲမဒေါ်ပုလု လေထဲမှာ မီးတောက်များနှင့် လွင့်မျောပါ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးနောက် မစင်အိုင်ကြီးထဲသို့ ထိုးကျသွားလေ၏။

"ဗွမ်း"

"အား. . မလေး. . . နံလိုက်တာတော့"

"အူး. . . ဖူး. . . အူး. . . အား. ."

အရှိန်နှင့်စိုက်၍ကျလာရကား ဦးစွာ မစင်ကန်အိုင်ကြီးထဲသို့ ထိုးကျသွားလေ၏။

ၐင်းနောက် အမြှုပ်များထပြီး ပြန်ပေါ်လာလေ၏။

စည်ပင်သာယာမှ မိလ္လာလုပ်သားများသည် စောစောက ငြိမ်သက်နေသည့် မိလ္လာအိုင်ကြီး ရုတ်ခြည်း လှုပ်လှုပ်ရွရွထလာသောအခါ လျှင်လျှင်မြန်မြန်မှတ်၍ ပြေးကြလေ၏။

ဒီမှာပဲ မိလ္လာအိုင်စောင့်ပုဂ္ဂိုလ်က မေးလေ၏။ မိလ္လာအိုင်စောင့်ပုဂ္ဂိုလ်ကား စည်ပင်သာယာခန့် ဝန်ထမ်းမဟုတ်။ သူမတို့လိုပရဝိဉာဉ်သားပဲဖြစ်၏။ သို့သော် ကိုယ်ရောင်ကိုယ်ဝါ တောက်ပ၏။

မိလ္လာအိုင်စောင့်ပုဂ္ဂိုလ်သည် တစ်ကိုယ်လုံး ပွေး၊ ဝဲများ ဂျပ်ပိတ်နှင့်ဖြစ်၏။ လူက ခေါင်းတုံးကြီးနှင့် ခါးမှာ လန်ကွတ်တီပတ်ထား၏။ ခေါင်းပေါ်မှာ ဦးထုပ်ချွန်လေးပါ၏။ အသက်ကား ထန်းပင်ကုန်း (၁)လမ်းမှ ဦးလွမ်းဇော်နှင့် တူ၏။ ရုပ်ချင်းလည်းဆင်၏။ ညီအစ်ကိုများလား၊ အမြွာပူးလားမသိ။ ဗိုက်ရွဲရွဲနှင့် ချက်ကြီးက စူထွက်နေသည်မှာ အုန်းသီးလုံးခန့်ရှိ၏။

"ဟဲ့-မိလ္လာအိုင်ထဲကဘယ်သူလဲ"

မိလ္လာအိုင်စောင့်ပရပုဂ္ဂိုလ်က အော်၍မေး၏။

"ကျွန်. . . ကျွန်မပါ"

"ဘယ်ကကျွန်မလဲ ပြောစမ်း"

"ကိုညိုဗျိုင်းမိန်းမ အဲလေ ယောင်လို့ ကျွန်မပါ"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကို မေးနေတာ။ နင့်ကို မြင်ဖူးသလိုပဲ၊ မနီလာမြင့်နဲ့ ဘာတော်သလဲ"

"ညီအစ်မ သုံးဝမ်းကွဲပါရှင်။ မပုလုလို့ ခေါ်ပါတယ် ဘိုင်ကြီးရှင့်"

မိလ္လာစောင့်ပရဝိညာဉ်သားက သူ့ကို ဘိုင်(အစ်ကို)ဟု ခေါ်၍ ရင်နှလုံးသိမ့်သိမ့်တုန်သွား၏။

"ထင်သားပဲ၊ အသားမည်းပြီး နှုတ်ခမ်းကထော်နေတာပဲ။ နေစမ်းပါဦး၊ နင်က ငါ့ခွင့်ပြုချက်မရဘဲ ဘာလို့ ဒီမိလ္လာဆီဦးထောပတ်များကို လာခိုးစားရတာလဲ"

"ခိုးစားတာ မဟုတ်ပါဘူး အစ်ကိုရယ်။ အခန့်မသင့်လို့ ပြုတ်ကျလာခဲ့ရတာပါ"

"အလို-အခန့်မသင့်လို့တဲ့။ ငါ့ကို နင်ကညာတာပေါ့လေ။ ဒါ သာမည်ညောင်ည မိလ္လာကန်မဟုတ်ဘူးဟ။ ရန်ကုန်တစ်မြို့လုံးက ဆီဦးထောပတ်စားတဲ့ ရှယ်ရပ်ကွက်နဲ့ မြို့နယ်များက ဆီဦးထောပတ်မိလ္လာကန်။ နင့်ကိုပုဒ်မ (၃၀၂)နဲ့ အရေးယူမယ်"

"အလို မောင်ကြီးရဲ့၊ ပုဒ်မ (၃၀၂)က ဟိုဟို. . . လူသတ်မှုပုဒ်မပါရှင်။ ကျွန်မ အဲဒီလိုမျိုးမဟုတ်ပါဘူး"

"အေး- ဟုတ်သားပဲ၊ လောကြီးသွားလို့ဟ။နင့်ကို ပုဒ် ၆(၁) နဲ့ အရေးယူရမယ်။ အပေါ်တက်ခဲ့စမ်း"

ဒါနဲ့ သရဲတစ္ဆေမကြီး ဒေါ်ပုလုခမျာ မိလ္လာမစင်ပင်လယ်မှာ လက်ပစ်ကူးပြီး ချေးရည်စက်လက်နှင့် မိလ္လာစောင့်ပရသားရှေ့မှာ တုန်တုန်ယင်ယင် ရပ်နေလိုက်ရတယ်။

"နံလိုက်တာ အဲလေ ယောင်လို့ မွှေးလိုက်တာ။ ဒေါ်ဒီက လုံးရေမွှေးကန်ထဲက ထက်လာတဲ့အတိုင်းပဲ။ နင့်ကို အရေးယူရမယ် ဟတ်"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ အစ်ကိုကြီးရယ်"

"လုပ်လည်းမလုပ်ရဲပါဘူးဗျာ။ ရှိစရာကြီးဥစ္စာ။ နှင် ငါ့ကို အမှန်အတိုင်းပြောနော်။ ညာရင် ပုဒ်မထပ်တိုးလိုက်မယ်"

သည်တွင် တစ္ဆေသရဲမကြီးဒေါ်ပုလုသည် ချေးစက်လက်နှင့် မျက်ရည်များကျကာ နတ်သံနှော၍ ပြောလေ၏။

"အမ်မယ်မင်းရယ်တဲ့မှ. . . နပြောရတော့မယ်"

"တောက်. . . အော်လိုက်တာ လန့်သွားတာလဲ။ နှင် ငိုချင်း မချနဲ့။ ရှိုးရှိုးတမ်းတမ်းပြော"

သို့နှင့် သရဲမကြီးဒေါ်ပုလုက လူတစ်ယောက် ဇရပ်မှာ ပုတီး ကြီးကိုင်၍ အိပ်ပျော်နေစဉ် ၎င်းပုတီးကို လိုချင်လွန်းလှ၍ ခိုးကိုင် ရာမှ မိုးကြိုးပစ်သလိုအသံကြီး ကြားလိုက်ရပြီး အခုလို အစ်ကိုကြီး စောင့်ရှောက်နေသည့် မစင်မိလ္လာအိုင်အတွင်းသို့ ကျရောက်ခဲ့ပါ ကြောင်းကို ရင်ဘတ်ထု၍ လည်းကောင်း၊ နှပ်ချေးညှစ်၍ လည်း ကောင်း၊ မျက်ရည်သုတ်၍ လည်းကောင်း၊ မစင်များ ခါ၍ လည်းကောင်း ငိုပြောပြောပြလိုက်ရာ-

"အင်း . . . အမိုက်မ အမိုက်မ မိပုလု၊ နှင်ပြာမကျသွားတာ ကံကောင်းပဲ။ နှင်က စိပ်ပုတီးကို ဘာများ အောက်မေ့လို့လဲ။ အခု ငါမိလ္လာအိုင်စောင့်နတ်မျက်စိနဲ့ ကြည့်လိုက်တာ နှင်သွားလုပ်ခဲ့တဲ့ လူဟာ သာမန်လူပုဂ္ဂိုလ်မဟုတ်ဘူး။ အဲဒါ သူတော်ကောင်းကြီး၊ ပါရမီရှင်ကြီး၊ သူ့ပုတီးဟာ သာမန်ပုတီးမဟုတ်ဘူး။ သိမ်ဝင်ပုတီး ဖြစ်လိမ့်မယ်။ အဲဒီလို သိမ်ဝင်ပုတီးကို သိန်းဝင်းဆိုတဲ့ သူတော် ကောင်းကြီးက အဓိဋ္ဌာန်နဲ့ စိပ်နေတာ။ ဒါ ဓာတ်ထပ်နံထပ်ကျနေ တာပေါ့။ ဒါကြောင့် နှင့်ကို ပုတီးစောင့်များက ဒဏ်ခတ်လိုက်တာ အမိုက်မ၊ သရဲတစ္ဆေမ၊ ငရဲအိုးဇောက်ထိုးကျမယ့်ကောင်မ၊ နောင်ကို ပုတီးတို့ တောင်ဝှေးတို့ လက်ဖွဲ့တို့ တွေ့ရင် မခိုးနဲ့ မယူနဲ့ကြားလား"

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အစ်ကို"

"အစ်ကို. . ."

"ဘာတုံး. . ."

"ညီမလေ. . ချမ်. . . ချမ်းနေပါပြီ အစ်ကိုရယ်"

"အရမ်းချမ်းနေလား"

"သူများ အရမ်းချမ်းနေတာပေါ့နော်လို့။ အဲဒါနော် အစ်ကို နော်၊ ညီမကိုလေ- နော်. . နော်"

"ဒီမှာ မီးလှုံစရာမီးဖိုမရှိဘူးဟ"

"ဒုက္ခပါပဲနော်။ ညီမနော် အသားတွေတုန်နေပါပြီ အစ်ကို ရယ်။ အစ်ကိုကလွဲပြီး ညီမ အားကိုးစရာမရှိပါဘူး အစ်ကို"

"ဒါဆိုလည်း ကိုသိန်းဝင်းဆီ ပြန်သွားပါလားဟာ"

"ဘုရား. . ဘုရား. . မ. . မလုပ်ပါနဲ့ အစ်ကို။ အဲဒီလူကြီးရဲ့ ခြေသလုံးရိုး၊ လက်ဆံရိုးကိုကြည့်ပြီး ကြောက်လွန်းလို့ပါ အစ်ကိုရယ်။ ညီမဘဝက အစ်ကိုပြုသမျှနုရမယ့်ဘဝပါ။ တစ်ကောင်ကြွက် အဲ . . . အဲ သရဲမပါ အစ်ကို။ အစ်ကိုမှတစ်ပါး အားကိုးစရာမရှိပါဘူး အစ်ကိုရယ် အဟင့်. . ဟင့် ဝွင့်"

"ဟင်-ဒုက္ခပါပဲ၊ ငါကလည်း လူပျိုကြီးဟ"

"အို-ပိုကောင်းတာပေါ့လို့ အဟင့်"

"မီးဖိုမရှိတော့ နင့်ကိုဖက်ထားမှရမှာပဲဟ"

"နွေးရင် တော်ပါပြီ အစ်ကိုရယ် ဟင်း. . ဟင်း. . ဟင်း"

"ခက်တာပဲ၊ နင် ငါ့ကိုတော့ ဟိုဒင်း ဟိုအတှာ ဟို. . . မ တော်တရော်မလုပ်နဲ့နော် ပုလု"

"အို. . . အစ်ကိုကလည်း၊နားရှက်လိုက်တာနော် အဟင့်"

"ကိုင်း-လာလာ၊ ဟိုဂူထဲသွားကြစို့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သရဲမဒေါ်ပုလုလက်ကိုဆွဲ၍ မိလ္လာကန်စောင့် ပရသားက မှောင်နေသောဂူထဲသို့ ခေါ်သွားလေ၏။

သရဲတစ္ဆေတို့ ထုံးစံအတိုင်း အဝတ်အစားအပိုလည်းမရှိ၊ မီးလင်းဖိုလည်းမရှိ၊ ခါတ်ငွေ့လည်းမရှိသည့်အဆုံး. . .

ဒုက္ခသည် ချေးပေ ဒေါ်ပုလုကို မိလ္လာအိုင်စောင့်၏ ပထမ ကျောချင်းကပ်၍ ကိုယ်ငွေ့နှင့် ,အပူပေးရ၏။

(၁၅)မိနစ်ခန့်ကြာသော် ရင်ချင်းအပ်၍ ကိုယ်ငွေ့ပေးရ၏။

ဒီမှာ သရဲမ ဒေါ်ပုလု မိလ္လာအိုင်စောင့် ပရပွေးထူ၏ ညီစို့စို့ ရင်ခွင်မှာမှိန်း၍ မိန်းမောပြီး မကြာခင် မိလ္လာအိုင်စောင့် သရဲပရ သားရဲ့ရင်ခွင်မှာ အိပ်ပျော်သွားခဲ့လေ၏။

နောက်နှစ်ရက်ကြာသောအခါ-

အဒူလကျောင်းသချိုင်း၏ မျက်နှာစာ ကျောက်သင်ပုန်း၌ အဖြူရောင်စာလုံးနှင့် ကြော်ငြာတစ်ခုကို တစ္ဆေသရဲ ပြိတ္တာ၊ ကျတ် များ ဖတ်ရှုလိုက်ရလေသည်။

အထူးသတင်း

ရန်ကုန်မြို့ မဟာမလိုင်မိလ္လာအိုင် လုံခြုံရေးတာဝန်ခံ တိုပွေးကြောင်နှင့် အဒူလကျောင်းသချိုင်းမှ သရဲမ မပုလုတို့သည် ဝါဆိုလဆုတ် (၄)ရက်နေ့က နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပြီ ဖြစ်ပါ၍ ဝါဆိုလဆုတ် (၁၄)ရက်နေ့ အဒူလကျောင်း သချိုင်းဇရပ် မှာ ကျင်းပပြုလုပ်မည့် မင်္ဂလာညစာစားပွဲသို့ သရဲတစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ ကျတ် အသူရကာယ်သားများ အားလုံး ကြွရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ပုံ မဖဲချော
အဒူလကျောင်း သချိုင်းစောင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း… ကျွန်ုပ်ကြုံရကြားရသည့် ပရလောက အရှုပ်တော်ပုံများကား ပြောလျှင် အာရေဗျ တစ်ထောင့်တစ်ညပုံပြင်လို အရှည်ကြီးရယ်။

☺



www.burmeseclassic.com

www.burmeseclassic.com

# (၅)

## တပည့်အရင်း ရှာစားကျော်များနှင့် ပွဲကြိုက်မောင်

ကျွန်ုပ်၏ဦးခေါင်းပေါ် သို့ အုန်းသီးခြောက်ပြုတ်ကျ၍ သေခဲ့ပြီဟု သချိုင်းစောင့်မဖဲချာက ပြန်ပြောပြသည့်အချိန်မှစ၍ ဃည်းကောင်း၊ နာနာဘာဝမှန်မည်းကြီးမှာပေါ် လာသည့် ကျွန်ုပ်၏ ဗုံရိပ်ကို ကြည့်မြင်သိပြီးချိန်မှစ၍ ဟုတ်၊ မဟုတ်သိချင်သောကြောင့် ကျွန်ုပ်သည် လွင့်မျောဝိညာဉ်သားဘဝနှင့် ကျွန်ုပ်အိမ်ရှိရာအရပ် သို့ ရောက်သွားလေ့လာခဲ့၏။

ကျွန်ုပ်၏ ဒုတိယမြောက် အိမ်ထောင်ရှင်မလောင်း မစာဗူး တောင်းသည် ကျွန်ုပ်ရုပ်ခန္ဓာကို ဖက်၍ငိုကြွေးနေ၏။

ကျွန်ုပ်သည် ပက်လက်ဖြစ်နေသည့် ကျွန်ုပ်၏ ခန္ဓာကိုယ် အတွင်းသို့ ပြန်ဝင်ကြည့်၏။ ဝင်လို့မရ၊ ကြွက်တွင်းကို ဆင်ဝင်သကဲ့ သို့ တစ်နေ၏။

ဟုတ်ပေပြီ။

သချိုင်းစောင့်မဖဲချာအမိန့်ရှိသကဲ့သို့ ကျွန်ုပ် မာလကီးယား ခဲ့တာ ကျိန်းသေပြီ။

ကျွန်ုပ်သည် ကြေကွဲရင်နင့်စွာ ရှိုက်ငိုနေသည့် ဒုတိယမယား



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်လိုက်ရသည့် ရည်းစားသည် မစာဗူးတောင်းရဲ့ ပါးပြင်ပေါ်မှ မျက်ရည်စများကို ကျွန်ုပ်လက်ချောင်းလေးများနှင့် ယုယကြင်နာစွာ သုတ်၍ အချစ်ရေဟု ခေါ်ပါသော်လည်း မစာဗူးတောင်း ဘာမှမသိ။

ကြမ်းပြင်၌ ကျွန်ုပ် လူ့ဘဝတုန်းက ပြဇာတ်လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော ဦးဘွတ်စွပ်သည် ကိုးမီးဖဲထုပ်ကိုကိုင်၍ ပျော်နေ၏။

အနီးမှာ ကိုသောင်းညွှန့်ဦး၊ ပုသိမ်မောင်သောင်းယဉ်၊ မင်းကြည်လှိုင်နှင့် ဘကြီးကြောင်စိန်တို့ ရှိနေ၏။

ဒီမှာ ဦးဘွတ်စွပ် (ခေါ်) ဦးဘစုက-

"ကိုင်း. . . ရှောတဲ့လူလည်း ရှောသွားပါပြီကွာ။ စိတ်ကောင်းဖြစ်မနေကြပါနဲ့။ ကျကျနနမြေကျဖို့ မင်းတို့ငါတို့ အားလုံးမှာ တာဝန်ကရှိနေပြီ။ ဒီတော့ ဒီညနေကစပြီး ကိုးမီးဝိုင်း၊ တွမ်တီဝမ်းနဲ့ ရှိုးဝိုင်းသုံးဝိုင်းဖွဲ့ပြီး အကောက် ကောက်ကြတာပေါ့။ အဲဒီတော့ သောင်းညွှန့်ဦးက ဖဲသမား အဓိပတိ ဘိုကြည်ကို သွားပင့်ခဲ့၊ မြို့မတောင်က ကျောက်ဒိုးတို့၊ ကျော်ဆွေးတို့အုပ်စုလည်း ဝင်အကြောင်းကြားကွာ နော် သောင်းညွှန့်ဦး"

"ဟုတ်ကဲ့ ဦးဘွတ်စွပ်"

"ဘာကွ. . . ဘာ"

"အဲ. . . အဲ. . . ဟုတ်ကဲ့၊ ဦးဘစုခင်ဗျာ"

ဒီမှာ မင်းကြည်လှိုင်က ရင်ကျပ်ပန်းနာသံနဲ့ ဝင်ပြော

"ရက်လည်မှာ ဘာကျွေးမလဲ ဦးဘွတ် ၅ဲ . . အဲ ဦးဘစု"

"ဆန်ပြုတ်တိုက်မယ်ကွာ"

"ဟာဗျာ ဦးဘစုကလည်း၊ ကိုကြည်တင့်နိုင်တုန်းကတော့ ထမင်းကျွေးနိုင်သေးဥစ္စာ။ ဒါ ခင်ဗျားတို့ကျပ်ဖို့ ကျေးဖူးရှင်ဆ



www.burmeseclassic.com

www.burmeseclassic.com



သမားဗျ။ အနည်းဆုံး မုန့်ဟင်းခါးလောက်တော့ ဖြစ်သင့်တာပေါ့ဗျာ။ စဉ်းစားပါဦး"

"မင်းတို့ ဆရာဗျိုင်းက မာလကီးယားသာသွားတယ်။ စုဌေးဆောင်းငွေ ဘာမှမကျန်ခဲ့ဘူးကွ။ ဖျာအောက်မှာ အကြွေးစာရင်းစာရွက်ကိုပဲတွေ့ရတယ်။ စာရေးဆရာမကြီး ဒေါ်ကြူကြူသင်းကလည်း သူ့ဆီက ငွေငါးထောင်ချေးသွားတယ်လို့ မနက်က ငါ့ကိုပြောတယ်"

ဒီမှာ ချောင်းတဟွတ်ဟွတ်ဆိုးပြီး အမောဖောက်နေတဲ့ ပုသိမ်မောင်သောင်းယဉ် တီဘီလူနာကြီးက-

"မြို့နယ်စာပေနဲ့စာနယ်ဇင်းဥက္ကဋ္ဌဟောင်း ဦးဟန်ညွှန့်နဲ့ရော သူ့ဇနီးဒေါ်ညိုညိုယဉ်နဲ့လည်း ကွန်တော်တွေ့ခဲ့သေးတယ်ဗျ"

"ဘာပြောလဲကွ ပုသိမ်ထီးရ"

"အဟွတ်. . . အဟွတ်. . . အွတ်. . . အွတ် ဒီ. . . လို. . ဗျ အဟွတ်. . အဟွတ်"

"အင်း. . . ပုသိမ်မောင်သောင်းယဉ်လည်း နေ့လားညလားပဲကွ။ ပိန်လိုက်တာ ချက်ချင်းသေမယ့်ရုပ်ပဲ"

ပုသိမ်မောင်သောင်းယဉ်ဟာ စကားကို ဆုံးအောင် မပြောနိုင်ဘူး။ ချောင်းကို အဆက်မပြတ်ဆိုးရင်း အမောဖောက်နေလို့ တိုဒင်းကင်ဆာဖြစ်နေတဲ့ မင်းကြည်လှိုင်က ကျောကို ဖိပေး၊ ရင်ဘတ်ကိုအုပ်ပေးလုပ်နေရ၏။

"ရပလား သူငယ်ချင်း၊ ဘုန်းကြီးပင့်ပေးရမလားဟင်"

"အင်း. . . အဟွတ်၊ အဟွတ်. . ရ. . ရပါပြီ။ ဘုရား. . . ဘုရား. . အင်း. . . အင်း။ ဦးဟန်ညွှန့်နဲ့ ဒေါ်ညိုညိုယဉ်တို့ကလည်းပြောတယ်။ အဟွတ် သူတို့ဆီကနေ ငွေတစ်သောင်း ချေးသွားတယ်တဲ့။ ကဗျာစာအုပ်ထုတ်ချင်လို့ဆိုပြီး ယူသွားတာတဲ့။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



မရမှာကျိန်းသေပြီမို့ ကူငွေအဖြစ် သတ်မှတ်လိုက်ပါလို့ အဟွတ် ပြောသွားတယ် ဦးဘွတ်စွပ်ရဲ့"

"အင်း. . . အတော်ကိုကြွေးထူတဲ့ ငမျိုင်းပါကွာ"

"သင်းမြန်မြန်ရှောသွားတာ ကံကောင်းတယ်မှတ်ဗျ။ နို့မို့ ကျုပ်တို့ခင်ဗျားတို့ဆီကပါ လာချေးဦးမှာ"

"ကိုင်း ဒါကို ထားလိုက်ပါကွာ။ အသုဘချတဲ့နေ့ ဘယ်လို လုပ်မလဲ"

"သန့်လျှင် လှလှရီနဲ့ မင်းသားကြီး ဦးစိန်အောင်ကြည်ကို သံဝေဂလင်္ကာရွတ်ခိုင်းရမယ်။ လော်စပီကာတော့ ငှားပေါ့ ကွာ"

"သန့်လျှင်လှလှရီက လွယ်လွယ်နဲ့ လိုက်ပါ့မလားဟ"

"ဘာဖြစ်လို့လဲ မောင်သောင်းညွန့်ရ"

"မလှလှရီကလည်း အဲဒီလိုကိစ္စမျိုးမှာ သံဝေဂလင်္ကာရွတ် ရရင် အလှုပြင်ဆိုင်မှာ မျက်နှာပြင်ပေးမှ လိုက်ရွတ်တာဗျ"

"ကိုယ့်အချင်းချင်းတွေဥစ္စာကွာ။ မင်းကလည်း"

"မရဘူးဗျ။ သူက ဘာပြောမှတ်လို့လဲ"

"လုပ်ပါဦးကွ"

"ဦးဘွတ်စွပ်သေရင်တောင် မိတ်ကပ်အောင်အောင်နဲ့ အလှ ပြင်ပေးမှ လိုက်ရွတ်ပေးမယ်တဲ့"

"ဖွီ. . . ဒါလှလှရီပြောတာမဖြစ်နိုင်ဘူး။ မင်းလက်ချက်ပဲ နေမယ်။ သောင်းညွန့်ဦး မင်းသွား. . သွား အခု ဆင်းသွား၊ ဘုရား. . . ဘုရား. . ဖွ. . ဖွ လွဲပါစေ ဖယ်ပါစေ ဖွဟဲ့ ဖွ"

"ကိုင်းဗျာ၊ အရေးထဲမှာ ခင်ဗျားတို့ကတစ်မျောင့်ဗျ။ ဒီမှာ တီးဝိုင်းရောထည့်ဦးမှာလား"

ဒီမှာ. . ဦးကျော်သောင်းက ပြောရော။

"မထည့်လို့ ဖြစ်မလားကွ။ ဒါဇာတ်သဘင်းအကျော်အမော်



www.burmeseclassic.com

www.burmeseclassic.com



ကြီး သေတာဥစ္စာ ထည့်ကို ထည့်ရမယ်"

"ဘယ်နှစ်ဆိုင်းထည့်မလဲ"

"ရှေ့ဆုံးကဖိုလ်ချုပ်ရွာက ကိုဘဖော့ကြီး ပတ်မဝိုင်းထည့်"

"ပြီးတော့ကော"

"အလယ်က ပုသိမ်မောင်သောင်းယဉ်တို့ မယ်ဒလင်ဝိုင်းကို ထည့်"

"မကြားဘူးတာ ဘကြီးကျော်သောင်းရာ အဟွတ်အဟွတ်"

ဒီမှာ ပုသိမ်မောင်သောင်းယဉ်က ကျွန်ုပ်၏ ဘဝကူးလမ်းကြောင်းမှာ မယ်ဒလင်ကိုယ်တိုင် တီးဆိုရမည်ဆို၍ ဝင်ကန့်ကွက်၏။

"ဟော့ကောင် မောင်သောင်းယဉ်၊ အရင်မဖြစ်ပေမယ့် အခုဖြစ်ကိုဖြစ်ရမယ်ကွ။ မင်းက မယ်ဒလင်တီး၊ အံ့ပွား(စလေ)က စည်းဝါးကိုင်။ ဟို ဘာသာပြန်တွေရေးနေတဲ့ စိန်ဝင်းမော်က အဆိုလေးနဲ့လုပ်. . ."

"တယောတော့ပါမှကောင်းမှာပေါ့ဗျာ"

"ဒါဆိုရင် တယောကို ဟို စာရေးဆရာ 'ဂျေဂျေ'ကို ထိုးခိုင်း။ ဒီငနဲက တည်းခိုခန်းပိုင်ရှင် မဟုတ်လား။ သူအထိုးကောင်း ပြီးသားဥစ္စာ"

ဒီမှာ ပုသိမ်မောင်သောင်းယဉ်က ညောင်နာနာအသံနှင့် ဝင်မေး၏။

"ကျွန်တော်တို့က ကားပေါ်ကနေ တီးရဆိုရမှာလားဟင်"

"ထွီ. . . ကားခမတတ်နိုင်ဘူးကိုယ့်လူ။ အားလုံး ကုန်းကြောင်း တီးရမှုတ်ရဆိုရမယ်"

"ဦးလေးကျော်သောင်း ကျွန်တော့်က အမော မခံနိုင်ဘူးခင်ဗျ ဟီး"

www.burmeseclassic.com



"အေး-ဒါဆိုရင် ဟိုကောင် မင်းကြည်လှိုင်"

"ဗျာ-ဦးလေးသောင်း"

"အဲဒီနေ့ကျရင် မင်းက ပုသိမ်မောင်သောင်းယဉ်ကို ကျော ပိုးကုန်းပိုးလုပ်ပေးလိုက်"

"ဗျာ. . . ဗျာ ကျွန်. . ."

"လျှာမရှည်နဲ့။ လူကြီးတွေက ဒါသင့်တော်လို့ စီစဉ်ရင် ဒါပဲ လုပ်။ ဒါ မင်းတို့ဆရာရဲ့ မြေကျရေးကိစ္စ"

ဒီလို ပြင်းခုံဆုံးဖြတ်ချက်များချနေချိန်မှာပဲ အိမ်ပေါ်သို့ ကာလယ်ကုလားငါးယောက် ကုလားဖုံ သားရေစည်တိုနှင့် နှဲများကိုင် ၍ ပေါက်ချလာ၏။

ကိုသောင်းညွန့်ဦး ကြွေးရှင်များမှတ်၍ လန့်နေ၏။

ရေနံမြေခရေက 'အစ်ကိုတို့ တက်ပါ'ဟု ပြော၍ ချမ်းမြေ့ အောင်က 'အစ်မ ထိုင်ပါလို့ ပြောရတယ်ဗျ'ဟု စကားကို ပြင်ပေး၏။ သည့်နောက် ရေနံမြေခရေဆိုသူ စာရေးဆရာမလေးက ပြားငါး ဆယ်တန် ကွာစေ့လျော်တစ်ထုပ်ကိုဖောက်ပြီး ဆန်ကောခန့် ကြီးမားသည့် သံလင်ပန်းထဲသို့ ထည့်ပေး၏။

"အားရပါးရ သုံးဆောင်ကြပါရှင်။ ဒါ ကျွန်မ လှူဒါန်းတာ ပါ"

ဦးစွာ နှုတ်ခမ်းမွေးကားကား၊နှာခေါင်းကြီးကြီးနှင့် ကာလယ် ကုလားကြီးက ကွာစေ့လျော်ကို ကောက်ဝါး၏။

ရင်းနောက် လက်ဖက်ခြောက်မပါသော ရေနွေးဖြူကို မှိုဲ့ ၏။

"ဘယ်ကပါလဲခင်ဗျာ။ နာမည်ကော ဘယ်လိုခေါ်ပါသလဲ" ဦးဘွတ်စွပ်က အိမ်ရှင်လုပ်၍မေး၏။

"အာရေး အစ်ကို. . . ချွန်ဒေါ့နာမည်နေ့ စူလတန်ချိုကြီး



www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်ဒယ် အာကို။ ကုလားဖုံတီးပါတယ် ခင်ဗျ"

"အင်း. . အင်း"

"ဒီဘုရားဆပ်က ဒေးဗစ်လွင်မိုးပါတဲ့၊ နှဲမှုတ်ပါတယ်"

ဒေးဗစ်လွင်မိုးဆိုသူကုလားကား သပိတ်ရောင်ထပြီး သွားနှစ်ချောင်းပဲရှိ၏။

"ဒီဘုရားဆပ်က လင်ကွင်းသမားပါ။ မူလကျီဘွတ်အဲလို့ခေါ်ပါတယ်"

"ဟုတ်ပါပြီ။ စူလတန်ချိုကြီးတို့၊ ဒေးဗစ်လွင်မိုးတို့၊ ကိုမူလကျီဘွတ်အဲတို့က ဘာကိစ္စနဲ့ ရောက်လာကြပါသလဲ အဲဒါ ပြောပါဦး"

"ဒီလိုပါ ဘုရားဆပ်ကြီးခင်ဗျာ။ ကျွန်တော်တို့အဖွဲ့နော် ပြီးခဲ့တဲ့ ဆန်းဒေးတုန်းက. . ."

"ဆန်းဒေးဆိုတာ မြန်မာလို ဘာနေ့ကိုပြောတာလဲ စူလတန်ချိုကြီး"

"ဆန်းဒေးဆိုဒါ မြန်မာလိုဘာသာပြန်ရင် ဗုဒ္ဓဟူးနေ့ပါအာကို"

ကြားရသူအပေါင်းသည် ကုလားဖုံတီးသူ စူလတန်ချိုကြီးအပြောကြောင့် မျက်လုံးများကျယ်သွားကြ၏။

ဒီမှာ ဦးဘွတ်စွပ်က-

"မင်းက ငါ့ကို အချဉ်အောက်မေ့လို့လား စူလတန်ချိုကြီး။ ငါ ဘုန်းကြီးကျောင်းထွက်မဟုတ်ဘူး။ စိန့်ပေါလ်ကျောင်း ထွက်ကွ။ ငါ့ကို အင်္ဂလိပ်လိုမတတ်ဘဲနဲ့ လာမရှီးနဲ့။ ဆန်းဒေးဆိုတာ မင်းရှီးသလို ဗုဒ္ဓဟူးနေ့ မဟုတ်ဘူး ကိုယ့်လူ"

"ဒါဖြင့် ဘာနေ့လဲ ဘုရားဆပ်"

"ဆန်းဒေးဆိုတာ မြန်မာလို ပြန်ရင် သောကြာနေ့ကွ မှတ်

www.burmeseclassic.com



ထား"

"အာရေး . . ရေး . . အားရှိုးရှိုး"

"ဘုရားဆပ် တော်လှချည်လား ဘုရားဆပ်ရယ်"

"အနော်တို့အားလုံးနော် ဘုရားဘွတ်ထံမှာ အင်းဂလိတ်စာ ကျူရှင် သီးသန့် လာတက်ပါ့မယ် ဘုရားဘွတ်"

ကျန်လူများကား ဦးဘွတ်စွပ်အကြောင်းကိုသိနေ၍ ဘာမှ စောဒကမတက်ကြ။ ဦးဘွတ်စွပ်နှင့် ဦးကျော်သောင်းတို့ကား လူထူလျှင် အင်္ဂလိပ်လိုမှုတ်ကြ၏။ သူတို့အကြောင်းကို အသေးစိတ် သိလိုပါမူ ဟာသစာရေးဆရာ မောင်ညိုမှိုင်း(သန်လျင်)ရေးသား သည့် 'ရင်ခွင်ထဲပြုတ်ကျတဲ့ လတစ်စင်းရယ်သံ' ဟာသလုံးချင်းမှာ ပြန်လည်ဖတ်ရှုကြပါကုန်။

"ကိုင်း-မင်းတို့လာရင်းကိစ္စကို မြန်မြန်ပြောကွာ"

"ဒီလိုပါ ဘုရားဘွတ်။ ချွန်တော် စူလတန်ချိုကြီးက ဒီက လယ်တီးဝိုင်းမှာ တီးဝိုင်းခေါင်းဆောင်ပါ ခင်ဗျ။ ဒီတီးဝိုင်းကို ဘုရား ဘွပ်ပြောတဲ့ ဆန်းဒေး သောကြာနေ့က ဖွဲ့စည်းခဲ့ပါတယ်"

"ဂီတကောင်စီကကော ပြောပြီးပလား"

"အားလုံး ပိ(စ်)ပါ ဘုရားဆပ်။ ဂီတစာဆိုသန်လျင်စိုးသိန်း ကို နာယကမြှောက်ထားလိုက်တော့ အားလုံး အိုကေပါပဲ ခင်ဗျား"

ဘယ်လို လူစားများပါလိမ့်။

"တီးဝိုင်းနာမည်ကကော စူလတန်"

"ချွန်တော်တို့ တီးဝိုင်းအမည်က 'လင်းတအော်သံ'တဲ့ခင်ဗျ"

"မိုက်တယ်ကွာ"

"ရှယ်ပဲဟော့"

"နမူနာလုပ်ပါကွ"

"အာရေး စိတ်ချပါ အားကို၊ အနော်တို့ဖော် များမကြာခင်



www.burmeseclassic.com

www.burmeseclassic.com



တူရိယာစုံလင်စွာနဲ့ နာရေးဂုဏ်ပြုပူဇော်ပွဲကြီးကို အလက်ာမြောက်စွာ ဆော်ပလော်တီးပြသွားပါမယ် ဘုရားဆပ်။ တိုတိုပြောရရင် အခု မာလကီးယား ဘဝတစ်ပါးပြောင်းသွားတဲ့ ကိုချစ်ကိုကိုဖျိုင်းနော် ချွန်တော်တို့ရဲ့ အာစရိစစ်စစ်ပါ ဘုရားဆပ်။ ဟီး သူ နေ့ချင်းညချင်း မာလကီးယားတော့ ချွန်တော်တို့အားလုံး ဟီး. . ဟင့် ဝမ်းနည်းကြေကွဲလွန်းလို့ မျက်ရည်ပေါက်ပေါက် ပေါက်ပေါက် ဟီး မျက်ရည်လေ ပေါက်ပေါက် အဟင့် . . . ဟီး. . ပေါက်ပေါက်. . ပေါက်ပေါက်နဲ့ ဟီး"

"စူလတန်"

"အာရေး ဘုရားဘွတ်"

"မင်း ဒီနေ့ မျက်ရည်ပေါက်ပေါက်ကနေ ရှေ့ဆက်ဦးမှာလား"

ဦးဘွတ်စွပ်ခေါ် ဦးဘစုသည် လင်းတအော်သံ တီးဝိုင်းခေါင်းဆောင် စူလတန်ချိုကြီး၏ ရှိုက်သံနှင့်ပြောသံကို နားမခံနိုင်သည့်အဆုံး ရေနွေးကြမ်းကရားကို နှုတ်သီးမှကိုင်၍ မေးလိုက်သည်။

"အာရေး ဆက်. . . ပါ. . မယ် အားကို။ ကြေကွဲ ဝမ်းနည်းသတိရ လွမ်းဆွတ် စိတ်မကောင်း ရင်နင့်အောင် ခံစား နှလုံးသားနွမ်းရိ. . ."

"ဟော့ကောင်စူလတန်"

"ဂျာ-အာကို"

"မင်းတို့ ခုချက်ချင်း ပြန်တော့၊ ပြန်တော့"

ဦးဘစု သည်းမခံနိုင်၍ ရေနွေးကရားအိုးကို ကိုင်မြှောက်ပြီး အော်လိုက်၏။ ဦးကျော်သောင်းက ဆွဲထားရ၏။ ပုဆိုးမောင်သောင်းယဉ်က ရိုက်ထုပါရန် အနူးအညွတ်မေတ္တာရပ်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ 'မူလကျိဘွတ်အဲ'ဆိုသူ ကလယ်ကုလားက ဝင်၍ မေတ္တာရပ်ခံ၏။

"အားကိုးဘုရားဆပ် ချိတ်မချိုပါနဲ့ အားကိုဆပ်။ စူလတန်နော် အရမ်းသောက်ကျိုးနည်းစိတ်ထိခိုက်လို့ ပြောနေတာပါအားကို။ သူ့ကိုယ်စား ဘွတ်အဲ ရှင်းပြပါရစေခင်ဗျာ"

"ဒါဆိုပြော၊ မောင်ဗျိုင်းနဲ့ မင်းတို့ဘယ်လိုပတ်သက်သလဲ"

"အာရေး ဆြာဗျိုင်းနော်၊ ချွန်တော်တို့ ဒေါ်မြရင်ကုန်းပေါ်ကိုလာပြီး ချွန်တော်တို့နဲ့ ထန်းရည် အတူသောက်ဖူးဒယ် ဘုရားဆပ်။ တူ့ကျေးဇူးအများကြီးပါ ဘုရားဆပ်ရယ်။ ဆြာဗျိုင်းဟာ ချွန်တော်တို့ကို ထန်းရည်မူးအောင် နားဖာချေးထည့်သောက်နည်း သင်ပေးတယ် အားကို"

"ပြီးတော့ကော"

"ပြီး. . . ထန်းရည်နဲ့ တောအရက်ရောသောက်နည်းသင် ပေးတယ်အားကို"

"ဒါပဲလား"

"ညသန်းခေါင်ကျော်မှာ ထန်းရည်ခိုးနည်း၊ ကြက်ခိုးနည်း၊ ဘူးသီးခိုးနည်းသင်ပေးတယ်အားကို"

"ဒါပဲလား ဘွတ်အဲ"

"အာရေ့ မကသေးဘူးအားကို။ အလျှုမသာဆွမ်းကျွေးမှာ နော် ဖိနပ်စုတ်နဲ့ ဖိနပ်အသစ် ခပ်တည်တည်လဲစီးနည်းကို လည်း လက်တွေ့ သင်တန်းပို့ချပေးခဲ့တယ် အားကို"

"ပြီးပလား ဘွတ်အဲ"

"ချန်ဒေးတာပေါ့ အားကို။ သူကလေ. . ."

"တော်. . ."

"အာရေ တစ်ခုပဲကျန်ပါသေးဒယ် ဘုရားဆပ်။ အဲဒါက



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဆိုတော့ နွားဝွေးသင်းနည်းကို သေသေချာချာ သင်ပေးပြီး လူကိုလည်း. ."

"ခွပ်"

"အာရေးရေ ဘာ. . ဘာ. . ကယ်တော်မူပါ. . ဆရာ"

ကလယ်ကုလား ငမူး မူလကျီဘွတ်အဲရဲ့ ခေါင်းပေါ်သို့ ရေနွေးကရားအိုး ကျသွားသည်ရှိသော် ဘွတ်အဲသည် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ဟစ်လေ၏။ ဖဲဝိုင်းရန်ဖြစ်သည်ဆိုပြီး ရပ်ကွက်လူကြီးများ ရောက်လာမှာစိုး၍ ဦးဘွတ်စွပ်ပြန်ချော့ရလေ၏။

"ကိုင်း . . ကိုင်း၊မောင်မင်းကြီးသားတို့ မင်းတို့ ဘာဖြစ်ချင်တယ်ဆိုတာသာ အမိက ပြောကြကွာ။ လုပ်စရာတွေ ကျန်နေလို့ပါ"

ဒီမှာပဲ လင်းတအော်သံ ကလယ်ကုလားတီးဝိုင်းခေါင်းဆောင် စူလတန်ချိုကြီးဆိုသူက-

"ချွန်တော်တို့ အာစရိဆြာဇျိုင်းရဲ့ရှာပနမှာ ချွန်တော်တို့ လင်းတအော်သံတီးဝိုင်းကလည်း ဂီတစာဆို သန်လျင်ညွှန့်ဦး ရေးစပ်တဲ့ အညာပုဂံဘုရားဖူးသီချင်းကို ခုနစ်သံချီဟစ်ပြီး ကြေကြေကွဲကွဲလိုက်ပို့ပါရစေ ဘရားဆပ်"

"ဟူး. . ."

"ဒုက္ခပါပဲကွာ"

"ဘယ်လိုကောင်တွေလဲဗျာ"

"ဖြစ်ပါ့မလား ဦးဘစု"

"အာရေး-ဖြစ်အောင်လုပ်ပါ အားကို။ ကျေးဇူးဆပ်ချင်လွန်းလို့ပါ အာကို။ အညာပုဂံဘုရားဖူးပြီးရင် ဂီတစာဆို သန်လျင်ဂိုသိန်း ချွန်တော်တို့နာယကကြီးရေးခဲ့တဲ့ချစ်သူကို ခေါင်းပေါ်ရွက်ထားမယ်သီချင်းနဲ့ မြေကျသည်အထိ တီးမှုတ်သွားပါမယ် အာကို"

နောက်ဆုံး ဦးဘစုတို့ ဦးကျော်သောင်းတို့ ကိုသောင်းညွန့်



www.burmeseclassic.com

www.burmeseclassic.com



ဦးတို့၊ မင်းကြည်လှိုင်နှင့် ပုသိမ်မောင်သောင်းယဉ်တို့ လူစု အရေးပေါ် အစည်းအဝေးထိုင်ကြ၏။

အတန်ကြာမျှ အခြေအတင် ဆွေးနွေးပြီးနောက် လင်းတအော်သံတီးဝိုင်းအဖွဲ့နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"စူလတန်"

"ခင်ဗျာ. . ဘရားဘွတ်"

"ငါတို့အားလုံးက မင်းတို့ လင်းတအော်သံ တီးဝိုင်းအဖွဲ့ကို လက်ခံလိုက်မယ်"

"အာရေး. . ဘဲမဂွတ်ပဲပေါ့ ဘရားဘွတ်ခင်ဗျာ"

"ဒါပေမယ့်"

"အလိုရေး. . . အာရေး. . . ဘာဒါပေမယ့်လဲ ဘရားဆပ်"

"အဲဒီနေ့မှာ အရက်(၁၀)ပုလင်း ငါတို့ကို ပေးရမယ်"

"ဘုရားရေ. . အရက်(၁၀)ပုလင်း ဟုတ်လား"

"အိမ်း၊ အဲဒါ မပေးနိုင်ရင် လုံးဝ လက်မခံဘူး"

"အာကို. . . အရက် (၁၀)ပုလင်း မဟုတ်ဘူး အားကို။ စူလတန်တို့နော် အရက် (၁၅)ပုလင်းပေးမယ် အာကို။ ဒီပွဲဟာ စူလတန်တို့ လင်းတအော်သံ မဟာကာလယ်ဂီတ အဖွဲ့ရဲ့ ပွဲဦးပွဲဖျားမင်္ဂလာဦးပွဲပါအစ်ကို။ ရှယ်တီးမှာပါ။ အားကိုတို့ အာစရိတို့ မယုံရင်နမူနာ မိနစ်(၂၀)လောက် ညှော်ခံတီးပြပါရစေခင်ဗျာ"

"ကိုင်း-တီးစမ်းကွာ"

ဦးဘစုက သို့ကလို အမိန့်ပေးလိုက်သည်နှင့် စူလတန်တို့ရဲ့ လင်းတအော်သံ မဟာကာလယ်တီးဝိုင်းသည် နွားမသားရေ၊ ဆိတ်သားရေနှင့် ကျပ်ထားသည့် ကုလားဗုံနှစ်လုံးကို တုတ်နှင့်ရိုက်၍ ထမ်းလိုက်၏။

"တိန်. . . ကလိန်. . . တိန်"



www.burmeseclassic.com

www.burmeseclassic.com



"တိန်. . တုံ. . . တုံ. . တိန်"

"တီ. . . တီ. . ဂေါ်. . ဂွိ"

"ဂွမ်. . . ဂွမ်း. . ချမ်း. . . ချမ်း"

ကလယ်ကုလားဗုံတီးသံကြားသောအခါ အိမ်နီးချင်းများ အပြေးအလွှားရောက်လာပြီး အိမ်ပေါ်မှာ လူပြည့်သွား၍ မင်းကြည်လှိုင်တို့အုပ်စုက ရပ်ပေးကြရ၏။

စူလတန်သည် ခါးကြားမှ အရက်ပုလင်းကို ထုတ်ပြီး တစ်ငုံ ဂေါ်ရင်ဂျီ မော့မော့၏။ ပြီးနောက် သူ့အဖွဲ့သားများသို့ လက်ဆင့် ကမ်း၏။

ဆွပ်ပရားဆာမိသည် ချက်အရက်ပုလင်းအား ကမ်းလိုက်သောအခါ ကညာဒေဝီနတ်သမီးနှင့် အပုံတစ်သိန်းပုံ၍ နှမ်းခေါင်း အပ်ဖျားလောက်မှမတူသော ဦးဘွတ်စွပ်(ခေါ်)ဦးဘစုသည် ပါးစပ်မှ သွားရည်တများများကျပြီး ကတုံကယင် ဝမ်းမြောက်ဝမ်းသာနှင့် ချက်အရက်ပုလင်းကိုယူပြီး တဂွပ်ဂွပ်မော့တော်မူလေ၏။

သို့ဖြစ်၍ ဤမသာချပြီးသော် မိုးဦးမိုးလယ်ကောင်းအံ့။ မိုးနှောင်းတန့်အံ့။ ကျွဲ၊ နွား၊ ကြက်၊ ငှက်စသော သတ္တဝါများ လန့်၍ ပြေးအံ့။ အခြေနှစ်ချောင်းရှိလူသားများ ထဘီ၊ အင်္ကျီပေါင်ရအံ့။

ငလျှင်သည် ဦးဘစုအိမ်ကို ဗဟိုပြု၍ မင်းကြည်လှိုင်အိမ်ကို မျှချကာ အဝီစိမှာ ငြိမ်သက်အံ့။

ကြွက်သွန်ရှားအံ့၊ ခွေးချေးပေါအံ့။

ဤကား ဤမသာမှာ တီးဝိုင်းသုံးဝိုင်းပါဝင်ခြင်း၏ အကျိုး ကျေးဇူးတည်း။

☺



www.burmeseclassic.com

www.burmeseclassic.com

## (၆)

## ဆင်နင်း၍ သေသည့်မသာနှင့် ဦးဘွတ်စွပ်ရဲ့တေဘုမ္မာ

တစ်နေ့သောအခါ အဒူလကြောင်သချိုင်းမှာ နှီးဆော် မောင်းတီးသံ ကြားရလေ၏။ မောင်းထမ်းသူ သရဲနှစ်ကောင်ကား မောင်မြင့်ကြွား(ဘိုကလေး)နှင့် အံကျား(မင်းဘူး)တို့ ဖြစ်လေ၏။

သူတို့နှစ်ဦး၏ ခန္ဓာကိုယ်သည် ဖြုတ်ထနေ၏။ သရဲမောင်မြင့်ကြွား(ဘိုကလေး)၏ ပြောင်နေသော နဖူးပေါ်မှာ အရက်ပုလင်း ထောင်ထားသကဲ့သို့ ဘုကြီးပေါ်နေ၏။

သူကား လူ့ဘဝက ရောင်ပြန်စားတော်ဆက်မှာ နေ့မနား ညမနားသောက်ရင်း အန်ဖတ်ဆို့၍ သေသူဖြစ်ရကား အသက် ထွက်သည်ရှိသော် ၎င်းပုလင်းကို စွဲလမ်း၍ သရဲဖြစ်ကာ ဦးခေါင်း ပေါ်မှာ ပုလင်းပါ ပါခဲ့လေ၏။

သရဲကြီးအံကျား(မှင်းဘူး)ကား လူ့ဘဝတုန်းက အရက်မူး လာလျှင် ကာရာအိုကေမှာ သီချင်းအသံကုန် ဟစ်လေ၏။

သို့ကလို အသံကုန်ကာရာအိုကေဟစ်ရင်း လည်ချောင်းကွဲ ၍ ရုတ်ခြည်းသေခဲ့ရကာ အသက်ထွက်သည်နှင့်ထွက်ချင်း အစွဲ အလမ်းကြောင့် သရဲဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သရဲဖြစ်သည်ရှိသော် နှုတ်ခမ်းသည် မိုက်ကရိုဖုန်းကဲ့သို့ ရှည်ထွက်ပြီး ထိပ်မှာစု၍လုံးနေရကား သရဲတကာ့သရဲမှာ အလွန်ကိုထူးခြားဆန်းကြယ်သောသရဲ ဖြစ်လေ၏။

သူတို့နှစ်ဦးသည် လှည်းဘီးခန့် ကြီးမားသော နာနာဘာဝပေါ်ယ်ရှယ်မောင်းကြီးကို မဒမတိုင်ထမ်းပိုးနှင့် မနိုင်မနင်းထမ်း၍ သွားနေ၏။

သူတို့ရှေ့မှ တစ္ဆေကြီးကား ခေါင်းသွ●ပြားကို အော်လံလုပ်၍ကိုင်ပြီး စကားများကို အသံနေအသံထားမှင်မောင်းအပြည့်နှင့် ခွေနေ၏။

ထိုတစ္ဆေကြီးကား

စိတ်ဓာတ် ဦးမြသန်း ဟူသတည်း။

ကျွန်ုပ် သူကို လူ့ဘဝတုန်းက အလွန် ရင်းနှီးခဲ့ဖူး၏။ လူက ဝ၊ ညိုညို၊ သဘောကောင်းမနေသောကောင်းဖြစ်၏။သို့သော် မျက်နှာ အလွန်ပြောင်၏။

တစ်ခါသော် ရွှေပြည်သာဘုန်းကြီးကျောင်းမှာ စာရေးဆရာများ ဒုလ္လဘဝတ်ကြ၏။ သည်တုန်းက ကျွန်ုပ်နှင့်အတူ စာရေးဆရာကြီး သာရဝေါ စိုးကြည်၊ မောင်ယဉ်ဦး(ခနဲ့ဖြူ)၊ မောင်လွမ်းနွယ်(အောင်လံ)၊ ကိုစိုးကြည်၊ နားလေးမောင်ဆွေမွန်နှင့် သူ(စိတ်ဓာတ် ဦးမြသန်း) ကြီးလည်း ပါ၏။

ကိုမြသန်းသည် မိန်းမငါးယောက်ရဖူး၏။ ပထမ ကလယ်ကုလားမနှင့် အိမ်ထောင်ကျ၏။ သူမနှင့် သုံးလပေါင်းပြီး ကွဲသွား၏။ မကွဲခံနိုင်ရိုးလားလေ။

ပြီးနောက်

(၁၃) နှစ်သမီးနှင့် ညား၏။ တစ်ပတ်အတွင်း အထင်ကွဲ၍ပြီး၏။ ၎င်းနောက် မုဆိုးမကြီးတစ်ဦးနှင့် ညားပြန်၏။ မုဆိုးမကြီး



www.burmeseclassic.com

www.burmeseclassic.com



လည်း သေပါပြီတော့အော်၍ သူ့ရွာသို့ ပြန်ပြေး၏။ စတုတ္ထမြောက်ကား ဘွဲ့ရမိန်းမဖြစ်၏။ အလွန်ချော၏။ ကိုယ်လုံးကိုယ်ပေါက် ရက်ရက်စက်စက်လှ၏။ သူလည်း သုံးလနှင့် (၇)ရက်မြောက်မှာ မီးယပ်ပိန်မီးယပ်ခြောက်ဖြစ်ပြီး ဘဝတစ်ပါးပြောင်းသွား၏။

အခု နောက်ဆုံး အိမ်ထောင်ကျသူကား ပွင့်ထက် နှစ်ဆဝ သော သူဌေးသမီးနှင့် ဖြစ်၏။

ဒီတော့မှပဲ သင်းအပိုးကျိုး၏။ ဝပ်နေ၏။ အသံပင် ကျယ် ကျယ်မထွက်ရဲ။ အကြောင်းကား ငင်းအစ်မကြီးက ဒေါသထွက်လာလျှင် သူ့ရင်ဘတ်ပေါ် တက်ထိုင်ပြီး နားရွက်ကို ကိုက်ဖြတ်သော ကြောင့်ဖြစ်၏။

သူ လွန်ခဲ့သည့်နှစ်က ကွယ်လွန်ခဲ့၏။

သေပုံကလည်း ဆန်း၏။

သူသည် ယောင်တတ်၏။ ညဘက် အိပ်နေရင်း လမ်းလျှောက်၏။ မျက်စိမှိတ်ပြီး မှောင်မည်းထဲမှာ နတ်ကတော် ယိမ်းက၏။ သို့ကလို ယောင်ယမ်းရင်းက မီးဖိုချောင်မှာ ပြန်အိပ်ချင်အိပ်၏။ အဲဒါ မိုးလင်းမှ သူညက ယောင်ယမ်းရင်း ဖြစ်ခဲ့ရသည်ကို အမှတ်ရ၏။

သူ့မိန်းမ သူဌေးမကြီး ဒေါ်အယ်စတဲ့ပွင့်က အထူးကုဆေး ခန်းမှာ ငင်းရောဂါကို ပြသ၍ ကုပေးခဲ့ပါ၏။ သို့သော် ရောဂါက မပျောက်။

တစ်ခါမှာလည်း အိပ်ပျော်နေရင်းမှ ယောင်၍ထပြီး မီး ဆောင်တံခါးကိုဖွင့်ကာ အိမ်သာရှေ့မှာ ကနေ၏။

အရင်တစ်ခါတုန်းကလည်း သို့နှယ် ယောင်၍ထသွားပြီး အိမ်ရှေ့ ညောင်ပင်ခွကြားမှာ အိပ်ပျော်နေရာ ကောင်းလို့ အပေါ်မှပြုတ်ကျလျှင် ပွဲချင်းပြီးနိုင်၏။ တက်တုန်းကတက်ပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com



မဆင်းတတ်၍ လှေကားထောင်ပေးခဲ့ရ၏။

အဲဒီတုန်းက သူ့မိန်းမ ဒေါ်အယ်စတုံပွင့်က ဒေါသဖြစ်လွန်း၊ ရှက်လွန်းလှ၍ သင်း၏ ဘိုစွန်းဖုတ်ဆံပင်ကိုဆွဲကာ အဝတ်ဖွပ်သကဲ့သို့ကိုင်ဆောင်ခဲ့၏။

"ကြောက်ပါပြီ အချစ်ကလေးရဲ့"

"သေဟဲ့၊ သေ. . . သေ"

"မ. . . လုပ်. . . ပါနဲ့ စတုံပွင့်ရဲ့ . . ဟီး. , ဟီး"

"ညစဉ်ညတိုင်း ဒုက္ခပေးဦး မြသန်းရဲ့ သေဟ"

သင်းကို ဆင်ပေါင်ခန့် ကြီးမားသော လက်နှစ်ဖက်နှင့် ညှစ်၍ ကိုင်ဆောင့်၏။ ခါးမှာ ပုဆိုးမရှိတော့။

"မောင်. နောင်ကို မ. . . ယောင်. . တော့ပါဘူးချစ်ရဲ့"

"ရှင်ဒီလိုပြောတာ စညားတဲ့နေ့ကနေ ဒီနေ့အထိပဲ သေ. . . သေ. . သေ"

ကျွန်ုပ်တို့မိတ်ဆွေများက မနည်းဝိုင်းဆွဲရ၏။ ယောကျ်ားကြီး အယောက် (၂၀)ခန့် ဝိုင်းဆွဲမှ သင်း ကံကောင်း၍ မသေဘဲ အရိုးများ ကွေးကောက်ပျော့ပြီး ကျန်ရစ်ခဲ့လေ၏။

"မအယ်ပွင့်ရယ်၊ ဘာလို့များ ဆေးခန်းပြနေရသေးလဲဗျာ"

ကြုံကြိုက်၍ ကျွန်ုပ်တို့က မေးသော်-

"သင်းကို ချစ်လွန်း၊ သနားလွန်းလို့ မဟုတ်ပါဘူး ကိုကိုဗျိုင်းရယ်။ ညဘက် အိပ်ရတာ အထိတ်တလန့်ရှိလွန်းလို့ပါ။ ဆေးထိုးမှားဆေးစားမှားပြီးသေလည်း အေးတာပဲဆိုပြီး ပြရတာပါ"

"အရင်လို မချစ်တော့ဘူးလား"

"ကျွန်မ လင်ရွေးမှားခဲ့ပါတယ် ကိုသောင်းယဉ်ရယ်။ သင်းကို သနားလို့ယူခဲ့မိတာပါ။ ရတဲ့ညကစပြီး နေ့ရောညပါ ကျွန်မကို. . ."



www.burmeseclassic.com

www.burmeseclassic.com



"သူ. . . သူ. . . ဘာ. . . ဘာလုပ်လို့လဲ ဟင်. . ဟင်"

ပုသိမ်မောင်သောင်းယဉ်ကား ဒါမျိုးဆိုလျှင် အလွန်စိတ်ဝင်စားရကား မအယ်ပွင့်ရဲ့ အဆုံးမသတ်စကားကို ကြားချင်လွန်း၍ ထပ်ခါတလဲလဲ မေးနေ၏။

"သင်း. . . သင်း"

"အေးလေဗျာ၊ သင်းက ဘယ်လိုနှိပ်စက်တာလဲဗျ။ ကောင်းခန်းရောက်မှ တန်းလန်းကြီး"

"ဒါမျိုးဆို တော်တော်ကြားချင်နေတာပေါ့ ဟုတ်လား"

"အဟီး. . . စားဝင်အိပ်ပျော်အောင်လို့ပါ ခင်ဗျ"

မင်းကြည်လှိုင်ကလည်း မည်းနေသည့်မျက်နှာကို ပင့်၍ ဟိုဒင်းသံပြုလေ၏။

"သင်းလေ. . ."

"အင်း. . ပြောပါဗျ"

"နေ့တိုင်း. . ."

"နေ့တိုင်း. . . အမလေး. . ပြီးတော့"

"ညတိုင်း. . ."

"ညတိုင်း. . . ဟာ. . . တယ်ကြမ်းပါလားဗျာ။ ဆက်ပြောပါအဟီ"

"နေ့လေး ညငါး ထမင်းစားပြီး ဆဲဆို ဆူပူကြိမ်းမောင်းပြီး ဖျစ်တောက်ဖျစ်တောက်ပြောနေတာရှင့်"

"ဟာဗျာ"

"တောက်"

"ချာပါ့ကွာ ဖွီ"

"သေတာပဲ အေးပါတယ်ကွာ"

ဇာတ်က ဟုတ်မလိုလိုနှင့် အဖျားရှူးသွား၍ ပုသိမ်မောင်



www.burmeseclassic.com

www.burmeseclassic.com



သောင်းယဉ်၊ မင်းကြည်လှိုင်နှင့် မှက်လာစိန်အေးကြူတို့အုပ်စု တောက်တခတ်ခတ်ဖြစ်သွားခဲ့ရ၏။

သို့သော် ဆရာစိတ်မာတတ်ဦးမြသန်းကြီး ဘုန်းမီးနေလ တောက်ပမှု လျှော့ချိန်ရောက်ခဲ့လေပြီ။

တစ်ည လင်မယားနှစ်ယောက် တဟိဟိ တဟားဟားနှင့် ညဦးပိုင်း အချစ်မင်္ဂလာနှစ်ပါးသွားကာပြီး အိပ်ကြ၏။

သိတော်မူသည့်အတိုင်း သန်းခေါင်ကျော်သောအခါ ယောင် ပြီး ထ၍ မျက်စိမှိတ်ရင်း လမ်းလျှောက်နေ၏။ ကန်တော်ကြီးမှာ မော်ဒယ်ဂဲလ်လေးများနှင့် လက်တွဲလျှောက်သကဲ့သို့ ခေါက်တုံ့ ခေါက်ပြန်လျှောက်၏။

ဇင်းနောက် မောလာသောအခါ ခုတင်ပေါ်ပြန်မအိပ်ဘဲ ခုတင်ခြေရင်း ကြမ်းပြင်မှာ အိပ်လေ၏။ အိပ်ရင်း အိပ်မက်ထဲမှာ ချုပ်ရှင်မင်းသမီး ဘားဒေါ်နှင့် ချစ်ရည်လူးနေသလိုလို၊ ဆိုဖီယာ လောရင့်က သူ့ပါးကို မွှေးမွှေးပေးနေသလိုလို အိပ်မက်ကောင်း များနှင့် မင်္ဂလာယူနေစဉ် နာဠီကာဂီရိဆင်နီးပါး ကြီးထွားအလေးချိန် စီးလှသော သူ့မိန်းမ မအေးယ်စတုံပွင့်သည် ရှူးရှူးပေါက်ချင်၍ ခုတင် ပေါ်မှ ဆင်းလိုက်လေသော်-

"အား. . . မ. . . လေး. . လေး"

"ဟင်. ..."

"အား. . . ဂစ်. . ဂစ်. . "

"အလို-အောက်က ဘယ်. . . ဘယ်. . သူလဲ. . ဟင်. . "

"ဂစ်. . ဂစ်. . အစ်. . အစ်"

သူမရဲ့ ပေါင်ချိန် ခြောက်သိန်းခန့်လေးသော ခြေထောက် က လူတစ်ယောက်ရဲ့ လည်မျိုကို မိမိရရနင်းထား၏။

"ဘယ်သူလဲ. . . လို့. . မေး. . နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဂစ် . . . ဂစ်"

"ဟင် . . . သူခိုးနဲ့တူရဲ့"

သူမ သူခိုးကို နင်းမိထားသည်ဟု ယုံကြည်နေ၏။ သို့နှင့် ချစ်လင်သူရဲကောင်းကြီးကို အော်၍နှိုးလေ၏။

"မောင် . . . မောင် ထပါဦး၊ ဒီမှာ သူခိုးကို ကျွန်မ မိထားပြီ တော့။ မြန်မြန်လာပါ မောင်"

"မောင်ရေ . . . မောင်"

အကြိမ်တစ်ရာခန့် အော်ခေါ်ပါသော်လည်း ပြန်ထူးသံမကြားရသောအခါ ကြောက်ကြောက်လန့်လန့်နှင့် ကျုံး၍ အော်လိုက်လေသည်။

"လာကြပါဦးရှင်၊ သူခိုး သူခိုး အိမ်ထဲမှာ သူခိုးဝင်နေလို့ လာကြပါဦးတော်"

အသံကုန်ဟစ်လိုက်သောအခါ အိမ်ဖော်များ၊ မာလီများ နိုးလာပြီး မီးခလုတ်များ ဖွင့်လိုက်ကြ၏။ အိမ်နီးနားချင်းများလည်း လက်နှိပ်မီးများ၊ မီးတုတ်များ၊ တုတ်၊ ဓားများနှင့် သူမတို့တိုက်ကို ဝိုင်းထားကြ၏။

"သူခိုးတဲ့ဟေ့"

"ဘယ်အိမ်မှာလဲကွဟေ . . ."

"ကိုမြသန်းနဲ့ အယ်စတုံပွင့်တို့အိမ်က အော်သံပဲဗျ"

"သူခိုးဆိုရင် မလွတ်စေနဲ့ ဝိုင်းထား၊ မင်းကြည်လှိုင် ဘယ်တောင်ပံကတက်။ ပုသိမ်မောင်သောင်းယဉ်တို့က ညာတောင်ပံကဝိုင်းထား။ ငါမီးကျည်ပစ်ဖောက် အဲ အဲ . . . အချက်ပေးလိုက်တာနဲ့ ရှေ့ပြေးကင်းအဖြစ် သန်လျင်မောင်ဥက္ကာတို့က ဖင်ကပ်။ ငါနောက်မှာ အားဖြည့်အဖြစ် စောင့်ကျန်ရစ်မယ်။ အားလုံး လယ်တီနော်"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ဦးဘွတ်စွပ်က စစ်ဆင်ရေးအမိန့်များကို အချောင်ခင်၍ စီမံခန့်ခွဲအမိန့်ပေးနေ၏။

မောင်သောင်းယဉ်နှင့် မင်းယဉ်ကြည်လှိုင်ကား သူ့စကားကိုနားမထောင်။ သန်လျင်မောင်ဥက္ကာ အမည်ရှိအရပ်ပုပု၊ နားလေးကြီးက အရေးထဲ သူခိုးက ဘယ်သူလဲဟု ထပ်ခါတလဲလဲ မေးနေ၏။

ဒီမှာ စိတ်မရှည်သည့် ပုသိမ်မောင်သောင်းယဉ်က-

"ညီမှိုင်းတဲ့"

"ဟာ၊ ငပု ဟုတ်လား"

အဲဒါသာကြည့်။ သင်းကား ထီးလို့ပြောလျှင် မီးဟုကြား၏။ချီးလို့ပြောလျှင် မိုးဟုကြား၏။ ခုလည်း ညီမှိုင်းဟု ရွဲ့၍ပြောလိုက်တာကို ငပုဟု မတိမ်းမယိမ်းအမည်ကို ပြောလေ၏။

"အေး-ဟုတ်တယ်၊ နင့်နှမယောကျ်ား ငပုပဲ"

"တွေ့ကြရောပေါ့ကွာ. . . ကျား"

ဘယ်လိုလုပ်ကြမည်နည်း အရပ်ကတို့။

ဤရပ်ကွက်သားများသည် တကယ့်ကို အူကြောင်ကျားများဖြစ်ကြ၏။ သူ့ထက်သူ လူစွမ်းကောင်းများဖြစ်ကြ၏။ ဂုဏ်ထူးဆောင်တံဆိပ် အလွန်လိုချင်ကြသူများဖြစ်ကြ၏။

သတင်းစာများမှာ သူတို့ဓာတ်ပုံနှင့် အမည်ပါလိုကြ၏။ သို့သော် လုပ်လိုက်လျှင် တလွဲချည်းဖြစ်၏။ မကြာခင် တိုက်ပေါ်မှမီးများလင်းလာ၏။ တံခါးများပွင့်လာ၏။ သူခိုးဖမ်းမည့်သူများအိမ်ခြံဝင်းသို့ဝင်၍ ဝိုင်းလိုက်ကြ၏။

"မိပြီလားဟေ့"

"မိပြီတဲ့ဗျို့"

"ဘယ်ကကောင်လဲကွ"

"သူခိုးက အိမ်ရှင်ကိုယ်တိုင်ပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . ."

"ဘယ်လို"

"ဟုတ်ရဲ့လားဟ မောင်သောင်းယဉ်ရ"

ထိုစဉ် အိမ်ပေါ်မှ အော်ဟစ်၍ ငိုလိုက်သည့်အသံကို ကြား လိုက်ရ၏။ အားလုံး လန့်ဖျပ်စိုးရိမ်သွားကြ၏။

"အမလေး. . . ဖြစ်မှဖြစ်ရလေခြင်း မောင်ရဲ့ . . ဟီး"

"ဟ. . ဟ ဘယ်လို ဖြစ်ကုန်ကြတာတုံးဟ"

"ဒါ. . . မြသန်းမိန်းမ အယ်ပွင့်ရဲ့ငိုသံဗျ"

"မောင်ရေ မောင်ရဲ့ မီး. . . အစ်. . အစ်. . ဟီး"

"မဟုတ်မှလွဲရော၊ သူခိုးက အိမ်ရှင်မြသန်းကို ဓားနဲ့ထိုးသတ် သွားလို့နေမှာပဲဗျ"

"လာ၊ အပေါ်ကိုတက်ကြစို့"

BURMESE CLASSIC

ဒီလိုနှင့် ဦးဘွတ်စွပ် အမှူးပြုသည့် မဟာသူရဲကောင်းများ အုပ်စုသည် ဓား၊ လှံ၊ ဓားမ၊ ငရုတ်ကျည်ပွေ့နှင့် အုတ်ခဲကျိုးများကို ကိုင်၍ တိုက်အပေါ်ထပ်သို့ တက်သွားပြီး မြင်ကွင်းကို ရှုလိုက်ကြရ သောအခါ-

"ဟာ. . ."

"ဟင်. . ."

"ဘုရားရေ"

"အိုး. . . ကျွတ်. . . ကျွတ်. . ကျွတ်"

"သေပုံဆန်းလိုက်တာကွယ်"

"သေတာတောင် ပြုံးပြုံးကြီးနော်"

"ဒါ ပြုံးနေတာမဟုတ်ဘူးကွ။ လျှာထွက်နေတာ"

မြင်လိုက်ရသည့် မြင်ကွင်းကား ဝမ်းမြောက်ဖွယ်ရာတည်း။ အဲလေ ယောင်လို့ အလွန်ကြေကွဲစရာကောင်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကိုမြသန်းသည် ခုတင်ခြေရင်းမှာ လျှာတစ်တောင် ခန့်ထွက်၍ စန့်စန့်ကြီးဖြစ်နေ၏။ မျက်လုံးနှစ်လုံးကား အပြင်သို့ ပြူးထွက်နေသည်မှာ ဇီးကွက်မျက်လုံးလို ဖြစ်နေ၏။

ကြမ်းပြင်မှာ ချေးများထွက်၍ နံပောင်နေရကား သူခိုး ဖမ်းရန်လာခဲ့ကြသူများ အော့အန်၍ နှာခေါင်းကို ပိတ်ထားရ၏။

"မောင်ရေ. . မောင်ရဲ့ အဖြစ်ဆိုးလှချည်လား။ မောင်ကိုကို သန်းရဲ့ ဟီး"

အယ်ပွင့်သည် သူ့လင်အနီးမှာ ဒူးထောက်၍ ငိုနေ၏။

သို့နှင့် ဦးဘွတ်စွပ်က ဖြစ်ပျက်ပုံကို မေးလိုက်၏။

"ဟီး. . . ပြောရမှာ ရင်နင့်လွန်းလို့ပါ။ ဦးလေးဘွတ်စွပ် ရယ် ဟီး"

BURMESE CLASSIC

"နင့်အမေ ဘွတ်စွပ်ရမှာလား ဘစုလို့ပြောပါဟ"

"ဟုတ်ကဲ့ ဦးလေးဘွတ်၊ အဲ. . . အဲ. . ဘစုရယ် ဘယ်က စပြောရမှန်းကို မ. . မသိ ဟီး. . အို ကိုမြသန်းရဲ့ ကျွန်မ ကို ခုတော့ တစ်ယောက်တည်း ထားခဲ့ပြီပေါ့ ဟီး"

လင်သူတော်ကောင်းကြီးကို ချစ်ရှာလွန်းလို့ထင်။ ရင်ဘတ် ကိုထု၍ငို၏။ ဖြစ်ကြောင်းကုန်စင်ကို မပြောပြနိုင်သေး။

"ကျွန်မ ဘယ်သူနဲ့နေရမှာလဲ ကိုမြသန်းရဲ့ဟင်. . ဟီး"

"မင်းကြည်လှိုင်နဲ့နေပေါ့ဗျာ"

"ဟာဗျာ"

အရေးထဲ နောက်တီးနောက်တောက် တစ်ယောက်က ဝင် ဖောက်လိုက်သေး၏။

"အယ်ပွင့်"

"ရှင်. . . ဦးဘွတ်"

"ဖြစ်ပုံကိုပြောပါဦး အယ်ပွင့်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ဦးလေးဘွတ်ရယ်။ အင့်. . . ဟင့်. . . ညဦးပိုင်း တုန်းကလေ"

"အေး-ဘာဖြစ်လဲ"

"ဟောဒီ စိန်နဲ့မြ မွေ့ရာကြီးပေါ်မှာပေါ့တော်"

"တောက်. . . အရေးထဲဟာ၊ ကဲ-ပြောပါဟ"

"ကျွန်မပါးကို သူ့ပါးနဲ့ကပ်အပ်ပြီး. . ."

"မိပွင့်. . . လိုရင်းကိုပြောပါ မိပွင့်ရာ နင့်ဟာက"

"ဦးလေးဘွတ်ရယ်၊ သွားလေသူကြီး ကျွန်မအပေါ် ဘယ် လောက် အကြင်နာပေးတယ်ဆိုတာလေး သူ့ကို နောက်ဆုံး ဂုဏ် ပြုလေးစားတဲ့အနေနဲ့ တစ်လုံးမကျန်ပြော. . . ပြော . . အင့် . . . ဟင့်. . . ပြောပါရစေရှင်. . ဟီး"

BURMESE CLASSIC

အားလုံး စိတ်ညစ်ကြပါ၏။ သို့သော် မတတ်နိုင်။

"ကိုင်း-ပြောဟာ. . . ပြော"

"ဟင့်. . . ကျွန်မကို ပါးချင်းအပ်ပြီး နှစ်ကိုယ့်တစ်စိတ်လို ပွင့်ကိုချစ်တယ်လို့ပြောပြီး ဟိုဒင်းဟိုဒှာ"

"ဘာတုံးဟ၊ အဲဒါက. . ."

"အဒှာတော်. . ."

"ကျော်လိုက်တော့ဟာ မိပွင့်"

ဒီမှာ ပုသိမ်မောင်သောင်းယဉ်က ဝင်ပြီး ပြောပြန်ပါရော ခင်ဗျာ။

"မကျော်ပါနဲ့ဗျ။ အစီအစဉ်အတိုင်းသွားပါစေ"

"မင်းတို့ကလည်းကွာ။ အဒှာပြုတယ်ဆိုပြီးပြီပေါ့ကွာ"

"အဲဒီ အဒှာဆိုတာ ဘာမှန်းမှမသိသေးဘဲဥစ္စာ၊ ရှင်းမီအောင် လုပ်ပါစေဗျာ"

မင်းကြည်လှိုင်ကလည်း ပုသိမ်မောင်သောင်းယဉ်ဘက်က



www.burmeseclassic.com

www.burmeseclassic.com



စစ်ကူဝင်လေ၏။

"မိပွင့်"

"ရှင်. . . ဦးဘွတ်"

"နင်တို့ အတွာပြုတယ်ဆိုတာ ဘာလဲဟ"

"ဇက်ကြောဆွဲပေးတာကို ပြောတာပါ ဦးဘွတ်ရယ်"

"ကိုင်း. . . မင်းတို့ရှင်းပြီလားဟေ့. . သောင်းယဉ်"

"ဟွန်း. . . ရှင်းပါပြီဗျာ တောက်. ."

"ပြီးတော့ ဘာဖြစ်လဲပြောပါဦး. . ."

BURMESE CLASSIC

သည့်နောက် တစ်ရေးနိုးမှာ အပေါ်သွားချင်၍ ခုတင်ပေါ်မှ အဆင်း၊ လူတစ်ယောက်ကိုနင်း၊ သူမရဲ့ ဆင်စွယ်အနှစ်သဏ္ဍာန် ခြေထောက်နှင့် တက်နင်းမိကြောင်း၊ ချစ်လင်ကို နှိုးသော်လည်း ခေါ်မရသည့်အဆုံး 'သူခိုး သူခိုးဟု အော်လိုက်ရပါကြောင်း၊ အိမ်ဖော်များရောက်လာ၍ မီးဖွင့်ကြည့်လိုက်သောအခါ မိမိခြေထောက်နှင့် နင်းထားမိသူမှာ သူခိုးမဟုတ်ဘဲ သူမ အသည်းတုန် အူတုန် တလီစာတုန် ရင်သိမ့်တုန်ချစ်ရသည့် ချစ်လင် သူတော်ကောင်းကြီး ကိုမြသန်းဖြစ်နေပါကြောင်း ပြောပြီး ရင်ထု၍ ငိုပြန်လေ၏။

"အမလေး-ကိုမြသန်းရဲ့၊ ခုတော့ ကျွန်မက နေရင်းထိုင်ရင်း မိန်းမကြမ်းကြီးဖြစ်ပြီပေါ့။ လူသတ်မကြီးဖြစ်ပြီပေါ့ဟင်။ ရှင့်ကို ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတာ ရန်ကုန်တိုင်း၊ ရောဝတီတိုင်း၊ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်သာမက နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ဘုံနှစ်ဆယ်၊ အပါယ်လေးဘုံနဲ့ ငရဲကြီးရှစ်ထပ်၊ အရန်ငရဲ တစ်ရာကျော်အထိ အားလုံးအသိ ဟီး. . ကိုမြသန်းရေ. . . ကိုမြသန်းရဲ့. . ."

ရှိရှိသမျှလူအားလုံး နားကိုပိတ်ထားရ၏။ အစစ်နဦးက သူမကို သနားကြ၏။ ခမျာ မုဆိုးမလေးဖြစ်ပြီရယ်လို့၊ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ငိုကြောကရှည်ပြီး အရမ်းကိုဖွဲ့လွန်းသောအခါ စာရေးဆရာ မောင်ညိုမှိုင်းဝတ္ထုဖတ်ရသကဲ့သို့ အမြင်ကကတ်ကုန်ကြ၏။

သို့နှင့် ချက်ချင်း ကရုဏာအရောင်ပြောင်းကုန်ကြ၏။

လျှာထွက် ချေးထွက်၍ သေနေသည့် ကိုမြသန်းကို သနားကြ၏။

ဒီမှာ အားလုံး အသိပညာတစ်ခု တိုးသွားကြ၏။ ညဘက် ယောင်တတ်ခြင်းကား အခန့်မသင့်လျှင် ကိုမြသန်းကဲ့သို့ မာလကီးယားနိုင်ကြောင်းဆိုသည့် အသိတစ်ခု ဖြစ်၏။

"ကိုင်း. . . ကိုင်း-မိပွင့် ငိုမနေနဲ့တော့၊ ရှောတဲ့လူလည်း ရှောသွားပြီ။ ဒါဝမ်းသာ. . ."

"ဘာ. . . ဘာရှင့်"

"အဲလေ ဝမ်းသာလို့ မ. . . မရဘူး။ ဒါပေမယ့် ဝမ်းနည်းနေလို့လည်းမရဘူး။ နင်ငိုနေလို့လည်း သေတဲ့လူ ပြန်ရှင်လာမှာမဟုတ်ဘူး။ အားလုံး အနိစ္စချည်းပဲ။ ဟုတ်ရဲ့ခင်ဗျား"

ဦးဘွတ်စွပ်က အရေးထဲမှာ တရားပြနေ၏။ မကောင်းတတ်၍ ပုသိမ်မောင်သောင်းယဉ်တို့က လိုက်(ဖော)ပေးကြ၏။

"ဟုတ်ကဲ့ခင်ဗျ"

"အနိစ္စဆိုတာ တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အမြဲမရှိလို့ ဟောခဲ့သကိုးကွယ့် မောင်မင်းကြည်လှိုင်တို့ရဲ့"

"ဒါပေါ့ခင်ဗျ"

ဘုန်းကြီးရှူးနှင့် လေ့လူးကား တိုးချေပြီ။ ဒီလိုနှင့် ချေးထွက် လျှာထွက်၍ သေနေသော မသာအနီးမှာရပ်ပြီး ဦးဘွတ်စွပ်က အသုဘရှုတရားကို ဟောလေ၏။

"လူတိုင်း. . . အဟမ်း. . သက်ရှိသတ္တဝါတိုင်း အဟမ်း အဟွတ် အဟွတ် အမြဲ မ. . မရှိ အဟွတ်။ အိုမယ်. . နာမယ်. . .



www.burmeseclassic.com

www.burmeseclassic.com



သေမယ် အဟမ်း. . . အဟွတ်. . . ပျက်မယ်။ ဟုတ်ရဲ့လားကွယ် အဟွတ်. . . အဟွတ်"

"ဒါပေါ့ အာစရိဘွတ်ရယ်"

မင်းကြည်လှိုင်ကား ချွန်တွန်းမြှောက်ပင့်လုပ်၏။ လုပ်လေ ဦးဘွတ်စွပ်က ကဲလေ။ မသာကား အအေးပတ်စပြုလာ၏။

"ကြည်လှိုင် ချွန်မပေးပါနဲ့ကွာ"

"နေစမ်းပါကွာ။ ဒါငါ့ဦးလေးကွ။ ဒါမျိုး သူပြောချင်နေတာ ကြာပြီ။ ကိုယ့်သူငယ်ချင်းအသုဘမှာ ပြောပါစေ။ ပြော ဦးလေး . . . ပြော"

"သည်တော့ကာ. . . အဟွတ်. . . အဟွတ်. . ဥပါဒ်၊ ဌီ၊ ဘင်တဲ့။ မွေးတယ်၊ ဖြစ်လာတယ် အဟွတ်"

"ဘွတ်"

[ဘွတ်ကား ဦးဘွတ်စွပ်၏ အမည်အတိုကောက်မဟုတ်။ ရှီး ထည့်ရင်း စအိုမှလေလည်ခြင်းသာ ဖြစ်ချေ၏။]

"ဖြစ်ပြီးရင် ပျက်တာပဲ။ ဟိုသီချင်းလိုပေါ့ကွာ။ ဘယ်သူ မဟာဂီတဦးပြုံးချိုရဲ့ တေဘုမ္မာထဲကလိုပေါ့။ အနိစ္စ၊ ဒုက္ခနဲ့ အနတ္တ တရားမရကြလို့ များလှတဲ့ သံသရာ×××ကာမောဃာ၊ ဘဝေါဃာ ×××ဒိဋ္ဌောဃာ အဝိဇ္ဇောဃာ စိတ်မောဟာ မကင်းတာ×××သူ တဏှာတဲ့ကွယ့်"

ဦးဘွတ်စွပ်ကား အစိမ်းသေကြီး ကိုမြသန်းရဲ့ ရုပ်ကလာပ် ကိုမှ အားမနာ၊ ရင်ကွဲမတတ် မျက်ရည်ယိုစီးကျနေသည့် အသုဘ အရှင် မအယ်ပွင့်ရဲ့ မျက်ခွက်ကြီးမှ မထောက် ဦးပြုံးချို၏ တေ ဘုမ္မာသီချင်းကို အသံနေအသံထားနှင့်ဟစ်လေ၏။

"အမိပ္ပာယ်လုပ်ပါဦး ဦးလေးဘွတ်စွပ်ရ"

"အဲ. . . အဲ အဟွတ် အမိပ္ပာယ်က အဟွတ်. . အဟွတ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကွ။ အဲ. . . ဘာတုံး ဆိုတော့ အဲထားပါတော့ကွာ။ ဆရာကြီး ဦးပြုံးချို ဘာဆက်ပြောလဲဆိုတော့ အနိစ္စလက္ခဏာ ရုပ်တရားနာမ် တရားနှစ်ဖြာ×××အိုနာသေမည်×××အတည်မကျပါ××× သခ်ီါရ ဟာ ဘင်ကာလ မကြာ×××"

သို့ကလို ဦးဘွတ်စွပ်သည် တေဘုမ္ဘာကို အသံနေအသံထား နှင့်အမိပ္ပာယ်မှုမပြန်နိုင်ဘဲ အခွင်းအရေးရခိုက် အဆိုတော်အံကျား (မင်းဘူး)တို့ကဲ့သို့ ဟစ်နေစဉ် ရပ်ကွက်လူကြီးများ အိမ်ပေါ်သို့ ရောက်လာ၏။

ဦးဘွတ်စွပ်သည် အသုဘရုပ်ကြီးကိုကြည့်၍ ကာရာအိုကေ ဟုမှတ်ပြီး ဟစ်ကောင်းနေစဉ် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ငြိမ်း၊ ဦးလှ ထွန်းနှင့် ဦးစံရတို့ကိုမြင်မှ အဆိုရပ်သွားလေ၏။

(၇)ရက်သားသမီးတို့လည်း ယခုမှ နားချမ်းသာသွား၏။

သေသူကိုမြသန်းကား လျှာကန့်လန့်နှင့်တောင့်၍ နေခဲ့လေ ပြီတကား။

☺



www.burmeseclassic.com

www.burmeseclassic.com

## (၇)

## ပွဲချင်းပြီးဆေးကုခန်းရောက်ကြသူများ

အနို့ ကိုမြသန်းကား ဆင်နင်းခံရ၍ အစိမ်းသေ သေလွန်ပြီးနောက် အစိမ်းတစ္ဆေဘဝသို့ ရောက်လေ၏။ ခမျာ အစိမ်းတစ္ဆေဘဝရောက်သော်လည်း ကံလေးကောင်းရှာ၏။

လူ့ဘဝတုန်းက အလှူအိမ်သွားရင်း သူ့ရော်ဘာရှာလွတ်လုပ်ဖိနပ်နှင့် သူတစ်ပါး၏ဆင်ကိုးကောင် မန္တလေးသားရေဖိနပ်ကို ခပ်တည်တည်လဲစီးခဲ့ဖူး၏။

ရပ်ကွက်လမ်းထိပ်ရေအိုးစင်မှ ယွန်းခွက်ဖလားကို မူးမူးနှင့် ညဘက်အပြန်ယူလာခဲ့ဖူး၏။

လူသေကောင်ခေါင်းပေါ်မှ ဒံပေါက်ထမင်းထုပ်ကို အလစ်သုတ်သွားပြီး နားလေးကဗျာဆရာ မောင်ဆွေမွန်ကို ကာလပေါက်ဈေးထက် ထက်ဝက်လျှော့၍ ရောင်းခဲ့ဖူး၏။

ဤမည်သော ကုသိုလ်ကောင်းမှုများကြောင့် သေလွန်၍ တစ္ဆေဘဝရောက်သောအခါ သင့်တင့်သော ရာထူးဌာနန္တရတို့ကို ရရှိလေ၏။

ဤအဒူလကြောင်သချိုင်း၌ အရပ်သုံးစကားနှင့် မပြောရလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်အိမ်ခေါင်းရာထူးမျိုးရရှိ၍ သချိုင်းစောင့်မဖဲချာက လိုအပ်သော တောက်တိုမည်ရမျှားခိုင်စရာရှိလျှင် တစ္ဆေကိုမြသန်းကို ယုံယုံကြည်ကြည် တာဝန်ပေး၏။

ခုလည်း မဖဲချာ၏ တာဝန်ပေးချက်အရ ကြီးမားကျယ်ပြောလှသည့် အဒူလကြောင်သချိုင်းအတွင်း တပည့်နှစ်ဦးနှင့် မောင်းကြေးနင်းလည်ခတ်နေ၏။

"ဗျိုး. . . အဒူလကြောင်သချိုင်းအတွင်း မှီတင်းနေထိုင်ကြသည့် ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ မှင်စာ၊ ကျတ်အပေါင်းတို့. . . ဟို. . . ဟို"

"ဒူ"

'ဗျို့ ဟိုဟို' ဟု သံရှည်ဆွဲလိုက်သောအခါ မောင်မြင့်ကြွား (ဘိုကလေး)သရဲက နာနာဘာဝမောင်းကြီးကို တစ်ချက်ထုလိုက်၏။ နောက်တစ်ချက်ထုရန် လက်မြှောက်လိုက်သောအခါ တစ္ဆေကိုမြသန်းက လှမ်းသတိပေးလိုက်၏။

"ဘိုကလေးတစ်ချက်ပဲထု"

"ဟုတ်ကဲ့. . . အာ. . အာစရိ"

"လာမည့် ပြာသိုလပြည့်. . . အမေ့နေ့၌. . . "

"ဆရာ အမေနေ့မဟုတ်ဘူး။ အမေနေ့က ဆရာကြီး ဦးသုခတို့ ကျင်းပတာ။ ဗုဒ္ဓဟူးနေ့လို့ပဲ ပြော. . . ပြော"

"အေး. . . ဟုတ်ပေသားဟ။ ဆောရီးခင်ဗျာ"

နာနာဘာဝမောင်းကြီးထုသံနှင့်အတူ တစ္ဆေကြီး ကိုမြသန်းရဲ့ အူကြောင်ကြောင်အသံကို ကြားရသောအခါ ဂူပေါ်၊ မြေပုံပေါ်၊ သစ်ပင်ပေါ်၊ ဇရပ်ပေါ်၊ အိမ်သာပေါ်၊ မြောင်းထဲမှာ အိပ်စက်နားနေ လှုပ်ရှားကစား ချစ်တင်းနှောနေကြသော၊ အိပ်ငိုက်နေကြသော တစ္ဆေသရဲ၊ မှင်စာ၊ ကျတ်၊ ပြိတ္တာ၊ အရွယ်အစား ပုံသဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးတို့သည် ခေါင်းထောင်၍ကြည့်ကြ၏။ ပြေးလာ၍ နား ထောင်ကြ၏။သင်းတို့သုံးယောက်ကိုကြည့်၍ အမျိုးမျိုးဝေဖန်ကြ၏။

"ရှေ့ကဘယ်သူဖုံးဟာ"

"အဲဒါ အံကျား(မင်းဘူး)သရဲလေ"

"လူကြမ်း ချီးဘုနဲ့ တူတယ်နော်"

"တူမှာပေါ့အေ၊ တစ်ရွာတည်းသားတဲ့"

"ဟိုနောက်က နဖူးပေါ်မှာ မုလင်းထောင်ထားသလို ဘုကြီး နဲ့က မိုးနေဘွားလားဟဲ့"

"ဘယ်ကဟုတ်ရမှာလဲ။ ဘိုကလေး မောင်မြင့်ကြွားထဲ့။ လူ ဘဝတုန်းက ရုပ်ရှင်ရုံရှေ့မှာ မူးပြီး ပုဆိုးကျွတ်ကျတာ သူပေါ့အေ"

"ညည်းမြင်လို့လား"

"မြင်တာပေါ့အေရယ်"

"ဟား. . . ဟား. . ဟား"

"အဟီး. . . ဟီး. . ဟီး. . ဟီး"

"ဒီမှာ လူရာဝင် အဲလေ သရဲရာဝင်လို့နော်"

"ဒါကလည်း သချိုင်းစောင့် မဖဲချာဘေးမှာ အနားမှာ လုပ် နေလို့ပါ ကောင်မရယ်။ နားထောင် နားထောင်၊ ကိုမြသန်းကြီး ပြောနေပြီ"

"မကျွတ်မလွတ်သေးသော နာနာဘာဝ ပြိတ္တာဘုံသား အ ပေါင်းတို့။ လာမည့်ပြာသိုလပြည့် ဗုဒ္ဓဟူးနေ့ညနေ မှောင်ရီဖျိုးဖျ နားရိုင်းသွင်းချိန် အင်္ဂလိပ်စက်နာရီ ခြောက်နာရီခွဲခန့်. . .၊ မြန်မာ နာရီ. . ."

"လျှာကိုရှည်ပါတော်"

"ဒီလူကြီးတို့သချိုင်းကို ရောက်လာချိန်ကစပြီး နားကိုညည်း နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . အဲ. . မြန်မာနာရီ ညီအစ်ကို မသိတသိအချိန်၌ သုသာန်ကျောင်းဆရာတော် ဦးဇင်းအောင်စိန်(ဘွဲ့အမည် ဦးကုန္ဒက)ဦးစီးပြီး အလှူရှင် စေတနာရှင်များဖြစ်ကြသော စိတ်ကူးသစ်စာပေမှ ကိုတင်ထွန်း၊ ၎င်းရဲ့ညီ 'သိုးနေပြီ' ဟိုတယ်ပိုင်ရှင် ကိုမြင့်ထွန်းနှင့်အတူ 'အကုန်ဝါးမယ်' ကာရာအိုကေပိုင်ရှင် အငြိမ်းစားထောင်မှူးကြီး စာရေးဆရာသိန်းဝင်း၊ ပုတ်သင်ညိုနှင့် ပုတတ်ကျပ်တိုက်ကိုယ်စားလှယ် မုဆိုးကြီးလေးမောင်၊ ရွှေနေမလေး မေပျံ့လွှားချစ်သူ 'အမှုန့်ကြိတ်မယ်' စက်ရုံပိုင်ရှင် ဦးနေစိုးမော်။ သေချင်တာကြာပြီ လုံးချင်းနှင့် နာမည်ကျော်သွားသည့် စာရေးဆရာဗညား ဦး(အိမ်မဲ)၊ 'ငါသေမှ အေးမယ်' ခေါက်ဆွဲပိုင်ရှင် ဒေါ်နီလာမြင့်(သာကေတ)နှင့် သုံးခွမြို့နယ်မှ အုတ်၊ သဲ၊ ကျောက်၊ နွံ၊ ဗွက်အမှိုက်ပုံ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် ဒေါ်သီတာမြင့်တို့ပါဝင်သည့် အလှူရှင်ကုသိုလ်ရှင်များက ဤအဒူလကြောင်သင်္ချိုင်းမှာ မှီတင်းနေထိုင်ကြသော မကျွတ်မလွတ်သူ နာနာဘာဝအပေါင်းတို့အား ရည်စူး၍ အကျွတ်အလွတ်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲစည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ် အမျှပေးဝေသွားမည် ဖြစ်ပါ၍ လာမည့်ပြာသိုလပြည့် ဗုဒ္ဓဟူးနေ့ ညနေ(၄)နာရီ အချိန်အရောက်ပြိုလုလုဇရပ်မှာ လာရောက်စုဝေးကြပါရန် အကျိုးမျှော်၍ နှိုးဆော်. . ."

"ဒူ. . ဟူ. . ဟူ"

"တောက်-ဘာလို့ မောင်းထုရတာလဲ ဘိုကလေး"

"ပြီးပြီမဟုတ်လား အာ. . အာစရိ"

"နှိုးဆော်ပဲရှိသေးဥစ္စာ 'ခင်ဗျား'ကျမှ ထုရမှာပေါ့ကွ"

"ဆောရီး အာစရိရာ ဆောရီး၊ နိတ်(စ်)ဝင်းဗျာ လုပ်ပါ"

စကားမှမဆုံးသေး။ မောင်းမှားထု၍ တမာဆွကိုမြသန်းကြီးက



www.burmeseclassic.com

www.burmeseclassic.com



မောင်မြင့်ကြွား(ဘိုကလေး)ကို ခွဟောက်တော့၏။

"ပြန်စမယ်၊ 'ခင်ဗျား'ရောက်မှ အသားကုန်ထု နားလည်လား"

"ရက်(စ်) အာစရိ"

"အပာမ်း . . အပာမ်း . . ပြိုလုလု ယိုင်နဲ့နဲ့ဇရပ်မှာ လာရောက်စုဝေးကြပါရန် အကျိုးမျှော်၍ နှိုးဆော် ဟော် . . ဟော်"

ဒီအချိန်မှာပဲ တစ္ဆေအိုကြီး သန်လျင် ရန်နောင်က တစ္ဆေကိုမြသန်းကြီးကို ဂူပေါ်မှာ ရပ်ရင်း လှမ်းအော်နှုတ်ဆက်လိုက်၏။

"ဗျို့ . . . ကိုမြသန်း"

တစ္ဆေကိုမြသန်းကြီးသည် ရုတ်တရက် သူ့အမည်ကို လှမ်းခေါ်လိုက်သောကြောင့် အော်နေရာမှ လှည့်ကြည့်ပြန်ထူးလိုက်၏။

"ခင်ဗျာ"

"ဒူ . . . ဟူ . . ဟူ . . ဟူ"

ဒီမှာ မောင်မြင့်ကြွား(ဘိုကလေး)က 'ခင်ဗျား' ရောက်လျှင်ထုဟု ပြောထားသည့်အတွက် နာနာဘာဝမောင်းကြီးကို အသားကုန်ထုလေသော်-

"ဒူ . . . ဟူဟူ"

"ဒူ . . . ဟူ . . ဟူ"

"ဒိန် . . ဟိန် . . ဟိန်"

"မြင့် . . . ကြွား"

"ဒိန် . . . ဂိန် . . . ဂိန်"

"ဟော့ကောင် ဘိုကလေး"

"ဒါန် . . . ကလန် ဂလန် . . . ဒူ . ."

ဘိုကလေးသည် လူ့ဘဝတုန်းကလည်း (၁၃)နှစ်သားကတည်းက ထုနေကျဖြစ်ရကား တစ္ဆေသရဲဘဝရောက်သော် အာဏာရ



www.burmeseclassic.com

www.burmeseclassic.com



မောင်းကြီးကို နောက်ပြန်မကြည့်ဘဲ တအားထုလေ၏။

ဘယ်လိုမှ အော်ပြော၍ တားမရသည့်အဆုံး မောင်းထုနေသည့် ဘိုကလေး မြင့်ကြွား၏ တင်ပါးကို နောက်မှ ပိတ်ကန်လိုက်တော့မှ-

"ဒူ. . . အန်. . အန်. . ဂန်. . ဂန်"

"ဝုန်း. . ဂလုန်း"

ကန်ချက်ပြင်းသောကြောင့် မောင်းရော တစ္ဆေပါ မှောက်လျက်လဲလေ၏။ ရှေ့မှ မောင်းထမ်းသည့် အံကျား(မင်းဘူး)လည်း မောင်းထမ်းပိုး နားအုံကိုဆောင့်မိ၍ ဗလီပွတ်ချွန်းဆေးလိပ်လေး မှိန်းရင်း မှောက်လျက်လဲကာ အုတ်ဂူနှင့် နဖူးဆောင့်မိပြီး နဖူးသုံးလက်မခန့် ကွဲသွားလေ၏။သရဲကြီး ဘိုကလေးမောင်မြင့်ကြွားသည် မြေကြီးမှာ ပေကျံရင်း ကုန်းထကာ-

"အာ. . . အာ. . စ. . . စရိ"

"ဘာတုံး"

"ဘာလို့ ကျုပ်. . . ကျုပ်. . ကို ကန်. . . ကန်ရတာတုံးဗျ ဟီး"

"မင်း ဘာလို့ မောင်းကိုထုတာလဲ. . . ပြော"

"အာ. . . အာစရိပဲ 'ခင်ဗျား'ရောက်ရင် ထု. . ထုဆို"

မောင်မြင့်ကြွား(ဘိုကလေး)က အ,ထစ်အ,ထစ်နှင့် ရှုံ့မဲ့ရင်း ပြန်ပြော၏။

"တောက်. . . သေလိုက်ပါတော့ ဘိုကလေးရာ။ ငါထုခိုင်းတဲ့ 'ခင်ဗျား'က ကြေညာစကားခင်ဗျားဆုံးမှ ထုရမယ့် မောင်းသံကွ"

"ခုလည်း အာစရိ. . ခင်ဗျား သုံး. . . သုံးလိုက်သံမို့လားဗျ"

"ဟ. . . ဒီခင်ဗျားက ကြေညာစကားဆုံးဟာ့ ခင်ဗျား အခ



www.burmeseclassic.com

www.burmeseclassic.com



ပိုဒ်မဟုတ်ဘူးကွ"

"ဒါဖြင့် ဘာ. . . ဘာ ခင်ဗျား‌လဲ။ ပြော. . . ပြော"

"ဟို ဂူပေါ်က အယုတ်တမာ မသာကောင် တစ္ဆေကြီး ငါ့သူ ငယ်ချင်းဟောင်း သန်လျင်ရန်နောင် လှမ်းခေါ်လို့ လွှတ်ခနဲ ထူး လိုက်တဲ့ ခင်ဗျားကွ"

"သိဖူးလေဗျာ။ ကျုပ်. . . ကျုပ်က ဖြီးဖြီမှတ်ပြီး ထု. . ထု"

"မင်းတို့လုပ်ရင် တလွဲချည်းပဲ။ ဘိုကလေးရာ။ နားကျ ပါးကျလည်း နားမထောင်ဘူး။ မှားပါပြီကွာ။ မှားတာမှ သိပ်ကို မှားတာပါ။ အစကတည်းက ငါ သချိုင်းစောင့် မဖဲချာကို ပြောပါ တယ်။ မင်းနဲ့ အံကျားကို ငါနဲ့ တွဲမပေးပါနဲ့လို့။ ဖွီ. . လူ့ဘဝတုန်း တလည်း မင်းတို့နှစ်ဦးဟာ (၇)ရက်သားသမီးကို လုံးဝ ကောင်း ကျိုးမပေးခဲ့ဘူး။ တစ္ဆေသရဲဘဝရောက်တော့လည်း ငါ့ကို အရှက်ကွဲ အကျိုးနည်း ပရိသတ်ကဲ့ရဲ့အောင်လုပ်တယ်။ ဟိုမှာကြည့်စမ်း၊ ငါ တို့ကို တစ္ဆေသရဲတွေက ဝိုင်းကြည့်ပြီး လှောင်ပြောင်နေတာ"

ဘိုကလေးသည် တစ္ဆေကိုမြင့်သန်းညွှန်ပြရာသို့ လှမ်းကြည့် လိုက်၏။ တစ္ဆေသရဲ အရွယ်မျိုးစုံနှင့် ပုစုခရု သရဲလေးများသည် သူတို့သုံးယောက်ကိုကြည့်၍ လက်ညှိုးထိုး လှောင်ပြောင်ပြောဆို ရယ်မောနေကြ၏။

"ရှယ်ပဲဗျာ၊ ကောင်းလိုက်တာ။ နောက်တစ်ကျော့လုပ်ပါဦး ဗျ"

"အသံက တွဲတေးဂွတိုနဲ့ ကိုအံ့ကြီးအသံရောထားသလိုပဲဗျ"

"နောင်ကို မယ်ဒလင်လေးနဲ့ လုပ်ပါဗျ ဘကြီးမြသန်းရ"

"တော့် ကိုမြသန်း တစ္ဆေဘဝရောက်ကတည်းက ဟာသ ဘား မကြည့်ရတာ ခုမှပဲ ရယ်ရတယ်တော် အဟတ် အဟတ်. ခစ်. . ခစ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ဘိုကလေး၊ အဲဒါ မင်းကြောင့် မင်းကြောင့်"

"ဂရုစိုက်မနေစမ်းပါနဲ့ အာစရိယ"

"မစိုက်လို့ရမလားကွ။ ငါက တစ္ဆေပေမယ့် သိက္ခာနဲ့ဂုဏ်နဲ့ဖြုပ်နဲ့နေတဲ့ တစ္ဆေ။ လဲသာသေလိုက်ချင်သကွာ ကြည့်စမ်း ပါဦး"

ဒီမှာပဲ ဝိုင်းဝန်းလှောင်ပြောင်အော်ဟစ်နေကြသည့် တစ္ဆေသရဲများကိုကြည့်ပြီး မောင်မြင့်ကြွား(ဘိုကလေး)နဲ့ သရဲကြီး အံကျား (မင်းဘူး)တို့ ဒေါပွ ပေါက်ကွဲကာ စုတ်ပြတ်သတ်နေသည့် ဝတ်လဲခါးဝတ်ပုဆိုးကို ခါးတောင်းကျိုက်၍ လက်ပမ်းပေါက်ခတ်ကာ စိန်ခေါ် လိုက်လေ၏။

"ဟေ့ ဒါလှောင်စရာမဟုတ်ဘူးကွ။ ငါတို့ နာနာဘာဝ တာဝန်ကို ထမ်းဆောင်နေတာ။ မိုက်တဲ့ကောင်ထွက် ဘိုကလေး မြင့်ကြွားကွ"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ဘိုကလေးမောင်မြင့်ကြွားက ခြေသလုံးပလွေရိုးနှင့် လက်ပမ်းပေါက်ခတ်၍ စိန်ခေါ်သည်ရှိသော် အံကျား(မင်းဘူး)ကလည်း သရဲလက်ကွက်သိုင်းကို ပြန်ဟစ်လေ၏။

"ဟေ့ မင်းဘူး အံကျားကွ။ အထက်အညာမှာ လူ့ဘဝတုန်းက နို့စို့ကလေးတွေကို ကိုင်ပေါက်ခဲ့တဲ့ကောင်ကွ။ မင်းတို့ထဲက သတ္တိရှိတဲ့ တစ္ဆေသရဲထွက်ခဲ့။ သရဲထောင်ကျမှာ လုံးဝ မကြောက်ဘူး ထွက်စမ်း"

"ဖောင်းဖောင်း. . . ကား"

မင်းဘူးအံကျား(အချို့က မှင်ပူးအံကျားဟုလည်းခေါ်၏။)က တုတ်ကို လှံလိုကိုင်လိုက်ပြီး သရဲသိုင်းတစ္ဆေလှံရေး (၇၄)ရေးကို ပြလေ၏။

(မှတ်ချက်။ ။ လူ့လောကတွင် ဓားရေး (၃၇)ချင်း၊ လှံ



www.burmeseclassic.com

www.burmeseclassic.com



ရေး (၃၇)ချင်းရှိပါသော်လည်း သရဲတစ္ဆေလောက၌ ဓားရေး၊ လှံရေး နှစ်ဆတိုးကာ (၇၄)ရေးရှိသည်ဟု နာနာဘာဝတို့၏ အရှင်သခင်ကြီး ရေအောက်အဝီစိသုံးကြိမ်ပြန် ဗြိတ္တာကြီး ဦးပွေးဆင့်ဘ ဂူကျောက်ထက် အက္ခရာတင်ခဲ့ဖူး၏။ စကားချပ်။)

"ချဟော့. . . ချကွ. . ဝိုင်းချ"

"တီး. . . တီး. . အူကြောင်ကျား သရဲသုံးကောင်ကို တီးကြ"

"မှင်ဗူးဆိုတဲ့ သရဲကို အသေထု"

"ဘိုကလေးဆိုတဲ့ သရဲကို မိန်းမလှကျွန်းရောက်အောင်ပို့ကျား"

"ကျား. . ကျား. . . ကျား"

"ပစ်. . . "

"ဝီ. . ဝီ"

"ဝှီး. . ဝှီး"

"ဖုံး. . . ခွမ်း"

"အင့်. . . သေ. . ပါ. . ပြီဗျ"

"ကိုင်းဟာ. . . "

"ဖောင်း. . . "

"အမေ ကြူကြူသင်း ကယ်ပါဦး အမေရဲ့ အား. . "

"ဒေါင်"

"အား. . . အမေ မညိုညိုယဉ်ရဲ့ ကြည့်မနေပါနဲ့ဗျ"

ဝိုင်းကြည့်လှောင်ပြောနေကြသည့် တစ္ဆေသရဲ နာနာဘာဝအကောင်သုံးရာခန့်တို့သည် အုတ်ခဲကျိုးများ၊ ခေါင်းပျဉ်များ၊ မြေကြီးခဲများဖြင့် သင်းတို့သုံးယောင်ကို ဝိုင်းထုကြလေ၏။

အကျား(မှင်ဗူး)က ရှောင်လင် တရကြမ်းပြေးသိုင်းနှင့် ခုခံရင်း နောက်ကိုဆုတ်၏။ ဘိုကလေးမောင်မြင့်ကြွားကာ ဂူအုတ်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ကျိုးမှန်၍ ပက်လက်လန်နေ၏။

တစ္ဆေကြီးကိုမြသန်းကား နာနာဘာဝမောင်းကြီးကို ကောက်ထမ်းပြီး ဒိုင်းသဖွယ်ခုခံ၍ အမလေး အဘလေးတ,နေ၏။

အဒ္ဒူလကြောင်သချိုင်းသည် ဆဲရေးတိုင်းထွာပစ်ခတ်သံများနှင့် ညံနေ၏။ တော်သေး၏။ သချိုင်းစောင့် မဖဲချောနှင့် သချိုင်းကော်မတီဝင်များ အမြန်ရောက်လာပြီး ဖျန်ဖြေ၍ ရန်ပွဲ ပြီးသွားခဲ့၏။

ယနေ့ကြေညာမောင်းခတ်သည့် အကျိုးကျေးဇူးကား တစ္ဆေကြီးကိုမြသန်း၊ သရဲမောင်မြင့်ကြွား(ဘိုကလေး)နှင့် မှင်ဗူးအံကျားတို့ ဒဏ်ရာအသီးသီးရရှိပြီး နောက်ဆုံး ဒေါက်တာ ကော့မှူးသောင်းရွှေ၏ ပွဲချင်းပြီးဆေးခန်းသို့ ပို့လိုက်ရလေသတည်း။

☺



www.burmeseclassic.com

www.burmeseclassic.com

(၈)

## နာနာဘာဝဘဝရောက်သည့်တိုင် အရှင်ကြလေ၏

ဒီနှစ် အဒ္ဒလကြောင်သချိုင်းကား ကံထူးသော အခါသမယနှင့် ကြုံရလေ၏။ မကျွတ်မလွတ်သေးသော ပရဝိညာဉ်သားများအတွက် စေတနာရှင် သူတော်ကောင်းများက အကျွတ်အလွတ်ပွဲကြီး ဤသချိုင်းမှာ ပြုလုပ်မည်တဲ့။

တစ္ဆေကြီးကိုမြသန်းနှင့် ဘိုကလေး မောင်မြင့်ကြွားတို့အုပ်စု အလွန်ပျော်နေ၏။

"ဒီတစ်ခါတော့ ငါတို့ တစ္ဆေဘဝကနေ ကျွတ်ပြီလွတ်ပြီကွ ဘို ကလေးရ"

"ကျုပ်တော့ ဒီကကျွတ်ရင် နတ်ပြည်များ ရောက်မလား မသိဘူးနော် အာစရိ"

မောင်မြင့်ကြွားသည် ဇရပ်မှာကျန်ရစ်ခဲ့သောဆေးလိပ်တိုကို ရှုပ်ရှင်မင်းသား ကျော်ဆွေ စတိုင်ခဲ၍ ထင်တစ်ရေးနှင့် ဟန်ရေးပြ ပီတိဖြစ်နေ၏။

မြန်မာပြောရလျှင် ကျွန်ုပ်အမြင်မှာ ရုပ်ရှင်မင်းသား ကျော်ဆွေခဲ့သည့် စတိုင်လ်နှင့်လည်း မတူ။ ကိုမြတ်လေးတို့ ဆေးလိပ်ဂျင်



www.burmeseclassic.com

www.burmeseclassic.com



နေဝင်းတို့ ခဲသည့် စတိုင်လ်နှင့်တူသည်ဟု လုံးဝ မထင်။ ကြာကြာ ကြည့်လေ ကွယ်လွန်သူ ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေနွဲ့(အမေနွဲ့) စိတ်ညစ်ညစ်နှင့် ထိုင်ခဲနေသော စတိုင်လ်နှင့် အလွန်တူသည်ဟု အကြွင်းမဲ့ ယုံကြည်၏။]

"ကျုပ် နတ်ပြည်ရောက်နိုင်ပါ့မလား အာစရိရဲ့။ အာစရိက လူ့ဘဝတုန်းက ဗေဒင်ဆရာလည်း လုပ်ခဲ့ဖူးဆို။ ကျုပ်ရဲ့ အနာဂတ် အရေးကြည့်ပေးပါ အာစရိရယ်"

ဘိုကလေးကား အလွန်ကို တက်ကြွနေ၏။

"ဒီတိုင်းတော့ ဘယ်ရမလဲကွ။ ဗေဒင်ဟာ လာဘ်တင်မှ ကောင်းတာ"

"ဒီလိုလား၊ ရော့ဗျာ-တစ်မတ်"

ဘိုကလေး မောင်မြင့်ကြွားသည် လူသေကောင်ပါးစပ်မှ ရထားသော မတ်စေ့တစ်စေ့ကို တစ္ဆေကြီး ကိုမြသန်းလက်သို့ အပ်သည်ရှိသော်-

"အဟမ်း"

ကိုမြသန်းက အဟမ်းနှင့်စပြီး ဘိုကလေး၏ ခြေဖဝါးကို မြှောက်၍ ကြည့်လေ၏။

"အာစရိ"

"ဘာတုံး. . ."

"ဟို. . ဟို. . . လက်ဝါးပြင်ကိုကြည့်ရတာ မဟုတ်ဘူးလား ဟင်လို့"

"ထပ်တရီး ငတုံးရ ဒါကြောင့် မင်းထိပ်ပြောင်နေတာ။ အခု မင်းရောက်နေတာသည် လူ့ဘဝလူ့ပြည်မဟုတ်ဘူးကွ။ သရဲတစ္ဆေ ဘဝ ပြိတ္တာရွာ။ လူ့ဘဝလူဖြစ်နေရင် လူ့ရဲ့လက်ဝါးပြင်ကိုကြည့်ပြီး ဗေဒင်လက္ခဏာဟောရတယ်။ပြိတ္တာတစ္ဆေဘဝရောက်ရင် လက်ဝါး



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်မပောာရဘူး။ သူနဲ့ ဆန့်ကျင်ဘက် ခြေဖဝါးကိုကြည့်ပောာ ရတယ်”

“ဗျာ-ဟား. . ဟား”

“ဘာလဲ မင်းက လက်မခံ အဲလေ ခြေမခံဘူးလား။ ဒါဆို ကြိုက်ရာ တစ္ဆေလက္ခဏာဆရာသွားကြည့်. . . သွား”

“မ. . . မလုပ်နဲ့ ဆရာအာစရှိရယ်။ အာစရိုပဲကြည့်လုပ်ပေး ပါ”

သို့နှင့် ကိုမြသန်းတစ္ဆေက ဘိုကလေးရဲ့ ခွေးချေးစော် နံ ပောင်နေသော ညာခြေ(မိန်းမဆို ဘယ်ခြေဖြစ်၏။)ကို မြှောက် ကြည့်၍ ပောာ၏။

“ဘိုကလေး”

“ခံဗျာ အာစရိ ဘာတွေ့လို့လဲဟင်”

“မင်း ခါးတောင်းကျိုက်ထားရင် ကောင်းမယ်ကိုယ့်လူ”

“ဗျာ. . အာ. . အာ ကန်တော့ အာစရိရယ် ကန်တော့”

“လူကို အဲလေ တစ္ဆေကို မလေးစားရင်နေ ပညာကို လေး စားကိုယ့်လူ”

“ဟုတ်ကဲ့. . . ဟုတ်ကဲ့ ခံဗျ”

သို့နှင့် ခါးတောင်းကို မြှောင်အောင်ကျိုက်၏။ သည့်နောက် ပောာလေ၏။

“ဘိုကလေး”

“ခင်ဗျာ ဆြာဂျီး”

“မင်း နတ်ပြည်ကိုမရောက်နိုင်ဘူး ကိုယ့်လူ”

“ဘာ. . . ဘာဖြစ်လို့လဲ ဆြာဂျီးရယ် ဟင်. . ဟင်။ ခြေတွေ တုန်လိုက်တာဗျာ”

“မင်းခြေဖဝါးရဲ့ အူတိုင်လမ်းကြောင်းမှာ သမုဒ္ဒရာခံနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“ကျွန်းမဟုတ်ဘူးလား အာ. . အာ. . စရိုရယ်ဟင်လို့”

“ကျွန်းထက်ကြီးတဲ့ သမုဒ္ဒရာဖြစ်နေတယ်။ သမုဒ္ဒရာတောင် သာမန်သမုဒ္ဒရာမဟုတ်ဘူး။ အရက်သမုဒ္ဒရာ”

“ဗျာ”

“တော်တော်သောက်ခဲ့တဲ့ကောင်ပဲကိုး။ နေပါဦး၊ မင်းလူ့ဘဝ တုန်းက ဘယ်သူတွေနဲ့ သောက်ခဲ့လို့လဲဟင်”

“ကျွန်. . . ကျွန်တော် သန်လျင်မောင်မောင်ဦးရယ်. . .”

“ပြီးတော့ကော”

“အံပွား(စလေ)ရယ်”

“အံပွား(စလေ)ဆိုတာ ဟိုသရဲ အံကျား(မင်းဘူး)နဲ့ ဘာ တော်လဲ”

“ညီအစ်ကိုနှစ်ဝမ်းကွဲပါ အာစရိ”

“ဒါဆို အံပွား(စလေ)ကော ဒီကိုမရောက်လာသေးဘူးလား ကွ”

“အစ်မကြီး ကြူကြူသင်း အဲလေယောင်လို့ အစ်မကြီး သချိုင်းစောင့် မဖဲချာ အပြောအရ ရက်ပိုင်းအတွင်း ရောက်လာ တော့မယ်။ အသည်းမကောင်းတော့ဘူး ကြားရတာပဲ ခင်ဗျာ”

“သာဓု. . . သာဓု အဲလေ ငါတို့က သာဓုခေါ်လို့ မရသေး ပါဘူး။ဒါကို အင်္ဂလိပ်လိုပြောရရင် Very Good အလွန်ကောင်းပေစွ။ ပြီး ဘယ်သူပါသေးလဲပြော”

“မောင်မြေကြီး(ပန်းတောင်း)လည်း ပါပါတယ်ခင်ဗျ”

“သင်းကော အခြေအနေဘယ်လိုရှိလဲ”

“ကွသွားပြီလို့ ကြားရပါတယ်ခင်ဗျာ”

“နောက် ဘယ်သူပါသေးသလဲ မှန်မှန်ပြော”



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒာမြေကျဉ်းလည်း ပါပါတယ်ခင်ဗျာ"

"နန္ဒာမိုးကြယ်မဟုတ်ဘူးလားကွ"

"မ. . မဟုတ်ပါဘူးခင်ဗျ။ ဆရာကြီး နန္ဒာမိုးကြယ်က သူ့မိန်းမ အိမ်ပေါ်ကနေနှင်ချလို့ သီလဝါမှာ သက်န်းဝတ်ပြီး တောထွက်သွားပါပြီ အာစရိခင်ဗျ"

"နောက်ဘယ်သူပါသေးလဲ"

"အစ်ကိုကြီး ဂေါ်မင်းကြိုင် ပါတယ်ခင်ဗျ"

"အိမ်း-အဲဒီ သုရာမေရယကာ်ရဲ့အပြစ်က ခြေဖဝါးအလယ်မဏ္ဍိုင်အူကြောင်းမှာ အတင်သားဖြစ်နေတော့ ပြိတ္တာတစ္ဆေသရဲဘဝက လွတ်ပြီးရင် ငရဲပြည်မှာ အနှစ်ရှစ်သောင်းခံရဦးမယ်"

"ဗျာ-ဟား. . ဟား. . အဟင့် . . ဟင့်"

သို့ကလိုစကားကို ကြားသော် ဘိုကလေးသည် ချုံးပွဲချ၍ ငိုလေ၏။အံကျားကား ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။ အကြောင်းမူ ပြိတ္တာရွာသူ မကြွေဆိုသူကို သူပိုးနေစဉ် မောင်မြင့်ကြွား(ဘိုကလေး)က ခြေပုန်းခုတ်၍ ကတုန်းကတိုက်လုပ်နေသောကြောင့် သည်လို ဘိုကလေး ငရဲကျမည်ကိုကြားရသော် ရွှေအိုးကြီးလေးလုံး တောက်ရသကဲ့သို့ ဝမ်းသာလေ၏။

"ဆ. . . ဆရာ အာ. . . စရိ ကျေးဇူးရှင် ကျွန် . . ကျွန်တော့်ကို မ. . မကယ်နိုင်ဘူးလား အာစရိယရယ်။ ဟီး ဟင့် ဟင့် အစ်. . ယတြာလုပ်ပေးပါ အာစရိရယ်နော်"

"တယ်ပူတဲ့ကောင်ကိုး။ အင်း-ကြည့်လိုက်ဦးမယ်။ ဟာ-တွေ့ပြီဟေ့"

"ဘာတုံး. . . အာ. . အာစရိ ဟင်. . ဟင်"

"ဘိုကလေး၊ မောင်ရင် လူ့ဘဝတုန်းက ဘာများ အမှတ်တရ ကုသိုလ်ကောင်းမှုလုပ်ခဲ့ဖူးလဲကွဟင် စဉ်းစားစမ်း"

www.burmeseclassic.com



"ကုသိုလ်. . . ဟုတ်လား"

"အိမ်း"

"ကုသိုလ်ဆိုတာ ဘာကို ပြောတာလဲဟင် အာအာစရိ"

တစ္ဆေကြီးစိတ်ခတ်မြသန်းသည် သရဲဘိုကလေးကို ရွံ့ရှာစွာ ကြည့်ရင်းမှ-

"မင်းသိပ်တုံးလှချည်လား ဘိုကလေးရယ် ဟင်။ ကုသိုလ်ဆို တာ မင်း ဘာမှန်းမသိဘူး မဟုတ်လား"

"ဒီရွာကိုရောက်မှ မေ့. . . မေ့နေလို့ပါ အာ. . . အာစရိ ရယ်"

"မှတ်ထားကွ ငတုံးရဲ မသေမချင်းမှတ် အဲ. . . နောက် ဘဝသစ်ကို မရောက်မချင်း မှတ်ထား။ ကုသိုလ်ဆိုတာ အရိုင်းတို့ ကင်းကောင်တို့နဲ့တွဲနေတဲ့ လူ့ရှင်တော် ဒါရိုက်တာဟ"

"ဟင်-ဟုတ်လား၊ ကျွန်တော် ဟို. . . ကုသိုလ်ကို ဘာမှ မလုပ်ခဲ့ပါဘူးဗျာ"

အဲဒါသာကြည့်။ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် တစ္ဆေလောက သို့ ရောက်နေသည်ဟု မထင်မိ။ ဟာသဇာတ်ခုံပေါ် သို့ ရောက်နေ သည်ဟုထင်ပြီး အားရပါးရ ရယ်ခဲ့ရ၏။

"ဟား. . . ဟား. . . ဟား အလကားနောက်တာပါ ဘိုကလေး ရာ။ ကုသိုလ်ဆိုတာ ကောင်းမှုဒါနကို ပြောတာကွ။ လူ့ဘဝတုန်းက ကောင်းမှုဒါန အမှတ်တရများပြုခဲ့ဖူးရင် အဲဒီကုသိုလ်က ငရဲကနေ မင်းကို ဆွဲထုတ်နိုင်တယ် မောင်ရင်ရဲ့"

"ဒီလိုလား"

"ဒါပေါ့. . . ဒါပေါ့"

"နေဦး. . . ကျွန်တော်စဉ်းစားလိုက်ဦးမယ်"

သည့်နောက် ဘိုကလေးသည် သူ့ပါးစပ်သို့ ကြေးလက်



www.burmeseclassic.com

www.burmeseclassic.com



လေးသစ် ပေကျံနေသော လက်ညှိုးကိုထည့်၍ ဖောင်းခနဲမြည်အောင်ဆွဲလိုက်ရာ တံတွေးအချို့သည် ကိုမြသန်းမျက်နှာကို စဉ်သွားသဖြင့် ကိုမြသန်းထ ကလော်တုတ်လေ၏။

"မှတ်မိပြီဗျာ အာစရိရ၊ မှတ်မိပြီဗျို့"

"ဒါဆိုပြော"

"ကျုပ်လေ. . . လူ့ဘဝတုန်းက ပဲကြီးလှော် ငါးဆယ်သားဝယ်ပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်း အစည်းအဝေးတက်လာသူအားလုံးကို တစ်ယောက် (၁၀)စေ့စီဝေပြီး ရေပါ တိုက်ခဲ့ဖူးသဗျာ"

"အိုး. . . ဗဲရီးဂွတ်၊ ဘဲမဂွတ်၊ ဘဲဂန်ဒူးဂွတ်ကွာ။ ဘိုကလေးမင်း အဲဒီကုသိုလ်တော်အလှူကြီးကို အကျွတ်အလွတ်ပွဲနေ့ အမျှဝေတဲ့အခါ ပြန်သတိရပြီး သာဓုခေါ်လိုက် ငါ့ကောင်"

"ခေါ်လိုက်ရင်"

"နတ်ပြည်ခြောက်ထပ်မြေညီထပ်မှာ မင်းဒရဝမ်(အစောင့်)ရာထူး ကျိန်းသေပြီ ဘိုကလေးရဲ့"

"အိုး. . . ရက်(စ်)အောရိုက်၊ ဝမ်းသာလိုက်တာဗျာ"

သည့်နောက် ဘိုကလေးမောင်မြင့်ကြွားသရဲသည် တစ္ဆေကြီးကိုမြသန်း၏လက်နှင့် အံကျား၏လက်ကို ကိုင်ဆုပ်ပြီးနောက် 'လဝန်းလေးနဲ့ တူတယ် မေ့ကိုလားကွယ်' သီချင်းကို အခေါက်တစ်ရာပြန်ကျော့၍ဆိုလေရာ နောက်ဆုံး အမောဆို့ပြီး သုံးယောက်စလုံး နာနာဘာဝများ ရေအိမ်ရှေ့မှာ လဲကျအိပ်ပျော်သွားကြပေသည်။

☺



www.burmeseclassic.com

www.burmeseclassic.com

(၉)

## ဈေးကားကြိတ်၍ သေသည့် မင်းကြည်လှိုင်

ကြည့်စမ်း။ နှယ်နှယ်ရရ တစ္ဆေရွာ၊ နာနာဘာဝရွာကြီး မဟုတ်ပါလား။ စိတ်ကူးစိတ်သန်းများနှင့် ကွယ်ဝသင်းထုံ(နံ့)နေသည့် ပြိတ္တာရွာဖြစ်၏။

ခုကြည့် အကျွတ်အလွတ်ပွဲအကြိုညမှာ နာနာဘာဝ ပဒေသာကပွဲအငြိမ့်ထည့်ကြမည်ဟု အကြိုညှိနှိုင်းအစည်းအဝေးက ဆုံးဖြတ်ချက်ချခဲ့၏။

သည်မှာ ကျွန်ုပ်သည် ပြဇာတ်မင်းသား ဒါရိုက်တာဘဝမှ ဘဝကူးပြောင်းလာသည့်မို့ အငြိမ့်တာဝန်ခံအဖြစ် အပ်နှင်းခြင်းခံရလေ၏။

ဒီမှာ ပြဇာတ်အတွက် မင်းသားကို စဉ်းစားရ၏။

ဘိုကလေးမောင်မြင့်ကြွား၊ စိတ်ဓာတ်မြသန်းနှင့် သရဲအံ့ကျား တို့ကား လူ့ရှင်တော်များ အလိုလို ဖြစ်သွား၏။

မင်းသားနေရာခက်နေ၏။ ကိုမြေကြီးကိုလည်း မင်းသားထားလို့က မရ။ သူက ဆံပင်မရှိ။ ရှိနေသည့် တစ္ဆေသရဲများကလည်း အရုပ်ဆိုးဆိုးနှင့် အသက်ကြီးကြီးများချည်း ဖြစ်နေ၏။ ကျွန်ုပ် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပဲ မင်းသားလုပ်လျှင်ကောင်းမည့်လား။

ကျွန်ုပ်ကား တစ္ဆေဘဝရောက်သည့်တိုင် ငယ်ရုပ်မပျောက်သေး။ မဖဲချာကပင် ကျွန်ုပ်ကို လွင်မိုးနှင့်တူသည်ဟု ချီးကျူးဖူး၏။

သို့သော် ယခု ကျွန်ုပ်၏ လူ့ဘဝတုန်းက မှတ်ပုံတင်ထားခဲ့သော သွား (၃၂)ချောင်းသည် ယခု တစ္ဆေဘဝရောက်သည့်တိုင် ခေါ်မြဲခေါ်နေရကား အဲဒီအချက်က ဘဝမှာ ရင်နင့်ကြေကွဲစရာကောင်းနေ၏။

နောက်ဆုံး ကျွန်ုပ်ကို တစ်ဖက်သတ်ကြိုက်နေသည့် သချိုင်းစောင့် မဖဲချာ၏ ဗီတိုအာဏာနှင့် ကျွန်ုပ် နာနာဘာဝ ပဒေသာ အပွဲအငြိမ့်မှာ မင်းသားဖြစ်ခဲ့ရလေ၏။

ဒါနှင့်အတူ အပြန်အလှန် ကျေးဇူးပြုသည့်အနေနှင့် မဖဲချာကိုပဲ ကျွန်ုပ်က နာနာဘာဝအငြိမ့်ခေါင်းဆောင်မင်းသမီး ရွေးလိုက်ရာ အားလုံးက ကျေနပ်သဘောတူကြလေ၏။

ကံကောင်းချင်တော့ လူ့ပြည်မှ ပြဇာတ်ဒါရိုက်တာ စာရေးဆရာ သန်လျင် မင်းကြည်လှိုင်တစ်ယောက် ချေးကားကြိတ်၍ သေသည့်သတင်းသည် နာနာဘာဝအင်တာနက်မှတစ်ဆင့် ကျွန်ုပ်တို့ထံရောက်ရှိလာသောအခါ တစ္ဆေရွာတစ်ရွာလုံး ဝမ်းသာလွန်း၍ ထခုန်ကြလေ၏။

မင်းကြည်လှိုင်ကား ချေးကားကြိတ်မိ၍ နံပြားလို ပြားချပ်သွားပြီးသည့်နောက် သုံးစက္ကန့်အတွင်း လူ့ဘဝတစ်လျှောက် ဂေါ်ဒီလာခြောက်သောင်း အားတိုးဆေးဖော်ရောင်းစားခဲ့သည့် အကုသိုလ်အကျိုးပေးကြောင့် ချက်ချင်း တစ္ဆေဘဝသို့ရောက်လေ၏။

ကျွန်ုပ်ထံသို့ မင်းကြည်လှိုင်တစ္ဆေကို ခေါ်လာကြသောအခါ ကျွန်ုပ်က အားရဝမ်းသာ နှုတ်ဆက်လေ၏။

"ဟဲ့လို. . . မင်းကြည်လှိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ-မောင်ဗျိုင်း"

"ပြန်ဆုံရတာ ဝမ်းသာတယ် သူငယ်ချင်း"

ကျွန်ုပ်က သူ့ရဲ့ ရေခဲတုံးလို အေးစက်ပြီး ကတ္တရာစေးရောင် ထနေသည့် သူ့လက်ကိုဆွဲ၍ အားရပါးရနှုတ်ဆက်လိုက်၏။

သူသည် အရပ်ရှစ်မျက်နှာကို အူကြောင်ကြောင်မျက်လုံး အစုံနှင့် လှည့်ကြည့်ပြီး လန့်နေ၍-

"မောင်ဗျိုင်း"

"ရက်ဆား"

"ငါ. . ငါ. . ဘယ်ကိုရောက်နေတာလဲဟင်. . ဟင်"

"Are you ride သင်္ချိုင်းကုန်း"

"ဟင်-ငါ. . သင်္ချိုင်းကုန်းကိုရောက်နေတယ်"

"Yes my friend, မင်းအခု ရောက်နေတာဟာ နာမည်ကျော် အဒူလကြောင်သင်္ချိုင်းကုန်းက နာနာဘာဝရွာပဲ သူငယ်ချင်း"

"ဟေ-အဟင့်. . . အဟင့်. . ဟီး ငါ ငါဘာဖြစ်လို့ ဒီရွာ ကိုရောက်. . . "

"မင်းကို အုတ်ဖိုစု ကိုစောဝင်းမောင်းတဲ့ ချေးကားကြိတ်မိ ပြီး သေသွားတာလေ။ မင်းကုသိုလ်ကံအရမ်းကောင်းပါတယ် မင်း ကြည်လှိုင်။ အစိမ်းသေသေပြီး သုံးစက္ကန့်မှာ တစ္ဆေဖြစ်ပြီး ငါတို့ဆီကို ရောက်လာတာပဲ"

"တ. . . စ္ဆေ"

"အိမ်း. . . "

"ငါ. . . ငါ. . တစ္ဆေ. . ဖြစ်. . သွားပြီ"

"Yes, ride"

ဒီမှာပဲ စာရေးဆရာ၊ ပြဇာတ်ဒါရိုက်တာဘဝပြောင်း မင်း ကြည်လှိုင်သည် အနီးဝန်းကျင်ရှိ ရုပ်ပျက်ဆင်းပျက် နာနာဘာဝ



www.burmeseclassic.com

www.burmeseclassic.com



ပရလောကသားများကိုကြည့်ရင်း ရဇိထုကာ ငိုချင်းတစ်ပုဒ်ကို တစ်လေ၏။

"ဟင်xxxဆန်းပုံမှာ ကမ်းကုန်ရစ်တာမို့xxxလွမ်းပုံကို မန်းတုန်အောင်ဟစ်ချင်ရဲ့xxx"

"ကောင်လေး မင်းကြည်လှိုင်"

"xxxရေစီးအကျော်တွင် ဟင်xxxဟင်xxx။ လှေကြီးပေါ်တွင် လှေငယ်တင်သကဲ့သို့xxxအလှည့်တွင်xxx ပွဲစင်က လှုပ်သည့်နယ်xxxရွှေကြုတ်မယ်ရေxxxဟောxxxဟောxxxဟော"

"ကိုမင်းကြည်လှိုင်လေးxxxမောင်ရေxxxမောင်ရေxxxဘာတဲ့ဟဲ့xxx"

"xxxရွှေကြုတ်မယ်ရယ်xxxမင်းဂနာမငြိမ်လိုက်တာကxxxဟယ်xxxသဘောက်မလေး ကာမရှိန်စော် ဟောxxxဟောxxxဟောxxxဟော"

"မောင်ရယ်xxxနှမကို အထင်မလွဲလိုက်နဲ့မောင်ရဲ့xxx"

တစ္ဆေမင်းကြည်လှိုင်သည် ချက်ချင်း တစ္ဆေဖြစ်ရသည့် သူ့ဆဝကိုအံ့သြပြီး ဂရိတ်ဦးဖိုးစိန်ရဲ့ တာနေဘယက္ခဘီလူးဇာတ်ထုပ်မှ ဘီလူး(မင်းသား) ငိုချင်းကို ဟစ်လေရာ ကွန်ရိုက ပို့ပေးရလေ၏။

"အခုမှ သိရပါပေါ့ခင်ဗျာxxxကုလဟိမစင်ကြယ်လို့သာxxxလင်ငယ်ယူ လူပေါ်မှာ ကြိုက်တာကxxx မတော်လော်မာတဲ့ ဒိုက်ကယ်နဲ့ ဟဲ့xxxဟဲ့။ အမလေး မယားအမိုက်-သဘောရယ် ကြောင့်xxxငါ့ကိုယ်သာxxxရိုက်ရိုက်ပြီးတော့xxxပြောလိုက်ချင်ရဲ့ xxxသမုဂ္ဂသိဂ္ဂီရယ် နင်နဲ့ညားရတာ မှားလိုက်လေသကော ဟော xxxဟောxxxမှားလိုက်. . . လေကောxxxဟောxxxဟောxxx"

မင်းကြည်လှိုင်သည် ငိုချင်းကို ရင်ထု၍ချရင်း ပုဆိုးစနှင့် မျက်ရည်ကို သုတ်လိုက်သောအခါ-



www.burmeseclassic.com

www.burmeseclassic.com



"ရှိ . . . ရှိ"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ဝမ်းစမိုး. . . ဝမ်းစမိုး"

"ဘဲရီးဂွတ်ဟော့. . . "

"တော်လိုက်တာကွာ"

"စောစောများ ရောက်လာရင် ဘယ်လောက် ကောင်းမလဲ ကွာနော်"

"ရှိ . . . ရှိ . . . "

နာနာဘာဝအပေါင်းတို့သည် ငိုချင်းအချကောင်းသည့် တစ္ဆေအသစ် မင်းကြည်လှိုင်ကိုကြည့်ပြီး လက်ခုပ်သြဘာများပေး ကြ၏။ လက်ခေါက်များမှုတ်ကြ၏။ ကိုယ်ပေါ်မှ အဝတ်စုတ်များကို မြှောက်၍ ချီးကျူးကြလေသည်။

"နောက်တစ်ပုဒ်လုပ်ပါဗျို့"

"ကိုင်း. . . မင်းကြည်လှိုင်၊ ဝမ်းသာပေရော့ သူငယ်ချင်း မင်းကို နာနာဘာဝအားလုံးကရော မဖဲချာကပါ အားပေးနေပြီ နောက်တစ်ပုဒ်လုပ်ပေးလိုက်တော့"

"တ. . . တကယ်လား. . . ဟင်"

"မင်းအကြားပဲလေ၊ လုပ်ကွာ"

မင်းကြည်လှိုင်ကား လူ့ဘဝကတည်းက အမြှောက်ကြိုက် ဖြစ်၏။ သူသည် လူ့ဘဝတုန်းက ဇာတ်အငြိမ့်အတော်များများမှာ ပြဇာတ်မင်းသား၊ စာရေးဆရာလုပ်ခဲ့၏။ သို့သော် အသားကမည်း ရကား ပြဇာတ်မကခင်မှာ လူတစ်ကိုယ်လုံးကို မင်းကြူကြူ ပါင်ဒါ နှင့်ထုံး သို့မဟုတ် ဝိုင်အိုလက်ပေါင်ဒါကို ရေဖျော်၍ လိမ်းပြီးမှ ဇာတ်ခွင်ထဲ ဝင်ကရလေ၏။

ရေဒီယိုမှာလည်း သူဆိုသည့်သီချင်း ဇာတ်ပြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဦးက 'ကိုမင်းကြည်လှိုင်ဒီချင်းက ကောင်းလိုက်တာ တော်'ဟု ယောင်၍များ မပြောလိုက်နှင့်။ ပြောလိုက်သည်ရှိသော် သောအိမ်မှာဖြစ်စေ၊ အလှူအိမ်မှာဖြစ်စေ၊ ရှင်ဥပဂုတ္တဖောင်မျှော ပွဲမှာဖြစ်စေ၊ ရေတွင်းရေစက်ချမှာဖြစ်စေ ၎င်းသီချင်းကို မနား တမ်း ဆိုလေ၏။ ဆိုရင်း ပါးစပ်မှ အမြှုပ်များထွက်သော် လက်ခုံနှင့် သုတ်ပြီး ခါးတောင်းကျိုက်၍ အသားကုန်ဟစ်၏။

နောက်ဆုံး သူ့အသံကို နားညည်းနားကလော၍ ပြန်သွား ချင်သွား ဒါမှမဟုတ် နီးရာသံပုံးကို တုတ်နှင့်နှက်၍ တောထုတ် သလိုနှင်မှ အဆိုနားလေ့ရှိ၏။

ယခုလည်း 'နောက်တစ်ပုဒ်လုပ်ပါဦး'ဟု သရဲတစ္ဆေများက ဝိုင်းဝန်း တောင်းဆိုကြသောအခါ-

"ဟတ်ကဲ့ခင်ဗျာ၊ ကျွန်တော် သားသားလေး မင်းကြည်လှိုင် တို့ တစ္ဆေသရဲနာနာဘာဝများက မြှောက်စားကြပြီဆိုတော့ အားလုံး သော (၇)နေ့သားသမီး ရာဟုသား အပါအဝင်ဆိုလျှင် (၈)ရက် သားသမီးများအတွက် နောက်ထပ် သားသားသီဆိုမှာက တာနော ယက္ခဘီလူးဇာတ်မှာ ရွှေကြုတ်မယ် သမုဂ္ဂသီဂီက အထင်တော်မှား နေသည့် သူ့လင်တာနောယက္ခကို ပြန်ရှင်းပြတဲ့ဝိုချင်းက ဒီလိုပါတဲ့ ခင်ဗျာ"

"ရှိုး . . ရှို"

"ဗဲရီးဂွတ်"

"အမယ်လေး×××အပိုအသစ်ကို မမြင်တယ်×××နှစ်ကိုယ် ချစ်တာ နှစ်သွယ်ကြင်ကြပါသရှင်×××ကိုတာနောရဲ့ ကျွန်မငယ် သင်တစ်ပါး ဟား×××ဟား"

"ကရုဏာသံလေးနဲ့တော့"

သရဲမ မဂျမ်းတောက အသားမည်းမည်း တစ္ဆေမင်းကြည်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ကိုကြည့်ရင်းပြော၏။

"အသားတော့မည်းတယ်နော်"

"မည်းတယ်လို့ မပြောပါနဲ့အေ။ မှောင်တယ်လို့ တင်စားစမ်းပါဟဲ့"

ပြိတ္တာမကြီး ဒေါ်ဆီးစေ့က အော်၍ပြောပြန်၏။

"အိုတော်. . . အမေ ဆီးစေ့ဇာလည်း၊ ကျွန်မရဲ့ ကိုကိုကိုမှောင်တယ်လို့ မပြောပါနဲ့နော်။ ညိုလုလုလေးပါ။ကြည့်ပါလားလို့ နှာတံလေးကိုစင်းနေတာပဲ။ ပြေးဆွဲလိမ်ချင်လိုက်တာ အဟင့်"

သရဲမ ဆတ်စလူးရွှေက မြင်မြင်ချင်း သဘောကျ၍ လွှတ်ခနဲ ပြောလိုက်၏။

"ကောင်မ၊ နင်ကျနေပြီမဟုတ်လား"

"ကျတာပေါ့တော်၊ ပြီးရင် အော်တိုရေးခိုင်းမှာပဲ အဟင့်"

"သရဲလောကကို အရှုတ်ချခံရအောင်၊ သရဲမလောက စျေးကျအောင် ရှုပိုးထိုးတဲ့ ကောင်မ ဖွီ"

ဒီမှာပဲ မင်းကြည်လှိုင်က သမုဂ္ဂသီဂီလေသံနှင့် ဆက်ပြန်၏။

*"မဖောက်ပြန်တယ်××× တစ်ယောက်အပြင် ပိုမကြံခဲ့ပါဘူး××× မလိုတမာ အပြစ်ရှာစကားနှင့်×××ကိုတာနေ့ာရယ် ပြောရက်တာများ ဟား×××ဟား×××အံမလေး×××ပြောရက်တာများ ဟား×××ဟား×××ဟား"*

သရဲတစ္ဆေများအားလုံးသာမက သချိုင်းစောင့် မဖဲချာကိုယ်တိုင်ပင် တစ္ဆေသစ် မင်းကြည်လှိုင်ရဲ့ ငိုချင်းမှာ နှစ်မြော၍သွားရကား အားလုံးငေးငိုင်ကြ၏။

အချိန်အတန်ကြာမှ-

"ရှီး. . . ရှီ. . . ရှီ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"သိပ်ကောင်းပဲဗျို့"

"နာနာဘာဝအငြိမ့်ပြဇာတ်မှာ ထည့်သုံးပါ ဆရာဗျိုင်း"

တစ္ဆေသရဲပရိသတ်များက ချီးကျူးတောင်းဆိုကြလေ၏။

"မင်းကြည်လှိုင်"

"ဘာတုံး၊ မောင်ဗျိုင်း"

"မင်းရောက်လာတာ ငါတော့ တအံ့ပဲကွ သိလား"

"ဘာဖြစ်လို့လဲ"

"ငါတို့ အခု နာနာဘာဝအငြိမ့်ပဒေသာကပွဲ လုပ်နေတယ်"

"ဟေ - နာနာဘာဝ အငြိမ့်ပဒေသာကပွဲ ဘယ်မှာကမှာလဲ တင်"

သို့နှင့် ကျွန်ုပ်က ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက်လေ၏။

"ဒီတော့ မင်းကို ငါ လက်ထောက်ပြဇာတ်မင်းသားနေရာမှာ တန်းခန့်လိုက်ပြီ သူငယ်ချင်း"

"မင်းသမီးကကော ချောရဲ့လားကွ မောင်ဗျိုင်းရ"

"ချောမှချောပဲ။ သူမပဲကွ"

ကျွန်ုပ်က ဂူပေါ်မှာ မော်ဒယ်ဂဲလ်လို ဟန်ရေးပြနေသည့် သဇင်းစောင့်မဖဲချာကို လက်ညှိုးထိုးပြလိုက်သောအခါ တစ္ဆေမင်းကြည်လှိုင် ပါးစပ်ဟသွား၏။

"မိုက်လှချည်လားဟင် မောင်ဗျိုင်း"

"ရှားရှားပါးပါးလေးပေါ့ကွာ"

"နာမည်ကဘယ်လိုခေါ်လဲဟင်"

"သဇင်းစောင့် မဖဲချာတဲ့"

"မ. . ဖဲချာ"

"အိမ်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကလည်း အပျံစားပဲ။ ငါ. . . ငါနဲ့ မိတ်ဆက်ပေးပါကွာနော်"

"ကြည်လှိုင်၊ မင်းကိုပါ ကြိုပြောထားရဦးမယ်နော်"

"ဘာများပါလိမ့် မောင်ဖျိုင်းရယ်"

"အဲဒီ သဇ္ဈိုင်းစောင့် မဖဲချာကိုတော့ မင်းရဲ့ နှလုံးသားထောင့်ကျဉ်းတစ်နေရာမှာ ဆိုဖာကုလားထိုင်နဲ့ နေရာပေးဖို့ စိတ်မကူးလိုက်ပါနဲ့ သူငယ်ချင်းရာ"

"ဘာကြောင့်ပါလိမ့်"

"တကယ်တော့ ပြဇာတ်မင်းသမီးချော သဇ္ဈိုင်းစောင့်မဖဲချာဟာ ငါ့ရဲ့ နှလုံးအိမ်မှာ တစ္ဆေသရဲဘဝက မကျွတ်လွတ်သေးသမျှကာလပတ်လုံး အချစ်အိမ်ဖွဲ့ ကွန်းခိုနားနေတဲ့၊ တွဲရရွဲသီးနေတဲ့ အချစ်ပန်းသီးလေးမို့ပါ မင်းကြည်လှိုင်"

"တောက်. . . ငါကတော့ တစ္ဆေဘဝရောက်တာတောင် ဒုတိယချည်းပါပဲလား မောင်ဖျိုင်းရာဟင်"

"မပူပါနဲ့ ငါ့ကောင်ရာ၊ ငါ့ချစ်သူ မဖဲချာလောက်မလှပေမယ့် မဖဲချာထက် ပိုတောင့်တဲ့ တစ္ဆေသရဲမတွေနဲ့ မင်းကို မိတ်ဆက်ပေးပါ့မယ် ကြည်လှိုင် စိတ်ချ"

"တကယ်"

"နှစ်ကယ်ကွာ"

"တံစူးဝါးစူး"

"စူး"

"အုတ်ဂူပြိုပြီး ပိ. . ."

"ပိ. . ."

"လူရှိုးစူးပြီးသေ. . ."

"သေရဲပါတယ် ကြည်လှိုင်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ မောင်ဗျိုင်း။ မင်းတို့ရဲ့ တစ္ဆေသရဲ နာနာဘာဝရွာမှာ ငါ မကျွတ်မလွတ်သေးသမျှ အချစ်နဲ့ ငါ့အနုပညာနဲ့ တစ္ဆေလောကကို အကောင်းဆုံး၊ အပျော်ရွှင်ဆုံး၊ အငြိမ်းချမ်းဆုံး ပါဝင်ကူညီဆောင်ရွက်သွားမယ်လို့ ဒီအရိုးခေါင်းကိုကိုင်ပြီး ငါသစ္စာပြုပါတယ်သူငယ်ချင်း"

ဒီမှာပဲ မင်းကြည်လှိုင်ကိုင်ထားသည့် သက်တမ်းရှည် လူဦးခေါင်းခွံကြီးမှ အသံတစ်ခုထွက်လာ၏။

"မင်းလူ့ဘဝတုန်းကလို ဘက်ကီးမရိုက်နဲ့။ ကျော့ရရုံမကြံနဲ့နော် မင်းကြည်လှိုင်"

"ဟင်"

မမျှော်လင့်ဘဲ လက်ထဲမှ လူခေါင်းခွံကြီးက သတိပေးစကားပြောလိုက်သောအခါ မင်းကြည်လှိုင် လန့်ပြီး ဦးခေါင်းခွံကြီးကို လွှတ်ချလိုက်ရာ-

"အမရေး. . တေပါပီဂျ. အား. . အား"

အလေးချိန်သုံးပိဿာခန့်ရှိသော ဗုသိမ်မောင်သောင်းယဉ်ဘကြီး၏ ဦးခေါင်းခွံသည် ကြည်လှိုင်ခြေဖမိုးပေါ် ကျလေရာ မင်းကြည်လှိုင် ငယ်သံပါအောင်အော်ရင်း ဆွေ့ဆွေ့ခုန်နေ၏။

သို့ကလို မင်းကြည်လှိုင် နာကျင်လွန်း၍ ဆွေ့ဆွေ့ခုန်အော်နေသည်ကို သရဲမ ဆတ်စလူးရွှေ မြင်လိုက်ရသောအခါ ရင်များဖို၊ အသည်းများကွဲသလို ခံစားလိုက်ရပြီး ပြေးထူရန်ပြင်လိုက်စဉ်ပြိတ္တာမကြီး ဒေါ်ဆီးစေ့က ဆောင့်ဆွဲရင်းမှ-

"ကောင်မ အိန္ဒြေရရနေ။ တစ္ဆေဈေးမဖျက်နဲ့ဟင်း"

"အဟင့်. . ဟင်. . . ဟင်"

သရဲမ ဆတ်စလူးရွှေ ဆောင့်ဆွဲခံလိုက်ရသဖြင့် ခေါလပတ်လည်သွားပြီး စိတ်မကောင်းစွာရှိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသားမည်းမည်း တစ္ဆေမင်းကြည်လှိုင်ရဲ့ ပုံပျက်ပန်းပျက် အော်ဟာစ်ခုန်ဆွဖြစ်နေသည့်ပုံစံကိုကြည့်ပြီး ဦးသွေးရင့် အသက် (၅၈)နှစ် အမည်ရှိ အုတ်ဂူကြီးပေါ်မှာရပ်နေသော အဒ္ဒူလကြောင်သချိုင်းမှ မဖဲချာသည် ပို့စ်အမျိုးမျိုးပေး၍ တင်ပါးကို လှုပ်လှုပ် ရယ်နေလေ၏။

☺



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

## မောင်မောင်ဗျိုင်းရဲ့နှလုံးသားတော်လည်းသံ

ကျွန်ုပ်တို့ နာနာဘာဝ အငြိမ့်ပဒေသာကပွဲကြီးသည် ဇာတ်တိုက်ကတည်းက နာမည်ကြီးနေ၏။

သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာသချိုင်းမှ တစ္ဆေသရဲများ၊ ကုလားကုန်း ကုလားသချိုင်းမှ တစ္ဆေသရဲများ၊ တရုတ်သချိုင်းမှ စာစ္ဆေများပင် ကြွရောက်လေ့လာပြီး အံ့သြကြ၏။

သည်မှာ တရုတ်ပေါက်ဖော်တစ္ဆေကြီး ကြည်တင့်နိုင်က ပြော၏။

"ဝသေပြီးတစ္ဆေဖြစ်နေတာ (၁၅)နှစ်ရှိပြီ စရာကီးရေ။ အိုလို နာနာကွကွအငြိမ့်ကို တီခါမှ မိမြင်ဘူး၊ မိကြားဖူးဘူး။ ချောက်ရမ်းကိုကောင်းကွာ"

ဒီမှာ ဗိုလ်ချုပ်ကျေးရွာသချိုင်းမှ သရဲမကြီး မအီကွေတာက-

"ဟုတ်ပါ့ ဖောက်ဖင်ကြီးရယ်"

"ဘာ-ဝကို ဖောက်ဖင်ကြီး ဝုတ်လား။ ဟင် သနဲ့မ မိအီဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဘွာဘွာ ပေါက်ဖော်ကြီးရဲ့၊ ကျွန်မဆန္ဒစောသွားလို့ပါရှင်။ ပေါက်ဖော်ကြီး ပြောသလိုပါပဲရှင်၊ ကျွန်မလည်း သရဲမဘဝနဲ့ နေလာတာ သရဲသက်တမ်းအနှစ်(၂၀) ရှိပါပြီတော်။ ခုမှပဲ ထူးထူးခြားခြား နာနာဘာဝအငြိမ့်ကို ကြားရမြင်ရသတော့"

"အာရေ အားမား"

"ဘာတုံး. . . ချွတ်ကရား"

ဒီမှာ ကုလားကုန်းသင်္ချိုင်းမှ တစ္ဆေချွတ်ကရားက နှုတ်ခမ်းမွေးနှစ်ပေါင်ခန့်အရှည်ကို လက်နှင့်ကျစ်ရင်း သရဲမ မအီကွေတာ ကိုမေးလိုက်၏။

"အာရေ. . . ဒါရိုက်တာ ဘယ်ဒူလဲ အမား"

"ချစ်ကိုကိုဗျိုင်းလို့ ကြားတာပဲ။ ဟို သွားခေါ်ခေါ်နဲ့တစ္ဆေလေ"

"အားယိုယို. . . ဒီလူလား။ ဒီလူဆေးလုံးကြီးရွာသားနော် အမား။ လူဘဝတုန်းက အရမ်းနောက်ပိုးသန်တယ်အမား။ ဒါနဲ့ မင်းသားက"

"သင်းပဲတဲ့"

"အာရေး. . . ဘရားကယ်ဒေါ်မူပါဘရား"

"ဟဲ့ကုလား ဘာဖြစ်လို့လဲ"

"ဒီလို သွားခေါ်ကို မင်းသားတင်တာ နာနာဘာဝလောကကြီးတစ်ခုလုံး နာမည်ပျက်ဖို့ကိန်းကြုံတာပဲအမား။ ဟို အသားမည်းမည်းကောင်ကကော အမား"

"ဝသီသလောက်တော့ သန်လျင်မြို့ဟောင်းအရှေ့က ချာရေးဆြာသန်လျင်မင်းကြည်လှိုင်တဲ့။ လက်ထောက်မင်းသားခွေးပဲ"

"အားယိုးယိုး. . . အဒူလကြောင်သင်္ချိုင်း ငါးပါးမှောက်ပြီ ပေါက်ဖော်ကြီးရေ"

"ဘာဖြစ်လို့လဲ ချွတ်ကရားရ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ တန်လျင်(သန်လျင်) မင်းကျီလှိုင်နော် အာကို လူ့ဘဝ တုန်းက ဂေါ်ဇီလာခြောက်သောင်း အားတိုးဆေးဖော်ပြီး ရောင်းလည်းရောင်း၊ စားလည်းစားတယ် အာကို။ တူနော် မယားချည်း (၁၃)ယောက်ယူတယ်။ (၁၀)ယောက်သေတယ်။ (၂)ယောက်ထွက်ပြေးတယ်။ (၁) ယောက် မြော့မြော့ပဲရှိလို့ သမားဒေါ်ကြီး ဦးညိုမှိုင်းနဲ့ကုနေတာ. . ."

"ကောင်းသွားရောလား ချွတ်ကရား"

"ပွဲချင်းပြီးပါရောလား ပေါက်ဖော်ကြီးရယ်"

"ရှာပျက်ချင်လို့ ဆုံကြတာပေါ့ကွာ"

"ဘာပဲဖြစ်ဖြစ်တော် က,တဲ့နေ့ကျရင် ကုလားထိုင်ဝယ် ကြည့်မှာပဲ"

"ကျွန်မတော့ ကိုကိုဇျိုင်းကို ပန်းကုံးစွပ်မှာပဲ"

သရဲမ ဆတ်စလူးရွှေက ဝင်၍ပြော၏။

"ညည်းက ဘာပန်းကုံးစွပ်မှာတုံးအေ့"

"အရိုးခေါင်းပန်းကုံးလေတော် ဂျီးဒေါ်မအိုကလည်း"

"အနမ်း.နဲ့ကော ဂုဏ်ပြုဦးမှာလား"

"အဟီး. . . ဒါကတော့ အခြေအနေပေးရင် ပေးသလိုပေါ့ တော်"

"ငါလေ. . . ဟင်"

ဇာတ်တင်နေစဉ်ကတည်းက နာနာဘာဝပရိသတ်က သို့ကလို စိတ်ဝင်စား၏။ ဒီမှာ နာနာဘာဝမင်းသမီးချော အဒ္ဒူလကြောင် သချိုင်းစောင့် မဖဲချာက တစ္ဆေသန်လျင်မင်းကြည်လှိုင် ရေးစပ်ပေးသည့် 'လူပျက်ကလေးမောင်မောင်ဇျိုင်းနှင့် ရွှေမင်းသမီး' သီချင်းကို ဆို၍ ကျွန်ုပ်နှင့် သရုပ်ဆောင်နေ၏။

"မောင်မောင်ဇျိုင်း×××မောင်မောင်ဇျိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဂျာ. . ဂျ ဒီ×××ဒီမှာ မမသောက်ဖို့ ရေ×××ရေ"

ကျွန်ုပ်သည် အုန်းမှုတ်ခွက်နှင့် ထည့်ထားသည့် သောက်ရေကို ရွှေမင်းသမီးလေး မမချာသို့ ကမ်းဟန်ပြု ဒူးထောက်၍ သရုပ်ဆောင်ရင်း ငမ်းလိုက်၏။

"တစ္ဆေကလေးဟေး×××ကြွက်မျက်နှာ×××ဟော့ ရှက်ပါတယ်ကွာ×××"

"ဂျစ်×××ဂျစ်×××အဲ×××ချစ်လို့ အုတ်ချာ×××ချက်ပါဘူးဂျာအဟီး"

"တစ္ဆေမင်းသမီးအနားမှာ ဝမ်းလျှောခဲ့တာ"

"မအောင့်နိုင်လို့ ထွက်သွားတာပါ×××မမချာ×××အဟယ်"

ဒီမှာ ဝိုင်းကြည့်နေကြတဲ့ တစ္ဆေသရဲပရိသတ်များက သြဘာပြုကြလေရဲ့။

"မျက်နှာကပြောင်တယ်ကွာ"

"တစ္ဆေကြီးမိုးနေလွှားမျက်နှာထက်သာတယ်နော်"

"မောင်းထဲထည့်ထောင်းချင်လိုက်တာ မအီကွေ့တာရယ်"

ဒီမှာ ကျွန်ုပ်က မမချာ သီချင်းအချမှာ ဝင်လိုက်သည်။

"အဒူလကြောင်ကညာ ကြွင်ကြွင်ပါ×××ဂူပေါ်မှာ အတူပျော်မှာ×××တစ္ဆေဂိန္နရီမောင်နှံများလို×××တစ်ကျင်းထဲနေချင်တာ×××အချစ်ရာ×××အဟီ×××"

"ကိန္နရီမောင်နှံမဟုတ်ဘဲ ဂိန္နရီတဲ့ ဘာကောင်လဲကွဟင်"

"ဟော့သွားခေါ် သီချင်းမရဘူးလားကွဟင်။ လူ့ပြည်က လာခဲ့ပြီး ညံ့လှချည်လားကွ"

"ဒါများကုလားထိုင်ရောင်းဦးမတဲ့ ဖွီ"

"မဝယ်ဘူးကွ၊ ဂူပေါ်ကရပ်ကြည့်ရင် အကုန်မြင်ရတယ်"

ဩော်. . ချစ်ပရိသတ် ဖျိုင်းရဲ့ ပရိသတ် မမချာရဲ့ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



များက တယ်ဆန္ဒစောကြပါလား။ ဆန္ဒစောလျှင် တစ္ဆေရှာ မိုးအုံ့ခြိမ့်မည်။

ဂိန္နရီ(ဂိန်နရီ)မောင်နှံဆိုသည်မှာ ငှက်ဖြစ်သော် တစ်ကိုင်းတည်း၊ ဝက်ဖြစ်သော် တစ်စားခွက်တည်း၊ ခွေးဖြစ်ခဲ့သော် အချစ်ပိုကဲ သည်းသည်း ခွေးသမီးရည်းစားကဲ့သို့ ချစ်လိုက်မည်ဟု ကျွန်ုပ်က ဆိုလို၏။

ဒီမှာပဲ ရွှေမင်းသမီး တစ္ဆေသချိုင်းစောင့်မမချောက ဟစ်လေ၏။

"ဇရပ်ခုံပေါ်မှာက,တော့×××ချော့အနားမကပ်နဲ့ဆရာ×××"

"ကပ်×××ကပ်မှာပဲ။ မျှော့လိုတွယ်တွယ်မှာပဲ×××ဟာ×××ပဲလို့"

"မောင်သွေးရင့်၊ ဂူပေါ်မှာကတော့×××ချော့အနားမကပ်နဲ့×××ဆရာလို×××"

"ဟွင့်အင်း×××ဟွင့်အင်း တားကတော့ ကျပ်မှာပဲ အဲ ကပ်မှာပဲ×××"

"မောင်မောင်ဖျိုးလေ×××အူကလီစာထွက်ကာ×××ခုနစ်အိမ်ကြားအောင် နှိမ်းပေး×××ဂျောင်းတော့မှာ×××"

ကျွန်ုပ်သည် အုန်းမှုတ်သောက်ရေခွက်ကိုချပြီး သနားစရာဟန်ကိုလုပ်၍ (အဲဒီလိုလုပ်လေ ပရိသတ်က မျက်နှာကြောမတည့်လေဖြစ်ပြီး ဆဲကြ၏။ ကျွန်ုပ်ဘဝကား တစ္ဆေလောကရောက်သည့်တိုင် ကံဇာတာညံ့လှပေ၏။)

"သချိုင်းစောင့်ကိုပိုးရတာ×××မောင်သွေးရင့် ပုံဖမာ×××မကျွတ်လွတ်ချင်တဲ့ဇွဲမျိုးခံ။ အရှုက်နည်းခဲ့သူ အမှန်ပါဗျား×××ဖျိုးနယ်တစ္ဆေအပေါင်းနဲ့ သချိုင်းအကုန် အားလုံး သိကြတာ×××။ အဒ္ဓူလကြောင် မင်းသမီးနဲ့×××ကျွန်တော် မောင်မောင်ဖျိုးဟာ



www.burmeseclassic.com

www.burmeseclassic.com



×××တစ်နေ့တော့ ဂွကြမှာ×××"

"ရှိရှိ"

"မောင်မောင်ဗျိုင်းကွ"

"ဟယ် . . . အားပေးကြလို့ပါလားဟဲ့ အဟတ်"

"စာသားတွေမိုက်တယ်ကွာ"

"ကိုကိုဗျိုင်း၊ လက်ကိုဆွဲပါတော့ဗျို့"

"လက်ကိုမဆွဲပါနဲ့ဗျ။ ဟိုဒင်း အဲ . . အဲ ခြေထောက်ကို ဆွဲပါဗျို့"

"ဝမ်းစမိုး . . . ဝမ်းစမိုး . . . ရှိ . . ရှိ"

"*စိတ်ကူးယဉ်စိတ်အစာထဲမှာ×××*"

"ဘာတဲ့တုံး ချစ်ကိုကိုဗျိုင်း တစ္ဆေလူပုချောကြီးရေ"

"*စိတ်ကူးယဉ်စိတ်အစာထဲမှာ အုတ်ခုနစ်ရာလည်းပါ*"

"လုပ်လှချည်လားဟ အုတ်ခုနစ်ရာတဲ့၊ ဘာလုပ်ဖို့လဲဟ"

"ဂူအတွက်နေမှာပေါ့ကွာ။ နားထောင်ကွာ အာမချောင် ကြနဲ့"

"×××ဂူ×××ပျဉ်×××ခုတင်စုံစွာ×××ခားမ အုန်းသီး ဖွဲပြာ အစုံ×××ဆိုင်းလည်း မကျန်ပါ ခိုရာလည်းလိုက်လိုက်၊ ဂတ်မှာပဲ ×××အဲ×××အဲ မှားလို့ ရုံးမှာပဲလက်ထပ်၊ ယခုကစ၍ သချိုင်း စောင့်အမေကို နင်းသတ်ချင်နေတာ မောင်မောင်ပါ"

"ရှိ . . ရှိ"

"ရက်(စ်)အော(လ်)ရိုက် ဘဲရီးဂွတ်"

ဒီမှာ သချိုင်းစောင့်မဖဲချာရဲ့ အမေ (ရွှေမင်းသမီးရဲ့အမေ) ဒေါ်အူဗလုံချာက အရိုးခေါင်းတီးဝိုင်းကြားကနေ ထဘီစွန်ခတောင် ဆွဲပြီး တုတ်ပါလေရော။

"ဟဲ့-ငါ့သမီးနဲ့လည်း တွဲပြီး နသားပါးရားလည်း လုပ်သေး။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲက ငါ့ဘာသာငါ သွားလေသူဇလွန်ကျော်ဦးအကြောင်း တွေးနေတာကို အသားလွတ်လာခွပ်တယ်။ ငါတို့သားအမိပဲ ကျွတ်လွတ်ပြီး သင်းမကျွတ်မလွတ်ဘဲ ကျန်နေပါစေတော့် တယ်လေ . . . ငါ”

ပွဲထကြွမ်းနေလို့ ဆိုင်းဆရာ တစ္ဆေရှာစားကြီး စိန်ဝင်းမောင် မောင်းတီးဆန်နီနဲ့ နှဲဆရာကြီး စိန်ဝင်းရွှေင်တို့က မနည်းဆွဲထားရတယ်။ ရွှေမင်းသမီး မမချောကလည်း ‘ဒါ နာနာဘာဝအငြိမ့်ပါ အမေ’လို့ ပြောပြီး ဒေါသကိုလျှော့ချဖို့ ပြောရရော။

“မိချော”

“ရှင်-မာမီ”

“နင် ဒီသခေါ(သွားခေါ)နဲ့ ပရောပရီမလုပ်နဲ့နော်”

“အို . . . အမေကလည်း”

“ဒီလို မျက်နှာမျိုး အဒူလကြောင်သချိုင်းမှာ ဒီတစ်ယောက်ပဲ မြင်ဖူးသေးတယ် . . . ဖွီ”

“မင်းသမီးဝင်ပါတော့ဗျို့”

“ဟော . . . အမေ၊ ဆိုင်းဝိုင်းကခေါ်နေပြီ။ တိတ်တိတ်နေပါ အမေရယ်နော် . . . နော်”

“ငါ့အရှက်ကိုတော့မခွဲနဲ့သိလား”

“အင်းပါအမေရယ်”

“ဟို တစ္ဆေမောင်သွေးရင့် ငါ့ကို ရည်းစားစကားလိုက်ပြောတုန်းက ငါ ဘယ်လိုကြွမ်းခဲ့တယ်ဆိုတာ ညည်းမြင်တယ် မဟုတ်လား”

“မင်းသမီး မြန်မြန်လုပ်ပါဗျ”

“ဟုတ် . . . ဟုတ်ကဲ့၊ ရှာစားရေ”

ဒါနဲ့ ဆိုင်းအတောအပြီးမှာ မမချောက ဝင်ချိုးတော့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"xxxအူကြောင်ကြောင်လုပ်ပြီး သချိုင်းစောင့်နဲ့လာတွဲတာ xxxပြိတ္တာအားလုံးက ဒိုးဆလံပါ ဆရာ"

"ဟုတ်ကြလားဗျာ. . . ဟင်. . . ဟင်"

"ဝုတ်တယ်. . . ဝုတ်တယ်"

"ရှိုးရှိုး နိမ်းဂျားပေး ဂျောင်း. . . မောင်မောင်ဗျိုင်း"

"အမလေး"

"xxxဒိုးဆလံပါဆရာလို့xxxဇရပ်ဂူနံဘေးအနားမကပ်နဲ့ ဆို ကြွက်ပုပ်စော်နံလွန်းလို့ အပုပ်ရည် တရွဲရွဲနဲ့ အနူကလေး မောင် မောင်ဗျိုင်းသနားစရာxxx"

ဒီမှာ ကျွန်ုပ်သည် ပါးပြင်ပေါ်သို့ စီးကျလာသည့်နှပ်ချေး အဲလေ တစ္ဆေမျက်ရည်စေးထိုင်းထိုင်းညိုပြာပြာကို ပုဆိုး (အဲ အဲ အမှန်က လန်ကွတ်တီသာ ဖြစ်ပါ၏။)နှင့် သုတ်ရင်း အသားကုန် လွမ်း၍ဟစ်လေ၏။

"xxxတစ္ဆေရွာချစ်စရာအကြောင်းကို ပြောရင်းနဲ့ မောင် မောင်ကြွေမှာ အူကြောင်ကြောင် ဝမ်းတွေလျှောတာxxxဘယ် တစ္ဆေမှ မသနားဘူး"

"မသနားပေါင်တော်။သေ. . . သေ. . သေ မြန်မြန်သေ"

"xxxဝိုင်းဝန်းကြလို့သာxxx အုတ်ကျိုးနဲ့ နှာခေါင်းကို ထုမှာ xxxဝမ်းတွေလျှောတာxxx တစ္ဆေအငြိမ့်မှာ မရှက်နိုင်ကြောညာxxx ကျွန်တော် မောင်မောင်ဗျိုင်းနှင့် ချစ်ချာချာ မင်္ဂလာဆောင်တာ xxx"

"ဟား. . . ဟား. . ဟား. . ဟား သေချင်ရင်အမြန်သေပေါ့။

အားလုံးက ဝိုင်းပြင်းချင်တာxxxခဲနှစ်ပုံပါxxxကိုသို့ကိုယ် ကိုယ် မညှဉ်းဆဲစမ်းနဲ့xxxမောင်သွေးရင့်ပဲ ချစ်နိုင်ပါတယ်ကွာ"

"ဝေး. . . ဝေး. . ငါကော်ပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါကွ ငါကွ သေပျော်လိုက်တာ။ သေပျော်လိုက်တာ"

သီချင်းအဆုံးမှာ သရဲတစ်ကောင်က ထခုန်၏။ ခုန်လိုက်သမှ ညောင်ပင်ထိပ်ဖျားရောက်ပြီး ပြန်အကျမှာ ခွေးကျကျ၏။

ကြည့်လိုက်တော့ သရဲတစ္ဆေကြီး မောင်သွေးရင့်ဖြစ်နေ၏။

'သူ့ကိုပဲ ချစ်နိုင်ပါတယ်ဆရာ'ဟု သချိုင်းစောင့် မဖဲချာက ဆိုလိုက်၍ အူမြူးပြီး မြေကြီးမှာ လှိမ့်နေရကား အမြင်ကတ်လှသည့် တစ္ဆေသရဲများဖြစ်ကြသော ကိုမြသန်းတစ္ဆေ မောင်မြင့်ကြွား (ဘိုကလေး)သရဲနှင့် အံကျား(မင်းဘူး) သရဲသုံးယောက်က လှိမ့်လှိမ့်ကန်ခြင်း ဗိုက်ပေါ်တက်ခုန်ရကား-

မြော့မြော့ပဲကျန်၍ မြွေကိုက်သေသူ အသုဘမြှုပ်မည့် ကျင်းတစ်ထဲကို လောလောဆယ် ပစ်ချထားလိုက်ရလေ၏။

သို့နှင့် အတီးပိုဒ်ကို ရွှာစားကျော် စိန်ဝင်းမောင်တို့ နာနာဘာဝ အရိုးခေါင်းတီးဝိုင်းက တောင်တလွဲမြောက်တလွဲ တီးလုံးပိုဒ်ကို မြိုင်မြိုင်ဆိုင်ဆိုင်ကြီးဝင်နေခိုက် ကျွန်ုပ်နှင့် မမချာ (တစ္ဆေခင်းသမီး)တို့ အပြိုင်ကကြရကား လက်ခုပ်သံများ၊ လက်ခေါက်မှုတ်သံများတညံညံနှင့် မကြာခင် တေးသရုပ်ဖော် အငြိမ့်ခန်းပြီးသွားလေ၏။

သည့်နောက် တစ္ဆေမင်းကြည်လှိုင်တို့နှင့် သရဲ ပြိတ္တာ၊ ကျတ်များက 'မူလီပေါက်ကို တုတ်နဲ့ထိုးမယ်' မဟာပြဇာတ်ရှည်ကြီးတိုက်နေ့ စိုင်းပြင်းနေစဉ် -

ကျွန်ုပ်ထံသို့ စာတစ်စောင်ရောက်လာ၏။

မိတ်ဆက်စာနှင့် တူပါရဲ့လေ။

ထင်ပေါ်တော့ ချစ်သူ ဝိုင်းဝိုင်းလည်ချင်လို့ တူပါရဲ့။ သို့သော် ရင်နည်းနည်းခုန်၏။ အကြောင်းကား လူ့ဘဝတုန်းက ဖတ်ခဲ့သေးသော မသန်းကစ်တို့ အရက်ဆိုင်မှ အရက်အကြွေး၊ တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



ကြုံနှင့် တောင်းတာလည်းဖြစ်နိုင်၍ လန့်နေရသေး၏။

စာဆို၍ ဖူးစကတ်နှင့် ရေးထားသော စာဟု မထင်ပါနှင့်။ ကျွန်ုပ်တို့ တစ္ဆေရွာမှာ စာရေးလျှင် သချိုင်းအုတ်ဂူမှ အုတ်ခဲများပေါ်မှာ လူရိုးမီးသွေးနှင့်ရေး၍ အကြံပြုပါးပေးလေ့ရှိ၏။

သို့နှင့် ကျွန်ုပ်သည် တစ္ဆေမောင်ဆွေမွန်(နားလေးကြီး)လာပေးသည့် အုတ်ခဲစာကို အလျင်အမြန် ဖတ်လိုက်သောအခါ-

ငဗျိုင်း

နင်နဲ့ငါ တွေ့ကြသေးတာပေါ့ဟာ။

တွေ့မှ ငါ့အကြောင်း နင်သိမယ်ဟေ့။

ဟင်. . . ခွေးသားမိုးကြိုး၊ ဒါ. . ဒါ ဘယ်သူရေးလိုက်ပါလိမ့်။ လေသံက ယောကျ်ား(အထီး) ရေးသံမျိုးမဟုတ်။ မိန်းမတစ္ဆေရဲ့လေသံမျိုး။ လေသံက ကြိမ်းဝါး ကြုံးဝါးသည့်လေသံ။

ဘယ်သူများပါလိမ့်။

ကွဲယ်လွန်သူ မသန်းချစ်များလား။

ဒါမှမဟုတ် မကြည်ပွေးထိန်များလား။

ကယ်တော်မူပါခင်ဗျား။

☺



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

## တစ္ဆေရွာဘီလူးကြိမ်းကရောင်း

ငါးရက်ခန့် ညစဉ်တိုက်လိုက်ကြသောအခါ ကျွန်ုပ်တို့ နာနာဘာဝ ပဒေသာအငြိမ့်ကြီးသည် အချိုးအစားကျနပြေပြစ်လာခဲ့၏။

ကျွန်ုပ်နှင့် သခ်ျင်းစောင့်မဗီချာ၏။ မောင်မောင်ဗျိုင်းနှင့်ရွှေမင်းသမီးတေးသရုပ်ဖော်၊ ဘာဝဇာတ်ဆရာအလိုက် 'ဘာဝကာလနာ' တေးသရုပ်ဖော်တို့သည် ဇာတ်ရုပ်ဇာတ်သား ပီပြင်ရကား သန်လျှင်တစ်မြို့လုံးတစ်နယ်လုံးရှိ သခ်ျင်းပေါင်းစုံမှာ ဟိုးလေးတကြော် ဖြစ်နေ၏။ တစ္ဆေသန်လျင်မင်းကြည်လှိုင်၏ 'မူလီပေါက်ကို တုတ်နဲ့ထိုးမယ်' ပြဇာတ်ရှည်ကြီးကလည်း နာမည်ကစားနေသဖြင့် တာဝတိံသာနတ်ပြည်ပါ ကျော်စောနေ၏။ ရုက္ခစိုးကြီး (လပွတ္တာဦးစိုးငြိမ်း) ကလည်း သည်ကုသိုလ်ကောင်းမှုများကြောင့် 'ဒီအလွတ်အတ္တွတ်ပွဲမှာ မင်းတို့ တစ္ဆေအားလုံး ကောင်းရာသုဂတိဘုံရောက်မှာ ငါမြင်သည်'ဟု ပုလင်းကွဲဖင်ပါဝါမျက်မှန်ကြီးပင့်၍ ချီးကျူးပြောဆို၏။

မင်းကြည်လှိုင်လည်း ပြဇာတ်မင်းသမီး သရဲမ မဘွတ်ကာင်းနှင့် ငြိနေပြီဟု ဆို၏။

ကျွန်ုပ်လည်း နာနာဘာဝ အငြိမ့်မင်းသမီး မယ်ချာခေါ်



www.burmeseclassic.com

www.burmeseclassic.com



မမချာနှင့် ငြိနေပေပြီ။

ကျွန်ုပ်တို့နှစ်တွဲသည် ပြဇာတ်အငြိမ့်တိုက်ပြီး တစ္ဆေအုပ်စု ကွဲသည်နှင့် အဒူလကြောင်သချိုင်းမှာ ချိန်းတွေ့ကြ၏။

မင်းကြည်လှိုင်တစ္ဆေနှင့် သရဲမ မဘွတ်ကလုံတို့က ကုန် ခြောက်သည် ဒေါ်အာပြခြောက်အုတ်ဂူနံဘေးမှာ ချိန်းတွေ့ပြီး တဟင့်ဟင့်တဟိဟိဖြစ်နေ၏။

ကျွန်ုပ်နှင့် မမချာတို့ကလည်း ဝဲစားကြီး မောင်သွေးရင့်ရဲ့ အဘိုး ပွဲစားကြီးဦးညဏ်ကျယ် အုတ်ဂူဟောင်းကြီး၏ မှောင်ရိပ်ကို ခို၍ အချစ်နှစ်ပါးသွားကို ဆွေမေ့မျိုးမေ့ကကြလေ၏။

"မမချာ"

"မောင်လေး"

"မောင့်ကိုချစ်ရဲ့သား မမချာရယ်. . ဟင်"

"အသည်းတုန် အူတုန် ခြေသလုံးတုန်အောင် ချစ်ပါတယ် မောင်လေးရယ်။ အို. . . လက်ကြီးက ငြိမ်ငြိမ်နေပါဆို။ ချာ့ကိုရော မောင်လေးက ကျောရရုံ ကြံတာလား၊ တကယ်ချစ်တာလားဟင်"

"ကျွန်တော် မောင်သွေးရင့်တို့၊ ဇော်ဖေတို့၊ မောင်လွမ်းဇော် တို့လို တစ်နပ်စားတစ္ဆေမဟုတ်ပါဘူး မမချာ။ မမချာနဲ့ ကျွန်တော် ဟာ ခုတစ္ဆေဘဝ နောင်သာမုခေါ်ပြီးလို့ ကောင်းရာမွန်ရာဘုံဘဝ မှာ အတူမနေ မညားခဲ့ရရင် အလွမ်းမျက်ရည်မြစ်မှာ ဟောဒီ ကောင်မောင်မောင်ဖျိုင်းရဲ့ အချစ်နှလုံးသား ပေဒါရိုင်းတစ်ပွင့်ဟာ ကြေကွဲပြီး သောင်တင်နေမှာပါ မမချာရယ်"

"ဟွန်း. . . သိပ်ပိုတာပဲ သွား"

"ချစ်တယ် မမချာရယ်"

"အို. . . အို ဖယ်ပါ အသက်ရှူကျပ်တယ်။အို. . အို မောင် မောင်"



www.burmeseclassic.com

www.burmeseclassic.com



"မမရယ်"

"အဟင့်. . . ကဲ. . . ကဲ. . ကဲ"

အဲဒီညက ကြည်ပြာရောင် မိုးကောင်းကင်ပေါ်မှာ မျက်နှာပြပြနဲ့ ဖိုးရွှေလမင်းကြီးက ပါးစပ်ဖြဲပြီး ငုံ့ကြည့်ပြီးရယ်လို့။

ဒီအချိန်မှာပဲ တိမ်မည်းညိုတစ်အုပ်က ဖိုးလမင်းကြီးရဲ့မျက်နှာကို လက်ဝါးနဲ့ အုပ်ကာလိုက်တယ်။

လရောင်ဟာ တိမ်မည်းရဲ့ ပါးစပ်ထဲကို ဝင်သွားတယ်။

ဒီအချိန်မှာ ကျွန်ုပ်နှင့်မမချောတို့ရဲ့ နှစ်ကိုယ့်တစ်စိတ် အချစ်ကလည်း ငှက်ဖျားတက်ဒီဂရီများနဲ့ မဟာအချစ်သမုဒ္ဒရာလှိုင်းစီးပြီး သန်းခေါင်ကို နေ့မှတ်ခဲ့လေ၏။

ကိုယ်ငွေ့နှင့် ရင်ခုန်လှိုက်မောခဲ့ရသည့် ပရလောကည။

*

ကံအကြောင်းတရားကား ကြံနှစ်ချောင်းတစ်ပြားပေတည်း။

လှိုင်းအိလေးမျှသာ လူးလွန့်ကြည်နူးနေသည့် တစ္ဆေသိင်္ဂါရရင်ခွင်မှာ မမျှော်လင့်ဘဲ မုတ်သုန်အားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်ခဲ့လေ၏။

တစ်နေ့သောအခါ-

လူ့ဘဝတုန်းက ကျွန်ုပ်ကို အမျိုးမျိုး ဒုက္ခပေးခဲ့သော စိန်အေးကြူ (မှတ်ချက်။ ။ စိန်အေးကြူ ဒုက္ခပေးပုံများကို အသေးစိတ်သိလိုပါမူ 'ရွှေမေတ္တာခံယူမည့်သားတွေမို့ အများကဖြင့် မျှော်ကြပြီ' ဟာသလုံးချင်းမှာ လည်းကောင်း၊ 'ရင်ခွင်ထဲပြုတ်ကျသည့်လတစ်စင်းရယ်သံ' ဟာသလုံးချင်းမှာ လည်းကောင်း ပြန်လည်ခံစားကြည်နူးရင်ခုန်ကြပါလေ။)

ငင်း စိန်အေးကြူသည် မြွေကိုက်ရင်း ရေကန်ထဲလိမ့်ကျရာမှထပ်မံ၍မိုးကြိုးပစ်ခံရပြီး သုံးဆင့်ကွဲသေခြင်းနှင့်သေကာ တစ္ဆေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့၏။

မူလက အုတ်ဖိုစုသချိုင်းမှာ တစ္ဆေဖြစ်ခဲ့ပါသော်လည်း ကျွန်ုပ်တို့ အဒူလကြောင်သချိုင်းမှာ အကျွတ်အလွတ်ပွဲအကြို နာနာဘာဝ အငြိမ့်ပဒေသာကပွဲကြီး စီစဉ်ပြုလုပ်ဇာတ်တိုက်နေကြောင်း သိသောအခါ အရှက်မရှိ ကျွန်ုပ်ထံ ရောက်ရှိလာ၏။

"ငါ့ တစ်ခန်း၊ နှစ်ခန်းဝင်ပါရစေ မောင်ဗျိုင်းရာ"

သူသည် လူ့ဘဝတုန်းက ဇာတ်ပိုးကြီး၏။ ကျွန်ုပ်နှင့် အပြိုင် သရုပ်ဆောင်ဘက်ဖြစ်၏။ သင်းဒုက္ခပေး၍ ကျွန်ုပ် အရှက်တကွဲ အကျိုးနည်း မျက်ရည်ကျခဲ့ရ၏။

အချစ်ဦးအချစ်မူးကို လက်လွှတ်ဆုံးရှုံးခဲ့ရ၏။

ကျွန်ုပ်၏ အချစ်ဦးကို သင်းကူလီကူမာလုပ်၍ အလစ်သုတ်သွား၏။ နောက် အမြွာပူးမွေး၏။

ခု သင်းသည် သေခြင်းသုံးဆင့်ကွဲဘဝနှင့်သေပြီး တစ္ဆေ ပြိတ္တာဘဝသို့ ရောက်လာသောအခါ လာရောက်ဒုက္ခပေးရန် ကြံ မည်ပြန်၏။

"မဖြစ်ဘူး စိန်အေးကြူ တစ္ဆေအားလုံး ခွင်စေ့နေပြီ။ နက်ဖြန်နေ့ခင်းမှာ ရီဟာဇယ်လုပ်တော့မယ်"

"လူကြမ်းနောက်လိုက်ဖြစ်ဖြစ် လုပ်ပါရစေကွာ။မင်းကလည်း တစ္ဆေဇာတ်သမားအချင်းချင်းဥစ္စာကို"

"အေးကြူ ငါတို့ နာနာဘာဝအငြိမ့် ရှားရှားပါးပါးလေးကို မဖျက်ဆီးပါနဲ့ကွာ။ ပွဲကြည့်ဖို့ ငါ ရှယ်ကုလားထိုင်(ဂူတန်း)က နေရာ ပေးပါ့မယ်"

"ဟင့်အင်းကွာ၊ မင်းသမီးမောင်လေးနေရာကဖြစ်ဖြစ်"

"မရတော့ဘူး အေးကြူ"

"ဒါဖြင့်. . . ကားဆွဲအကူနေရာကကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း နေရာချလို့ အဆင်ပြေနေပြီကွ"

"ဒါဖြင့်. . .ရအောင် မင်းမလုပ်ပေးနိုင်ဘူးပေါ့"

"ဆိုပါတော့ စိန်အေးကြူရာ၊ မင်း စောစောစီးစီးသေခဲ့ရင် ငါတို့အငြိမ့်မှာ မင်းသားတောင် ဖြစ်. . . ဖြစ်. . ."

"တော်ကွာ မောင်ဗျိုင်း၊ လူ့ဘဝတုန်းကလည်း ငါ ဘယ်လိုကောင်လဲဆိုတာ မင်း ငါ့လက်ရည်ကိုသိပါတယ်။ ရပါတယ် ကိစ္စမရှိပါဘူး။ အခု တစ္ဆေ စိန်အေးကြူ ဘာကောင်လဲ၊ ဘယ်လိုလဲဆိုတာကို ဟောဒီ ပြိတ္တာရွာတစ်နယ်လုံး အဒူလကြောင်သချိုင်းတစ်ခုလုံး သိကိုသိရမယ်ဟေ့။ စိန်အေးကြူကွ ဖွီ. . ."

တစ္ဆေစိန်အေးကြူဟာ သို့ကလို ကြိမ်းဝါးရင်း ရေစည်ပိုင်း အဖုံးလောက်ရှိတဲ့ နားရွက်ကြီးကို ညာလက်နဲ့ ဆွဲလိမ်လို့ ဖျာတစ်ချပ်နီးပါးကြီးလှသည့် ခြေဖဝါးကြီးနဲ့ မြေကြီးချိုင့်ဝင်အောင် ဆောင့်ရင်း ထွက်သွားလေ၏။

ဒုက္ခပါပဲ ဒီတစ္ဆေကောင်ဘာများ လုပ်ဦးမည်မသိ။ ကြိုကြိုတင်တင် တစ္ဆေစည်းကမ်းထိန်းသိမ်းရေးနှင့်တာဝန်ယူရေးအဖွဲ့ကို ဒီအကြောင်း ကြိုကြိုတင်တင် အုတ်ခဲစာရေးသားပြီး အကြောင်းကြားထားမှပါပဲလေ။

☺



www.burmeseclassic.com

www.burmeseclassic.com

# (၁၂)
# မြင်းတော်မူလို့ စာကိုစီမယ်

ဒီနေ့ခင်းသည် နာနာဘာဝအငြိမ့် ရီဟာဇယ်အစမ်းကပြသည့်နေ့ဖြစ်၏။ သက်ကြီးဝါကြီး အနုပညာရှင် တစ္ဆေသရဲ ဖုတ်ကြီးများနှင့် တစ္ဆေအကဲဖြတ်ကြီးများသည် အုတ်ခဲကျိုးပေါ်မှာ ထိုင်၍ ပိုလိုစီးကရက်အဲလေ လူရိုးနှင့် လုပ်ထားသည့် ဆေးတံကြီးများကိုဖွာ၍ ကြည့်ရှုနေကြ၏။

အဒူလကြောင်သချိုင်းရှိ နာနာဘာဝ ပုစုခရုနှင့် အရွယ်စုံ နံဟောင်အရည်ရွှဲတို့ကလည်း မြေပြင်မှာ ထိုင်၍ ထ၍ အကဲခတ်နေ၏။

(မှတ်ချက်။ ။ကျွန်ုပ်တို့အားလုံးသည် တစ္ဆေသရဲ ပရလောကသားများဖြစ်ကြရကား ကျွန်ုပ်တို့၏ လှုပ်ရှားမှုများကို လူသားတို့မကြားရ၊ မမြင်ရပါပေ။သချိုင်းခွေးများ၊ လင်းတငှက်ဆိုးနှင့် သူလိုကိုယ်လို ဘဝတူပရလောကသားများသာ သိမြင်ကြားရပေ၏။ စကားချပ်)

ခွေးသားရေ၊ ကွဲသားရေနှင့်ကျက်ပြီးတီးနေသည့် ဆိုင်းဝိုင်းကလည်း လရောင်အောက်မှာ ခံ့ညားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ခုံကား-

ဝဏ္ဏကျော်ထင် အဘဦးစိန်အောင်မင်း၏ ရွှေလဝန်းဇာတ်ခုံမျိုးမဟုတ်။သချိုင်းဇရပ်ပေါ်မှ သမံတလင်းလေဟာပြင်အောက်၌ဖြစ်၏။

သွပ်ခေါင်းသံပြားနှင့်လုပ်ထားသည့် စပေါ့လိုက်ကြီးတို့ကွယ်လွန်သူ ပန်းချီဆရာကြီး ဦးမြင့်ကြည်ကကိုင်၏။

ကားဆွဲကား သူကြီးကျော်ဝင်းဖြစ်၏။

ပုံသကူ အဖာတစ်ရာ ကားလိုက်ကာကြီးကား မြောက်ပြန်လေနှင့် တလူးလူးတလွင့်လွင့်ရှိ နေ၏။

ရွာစားကျော်တစ္ဆေကြီး စိန်ဝင်းမောင်၊ စိန်ဝင်းရှောင်၊ စိန်ဆန်နီတို့တီးဝိုင်းက ပဏာမတီးလုံးနှင့် ဧည့်ခံနေ၏။

ပဏာမတီးလုံးက ကမ္ဘာကျော် ဂီတပညာရှင်ကြီး ဗီသိုဗင်၏ အမှတ်(၃) တီးလုံးဖြစ်ရကား အကဲဖြတ်တစ္ဆေအိုကြီးများ အရမ်းကို သဘောကျနေ၏။

သို့ကလို အင်တာနေရှင်နယ်တီးလုံးနှင့် ဧည့်ခံပြီးနောက် ရွာစားကြီး စိန်ဝင်းမောင်က ရွာစားကြီး စိန်ဘမောင်၏ 'စံတော်ချိန်'တီးလုံးကို နွှားသားရေပေါက်အောင်တီးပြီး ငြိမ်သွားချိန်မှာပဲ ကျွန်ုပ်က အခမ်းအနားကို စတင် ကြေညာရလေ၏။

"ရွှေပွဲလာ တစ္ဆေသရဲ နာနာဘာဝ ပရလောကသား အနုပညာချစ်သူအပေါင်းတို့ခင်ဗျား. . ."

"ဗျာ. . ဗျ"

"တော်. . . တော့်. . ."

ဟိုက်ရှားဝါး- အာဂတစ္ဆေပရသားများပေတည်း၊သို့ကလိုကျွန်ုပ်အဖွင့်စကားပြောသောအခါ အူကြောင်ကြောင်နှင့် ထ၍အော်ကြထူးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကြပါခံဗျာ၊ ထိုင်ကြပါ။ ပြန်ထူးစရာမလိုပါဘူး၊ ငြိမ်ငြိမ်ထိုင်ကြည့်ရုံပါခင်ဗျ။ ခုချိန်ကစပြီး တစ္ဆေကန်တော့ခန်းကို စတင်ရှုစားကြပါခင်ဗျား. . ."

တစ္ဆေကန်တော့ခန်းကား တစ္ဆေသန်လျင် မင်းကြည်လှိုင်လက်ရာဖြစ်၏။

"*ထူး ဟူး×××မ×××ခြား×××နား*"

မင်းကြည်လှိုင်တစ္ဆေသည် အသံပြဲကြီးနှင့် သီချင်းကို ဟစ်လေ၏။ မိုက်ကရိုဖုန်းမပါဘဲနှင့်ကို အသံက သံလင်ပန်းထုသံကဲ့သို့ မြည်ဟိန်းရကား အကဲဖြတ်တစ္ဆေများရော ပရိသတ်ပါ နားကို လက်ဝါးနှင့်ပိတ်ထားရ၏။

"*ထူး×××ထူး×××မ×××မ×××ခြားနား တို့တစ္ဆေစုံသား။ အဒူလကြောင်ရွာသား ဟား×××ဟား×××ဂျောင်းလုလု×××ဂျောင်းလုတို့တစ်တွေ×××နတ်ပြည်သို့လားရာဟာဟား သား×××ဟား×××ဟား×××ဟား*"

ထူးမခြားသီချင်းကြီးအလိုက်ဖြစ်၍ ခံ့ညားး၏။

"ရှိ ရှိ"

"ကောင်းလိုက်တဲ့ ကန်တော့ခန်းကွာ"

"ဘယ်သူရေးတာတုံးလကွာ"

"ချေးကားကြိတ်လို့သေတဲ့ မင်းကြည်လှိုင်တဲ့ဗျ"

"MRTV- 9'က လွှင့်ဖို့ကောင်းသကွာ"

"ဒီသီချင်းကို အမေရိကားက ပေါ့(ပ်)တီးဝိုင်းက လိုက်ဝယ်နေတယ်ကြားတာပဲဗျ"

"ဒါဆို ကြည်လှိုင်တော့ ထောပြီကွ။ ဒေါ်လာပြားရမှာကိုယ့်လူရ"

"ဒေါ်လာပြားလုပ်ပါဗျာ ကိုကျော်ဦးရာ"



www.burmeseclassic.com

www.burmeseclassic.com



"အတူတူပါပဲကွာ ချက်ကြီးရာ။ ငါ့ကို ဆရာမလုပ်ပါနဲ့ ဖွိ"

"ရွှေပွဲလာပရိသတ်အပေါင်းတို့ခင်ဗျာ"

"ဗျာ. . . ဗျာ"

"ခင်ဗျာ. . . ခင်ဗျ"

"ဟဲလို. . ဟဲလို ပြန်မထူးပါနဲ့ခင်ဗျ။ ရပါတယ်"

"အားနာလို့ပါဗျ"

"ရပါတယ်ခင်ဗျ။ ကိတ်ချ မ. . မရှိပါဘူးခ်ဗျ။ အခုချိန်ကစပြီး အရိုးခြောက်ယိမ်းနဲ့ စတင်ဖြေဖျော်ပါပြီခင်ဗျ"

"ရှီး. . ရှီ"

"ဂွတ်တယ်ဟေ့ ဂွတ်. . . ဗလွတ်"

အရိုးခြောက်ယိမ်းကား အလွန့်ကို ပီပြင်လှ၏။ ၎င်းယိမ်းကို တီဘီရောဂါနှင့်သေပြီး တစ္ဆေဖြစ်လာသူ တစ္ဆေယောကျ်ား (၆) ယောက်နဲ့ ဟိုဒင်းရောဂါနှင့် မာလကီးယားလာသည့် ကာရာအိုကေ အဆိုတော် သရဲမ (၆)ယောက်တို့က သစ်ရွက်များ ခါးမှာသီ၍ 'လဝန်းလေးနဲ့တူတယ် မေ့ကို/မောင့်ကိုလားကွယ်' သီချင်းနှင့် ရွှေ့တိုးနောက်ငင် ယိမ်းအတန်းခွဲ၍ ကကြသောအခါ-

"ဝမ်းစမိုး. . . တူးစမိုးကွ"

"အာနိုးအတိုင်းပဲဟေ့. . ."

"မောင်ဗမာဘကွမ်းနဲ့တူသဟေ့"

"ဟိုကောင်မလေးက ဘားဒေါ့အတိုင်းပဲ"

"အလယ်က ပိန်တာရိုးမ● ဆိုဖီယာလောရင့်(စ်)အတိုင်းဟာ"

သို့ကလို အရိုးခြောက်ယိမ်းကို တီးလုံးကတခြား ကတိုးဟာ တလွဲကရင်း အမောဖောက်လာ၍ စပေ့ါလိုက်ကိုင် တစ္ဆေကြီးကြည်ကြီးက မီးရောင်ကိုမှိန်ရင်း တစ်ခန်းသိမ်းရလေ၏။

"ရွှေပွဲလာပရလောကသား အနုပညာချစ်သူများ ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



ယခုတင်ဆက်မည့် အစီအစဉ်က နိုင်ငံတကာအင်တာနေရှင်နယ် ဝါး(လ်)အတ် (International world Art) ကမ္ဘာလုံးဆိုင်ရာ အနုပညာ အလကားကျော်စွာဘွဲ့ရ အသံကောင်းရုပ်ချော ပြဇာတ်မင်းသား မောင်မောင်ဗျိုင်းနဲ့ အဒူလကြောင်သချိုင်းစောင့်မဖဲချာတို့ရဲ့ ‘မောင်မောင်ဗျိုင်းနှင့် ရွှေမင်းသမီး’ တေးသရုပ်ဖော် အငြိမ့်ခန်းပါခင်ဗျား”

“ရှိ‥ရှိ”

“မြန်မြန်ထွက်ပါဗျို့”

“ဝှတ်ရှယ်ကွာ”

စပေါ့လိုက် အလင်းရောင်ကျယ်လာသောအခါ သချိုင်းစောင့်မဖဲချာသည် ဖိတ်ဖိတ်လက်နေသည့် သွပ်ပြားအငြိမ့်မင်းသမီးဝတ်စုံ ဗလာထဘီကိုဝတ်၍ မျက်နှာမှာ ဝိုင်အိုလက်ပေါင်ဒါများ ရိုက်ပြီး ကြွကြွရွရွလေးပေါ်လာ၏။

သူမ၏အနီးမှာ ကျွန်ုပ်သည် ငှက်ပျောရွက်များကို သီထားသည့် တောင်ရှည်ပုဆိုးနှင့် လက်တစ်ဖက်မပါသော စွပ်ကျယ်အကျႌ လက်တိုကိုဝတ်ပြီး အုန်းမှုတ်ခွက် သောက်ရေခွက်ကိုကိုင်၍ မျက်နှာ ချိုသွေးဟန်နှင့် မမချာအနီးမှာရှိနေ၏။

ကျွန်ုပ်၏ တစ္ဆေဦးခေါင်းသည် ပြောင်နေ၍ ထိပ်မှာ သချိုင်းလူ့အဆီကော်နှင့် လူ့သေကောင်ဆံပင်များကို ဖြတ်ညှပ်ကပ်ထားရကား လူ့ဘဝရှိရင်းစွဲရုပ်နှင့်စာလျှင် ယခု တစ္ဆေဘဝရုပ်က သားနားနေ၏။ အချို့က ရုပ်ရှင်မင်းသားကျော်ဆွေနှင့်တူသည်ဟု ဆိုကြ၏။ အချို့က စိုင်းစိုင်းခမ်းလှိုင်နှင့်တူသည်လည်း ပြောကြ၏။

တစ္ဆေအပျိုပေါက်မလေးများဖြစ်ကြသော ကြည်ပြာလွင်၊ ချိုသော်၊ ရှယ်လီမပု၊ ဆီဗက္ကာဝေါင်းနှင့် အိန္ဒြာကြော်ချက်တို့က ‘လေဘုံး’ နှင့် ဘယ်လိုကြည့်ကြည့်တူလွန်းလှ၏ဟု ချီးမွမ်းကြသောအခါ ကျွန်ုပ်မှာ ရှက်လွန်းအားနာလွန်း၍ မျက်နှာကို မောင်သွေးရင့်ဂူ



www.burmeseclassic.com

www.burmeseclassic.com



ထဲဝှက်ထားရမလို ရှိချေ၏။

အငြိမ့်ခန်းစချေပြီ။

"မမချာ. . ."

"ဘာရဲ. . . မောင်ရေး"

အရေးထဲ မင်းသမီးက စကားမပီ။ မော်လမြိုင်သူလား၊ ထားဝယ်သူလားမသိ။

"ဒီ. . . ဒီမှာ မမ. . သောက်. . . သောက် အဲ. . အဲ. . . ဖို့"

"ဘာ. . ဘာရဲ. . ဟင်. . ဂွင်. . လို့"

"မမသောက်ဖို့ရေ"

"ဘာရေလဲ မောင်မောင်ဗျိုင်းရယ်. . ဟင်"

"နွားနက်မသေးရေ"

"အို. . ."

"ဝါး. . ဟား. . ဟား ပြောင်ထယ်ဟော့"

"ရှိ. . ရှိ. ."

"နောက်တာပါ မမချာရဲ့။ ဒါ အဒူလကြောင်ရေသန့်ပါ ခင်ဗျ"

"မ. . မမသောက်ချင်ပါဘူး ဗျိုင်းရယ်"

"အိုဂျာ တားတားက အဲလေ ဒီပါးစပ်ကလည်း၊ မောင်မောင်က မမချာကို ချစ်လွန်းလို့ အမောပြေတိုက်တာပါ.မမချာရဲ့"

"ဟင့်အင်း . . မမက စူပါလီမွန်မှ သောက်ချင်တယ်"

"သောက်ပါမမရယ် ချစ်လို့ပါ"

"အို. . ချစ်ရာမလိုပါဘူး. . သွား"

"တွားဘူးဂျာ၊ ချစ်. . ဂစ်. . ဂစ်မှာပဲ"

"မင်းပြောလို့မရဘူးလား မောင်မောင်ဗျိုင်း"

"ရဂူး. . . ဟူး. . ဟူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မောင်မောင်ဗျိုင်းရဲ့ မင်းက လူ့ရှင်တော်ပါ"

"အဲဒါဘာဖြစ်လဲဂျာ။ လူ့ရှင်တော်ရဲ့ရင်ထဲမှာရှိတဲ့ နှလုံးသားဟာ ဝါဂွမ်းနုအနှစ်သားလို နူးညံ့ပြီး အချစ်က စာရာမရှိ တောင်လို ခိုင်မာနေဥစ္စာ"

"ရှိ. . ရှိး"

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

"ဒိုင်ယာလော့(ခ်)က အမိုက်စားပဲကွ"

"ဘယ်စာအုပ်ကခိုးချတာလဲ မသိဘူး"

"မင်း. . မင်း ငါ့အနားကိုမကပ်နဲ့နော် မောင်ဗျိုင်း"

"ကပ်မှာပဲ. . ဟာပဲ. . ဟာပဲ ကပ်တယ်ဗျာ"

ဒီမှာပဲ ရှာစားပြုတ် (မှတ်ချက်။ ။ဆီနည်းနေ၍ ပြုတ်ရပါသည်။) မင်္ဂလာစိန်ဝင်းမောင်က တီးလုံးကို စ၍ခံပေးလိုက်ရာ သီချင်းဝင်လေတော့သည်။

"မောင်မောင်ဗျိုင်း. . . မောင်မောင်ဗျိုင်း"

"ဂျာ. . ဂျာ. . ဒီမှာ မမသောက်ဖို့ *Water Water* "

"တခွေကလေးပေး ကြွက်မျက်နှာ×××"

"လတိုးမျက်နှာလုပ်ပါ မမရယ်×××အဟင့်"

"တခွေကလေးပေး×××ကြွက်မျက်နှာ×××ရှက်ရှက်ပါတယ်ကွာ"

"ချက်ပါဘူးဂျာ×××အနော့်အဖေလည်း ဒီလိုပဲ ပိုးခဲ့တာပါဂျ×××"

"×××တခွေမင်းသမီးအနားမှာ ဝမ်းလျှောခဲ့တာ×××"

"တောင်စွန်းလွမ်းသောင်းရက်လည်မှာ စားတာများသလို့ပါ မမချာရဲ့"

ပရိသတ်ကား လွန်စွာသဘောကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်တယ်နော်"

"ထောင်မှူးကြီးသိန်းဝင်းနဲ့ ညီအစ်ကိုဝမ်းကွဲကိုးဟ"

"ထောင်မှူးကြီး ခုနေရောက်လာရင်ကောင်းမှာပဲ"

"မကြာပါဘူးကွာ၊ စောင့်ကြည့်ပါ"

ကျွန်ုပ်က အငုံ့လေးမှာ ဝင်ရသည်။

"အဒူလကြောင်ကညာ ကြင်ကြင်ပါ×××ဂူပေါ်မှာ××× အတူပျော်မှာ×××တစ္ဆေဂိန္နရီမောင်နှံများလို×××တစ်ကျင်းတည်း နေချင်တာ အဟာ×××"

"ဇရပ်ခုံပေါ်မှာကတော့×××ချာချာနား မကပ်ဆရာ×××"

"ကပ်မှာပဲ ဟာပဲ. . . ဟာပဲ. . . အဟင့်"

"မောင်သွေးရင့်ဂူပေါ်မှာကတော့×××ချာချာနား×××မကပ်နဲ့ ဆရာလို့×××မောင်မောင်ဖျိုးအူကလီစာထွက်ကာ ပျော်ရွှင်လျှတ် သာ×××နိမ်းပေးဂျောင်းတော့မှာ"

"မမချာလေးရယ်. . ."

"သချိုင်းစောင့်ကို ပိုးရတာ×××မောင်ပွေးဆင့်တူမော မကျွတ်မလွတ်ဘဲ ငွဲမျိုးခံ×××အရှက်နည်းခဲ့သူ့အမှန်ပါ×××မြို့နယ် တစ္ဆေအပေါင်းနဲ့ သချိုင်းမကျန် အားလုံးသိကြတာ×××အဒူလ ကြောင်မင်းသမီးနဲ့ ကျွန်တော် မောင်မောင်ဖျိုးဟာ တစ်နေ့တော့ ဂွိကြမှာ"

"ကျဲသေးပေါ့ မောင်မောင်ဖျိုးရယ်"

"ပါးကိုရွှဲ့သွားအောင်ရိုက်ပါ မမချာရဲ့"

အမှုသမားတစ္ဆေကြီး ဦးအုန်းမောင်က မြှောက်ပေးရဲ့

"ခေါ်နေတဲ့သွား အာခေါင်ထဲဝင်သွားအောင် ဆောင့်ကန် လိုက်ပါလားရှင့်"

ဒေါ်ပလုတ်တုတ်ဆိုတဲ့ ငါးစိမ်းသည် တစ္ဆေကြီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



အားပေးလျက်ခင်ဗျ။ တတ်နိုင်ပါဘူး နောက်အပိုဒ်ကို ဟစ်ရရော။

"စိတ်ကူးရင် စိတ်အစာထဲမှာ အုတ်ခုနစ်ရာလည်းပါ×××ဂူပျဉ်ခုတင်စုံစွာ×××ဓားမအုန်းသီး ဖွဲပြာအစုံ×××ကြေးစည်မကျန်ပါ×××ခိုးရာပဲလိုက်လိုက်×××ရုံးမှာပဲလက်ထပ် အခုကစ၍ သချိုင်းစောင့်အမေကို×××နင်းသတ်ချင်နေတာမောင်မောင်ပါ×××"

"ရှိ. . . ရှိုး"

"နင်းပါ. . နင်းပါ။ မှုန့်သွားအောင်နင်းပါဗျို့."

တစ္ဆေသရဲအုပ်ထဲက အသံသေးသေးတစ်ခုက ထောက်ခံပြီး အော်လိုက်လို့ ရယ်သံများကိုညံသွားတာပဲ။

ဒီမှာ သချိုင်းစောင့် အငြိမ့်မင်းသမီး မဖဲချာရဲ့အမေက ထဘီမပြီး ကလော်တုတ်လို့ တစ္ဆေခေါင်း ဦးဖွတ်ချက်က မနည်းတောင်းပန်ရတယ်။ ဟိုနေ့က အရှိန်ကမသေသေး။

"×××အူကြောင်ကြောင်လုပ်ပြီး သချိုင်းစောင့်နဲ့လာတွဲတာ×××ပြိတ္တာအားလုံးက ဒိုးဆလံပါဆရာ×××ဇရပ်ဂူနံဘေး(အနားမကပ်နဲ့ဆိုတာ ကြွက်သေပုပ်စော်ကြီးလိုနံလို့) အပုပ်ရည်တရွဲ ရွဲနဲ့ အနူကလေး မောင်မောင်ဖျိုင်းသနားစရာ×××"

ကျွန်ုပ် ယခုအချိန်ကစ၍ အသားကုန်လွှမ်းပေပြီ။

"×××တစ္ဆေရွာ မေတ္တာအကြောင်းကို ပြောရင်းနဲ့ မောင်မောင်ကြွေမှာ"

"ကြွေ ကြွေ၊ ပုပ်အောင်ကြွေ"

"အူကြောင်ကြောင် ဝမ်းတွေလျှောတာ×××ဘယ်တစ္ဆေမှ မသနားပါ"

"သနားဖို့လိုသေးလို့လား။ မတန်မရာမှန်းတာကိုး"

"×××ဝိုင်းဝန်းကြလို့ အုတ်ခဲနဲ့ ထုတာပစ်တာ×××ငါးတွေလျှောတာ×××တစ္ဆေအငြိမ့်မှာ မရှက်နိုင်ကြေညာ×××ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဗျိုင်းနဲ့ ချစ်ချာချာ မုဂ်လာဆောင်×××"

"ဟာ×××ဟာ×××ဟား×××ဟား×××ဟား သေချင့်ရင် အမြန်သေပါ×××အားလုံးက ပစ်ချင်ကြတာ×××ခဲနှစ်ပုံပါ××× ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲစမ်းနဲ့×××မောင်သွေးရင့်ပဲ ချစ်နိုင်ပါမယ် ကွာ"

"ရက်စ်အောလ်ရိုက်၊ဒီကောင့်ကို ကန်ထုတ်၊ မောင်သွေးရင့် ကိုယူလိုက်ပါ မမချာ"

"မောင်သွေးရင့်က ခေါ်တောရုပ်ပါမမချာ ဗျိုင်းကိုယူလိုက် ပါ"

"မောင်သွေးရင့်က ဂူအကောင်းစားနဲ့ ချမ်းသာတဲ့ တစ္ဆေဗျ"

"မောင်ဗျိုင်းကလည်း ဂမ္ဘီရမှာ နာမည်ကျော်ပါကွ"

သို့ကလို သူတစ်ပေါက် ငါတစ်ပေါက် ဆူညံအော်ဟစ်ဝေ ဖန်နေစဉ်မှာပဲ ကျွန်ုပ်နှင့် တစ္ဆေမင်းသမီး မချာတို့သည် အပြိုင် ကရင်း ကျောချင်းကပ်၍ အရသာပီတိမိုးများ ရွာသွန်းနေစဉ်-

"ဖယ်စမ်း. . . ဖယ်ကြစမ်း"

"ဟဟ. . . ဘာဖြစ်လို့လဲဟ"

"ဖယ်ကြ"

"ဟဲ့ဟဲ့-ငါ့တလေးကို နင်းသွားရလားဟဲ့. . . ဟင်"

"ဝုန်း. . . ဂလုန်း"

"ဟိုက်. . ."

ကြည့်နေသည့် ပွဲခင်းကြီး ရုတ်ရုတ်သဲသဲဖြစ်သွား၏။

ထိုအခိုက်မှာပဲ တစ္ဆေမိန်းမ ဝဝ၊ မည်းမည်းကြီး၊ခန္ဓာကိုယ်သည် မရှိဘူးဆိုလျှင် ရာဝင်အိုးခန့်ရှိသော တစ္ဆေမကြီးတစ်ယောက်သည် ကျွန်ုပ်တို့ ဇရပ်ဇာတ်ခုံပေါ်သို့ ဝုန်းခနဲ ရောက်ရှိလာ၏။

"ဟဲ့-ငဗျိုင်း၊ နင်က သိပ်ကိုဟန်ကျနေတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်. . နင် အဲ. . ခင်. . ဗျား ဘယ်သူလဲ. . သွား. . သွား ဆင်းသွား"

"ငါဘယ်သူလဲ သိချင်ရင် ဒီမှာကြည့်ဟဲ့"

ဒီမှာပဲ တစ္ဆေမမည်းမည်း၊ ဝဝကြီးဟာ သူ့မျက်နှာပေါ်က ဆံပင်များကို ခေါင်းယမ်း၍ ဖယ်လိုက်သောအခါ-

"ဟာ-မင်း. . . မင်း. . မအီစလန်ဂွမ်"

"ဟုတ်တယ်။ နင့်မယားအကြီး မူလပထမ ခွေးတံဆိပ်လက်ဟောင်း အီစလန်ဂွမ်လေ။ ငါ့မှာတော့ နင့်အရင်သေပြီးလို့ တစ္ဆေဘဝရောက်သည့်တိုင် နင့်ကိုလွမ်းပြီး အလယ်ရွာ သချိုင်းမှာ နေ့တိုင်းငိုနေရတယ်။ နင် ဒီသချိုင်းမှာ တစ္ဆေဖြစ်ပြီး ဟိုကောင်မ မိဖဲချာနဲ့ ပလူးနေတာကို အစက ငါမယုံခဲ့ဘူး။ တစ္ဆေစိန်အေးကြူလာပြောပြီး ခေါ်လာလို့လိုက်ကြည့်မှ ဟင် နင်က။ အရှက်မရှိတော်မယားကြီးတစ္ဆေ ငယ်ချစ်ဟောင်းရဲ့မျက်နှာမှမထောက် လူ့ဘဝ တင်မကဘူး၊ နာနာဘာဝဘဝရောက်တာတောင် ဖောက်ပြန်ချင်တဲ့အကောင် သေဟာ သေဟာ။ ကဲဟာ ကိုင်းဟာ အီစလန်ဂွမ်တဲ့ဟော့ သေဟာ"

"ဗုန်း"

"အုန်း"

"ခွမ်း"

"အမလေး. . . လုပ်ကြပါဦးဗျ သူကြီး. . သူကြီး ဦးဖွတ်ချယ်. . . အား"

"မှတ်ထား. . . မိဂွမ်တဲ့။ ဗျိုင်းရေ ယော"

"အုန်း"

"အမလေး သေပါပြီဗျ။ အမေရေ အမေ. . အား. . အား"

တစ္ဆေမယားကြီး အီစလန်ဂွမ်သည် နောက်ကြောမှာ ဝှက်

www.burmeseclassic.com



လာသည့် နွားခြေသလုံးရိုးနှင့် ကျွန်ုပ်၏ ခေါင်းကိုလည်းကောင်း၊ ကျောပြင်ကိုလည်းကောင်း၊ ညို့သကျည်းကိုလည်းကောင်း အသား ကုန်ဖြင်းလေရာ ကျွန်ုပ် ဇာတ်ခုံပေါ်မှာ မှောက်လျက်လဲ၍ အမ မလေးအဘလေး အော်နေရတော့၏။

မင်းသမီး မဖဲချောလည်း ကျွန်ုပ်၏ ဘဝဟောင်းက မယား ကြီးတစ္ဆေ၏ ရွာစားကြီး စိန်ပေဒါလက်သို့ထက်သာသော မဟာ့ မဟာ ဝိုင်းတော်တီးလက်သံကို ရုပ်မြင်သံကြား မြင်လိုက်ရသော အခါ-

"အမ်မလေး. . . အရပ်ကတို့၊ ကယ်ကြပါဦးတော့"

လန့်ဖျပ်၍ ခုန်ချထွက်ပြေးတော့၏။ နာနာဘာဝ ပဒေသာ ကပွဲ အကဲဖြတ်တစ္ဆေပြိတ္တာများလည်း အကြီးအကျယ် အံ့သြဝမ်း သာ အဲလေ ဆန်းကြယ်ဖြစ်ကာ ထိုင်ဂူများပေါ်မှ ထပြေးကြလေ၏။

"သေဟ. . . နန့်ကြောကောင်ရ"

"ဗုန်း"

"အင့်. . . အမလေးဂျ"

"ချ. . . ချ မမဂွမ်၊ ခေါနေတဲ့ ရှေ့သွားတွေကို ရိုက်ချိုး"

အသံကား စိန်အေးကြူတစ္ဆေရဲ့အသံဖြစ်ပေ၏။ ရော်စတ် လိုက်သည့်ကောင်။သူ့ကို ပဒေသာကပွဲမှာ နေရာတစ်နေရာ မပေး ၍ ကျွန်ုပ်၏ မိန်းမတစ္ဆေကို သွားရှာချွန်တွန်းလုပ်ခဲ့ရကား အကြီး အကျယ် နာမည်ရမည့်ပွဲ မင်္ဂလာယူရမည့်ပွဲ အချစ်သစ်နှင့် နှုတ်ဆက် မင်ရည်ပျစ်ရမည့်ပွဲမှာ ခွက်ခွက်လန် အရှုက်ကွဲခဲ့လေပြီး

"ကိုယ်လုံးနဲ့ဖိပြီးညှစ်။ လျှာထွက်နေပြီ မလွှတ်နဲ့ မမဂွမ် ချ. . . ချ"

"အစ်. . . အစ်"

"အဲဒါ ငါဟ. . . ဂွမ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည့် ပရိသတ်တစ္ဆေသရဲများကား အစပထမတော့ ဇာတ်လမ်းခွင်ပဲမှတ်ပြီး အားပေးကြ၏။ ဩဘာပေးလက်ခုပ်တီးကြ၏။

နောက်ပိုင်း ဒါဇာတ်ခွင်မဟုတ်။ ကျွန်ုပ်၏ ဘဝဟောင်းက မယားကြီးတစ္ဆေ ရုတ်တရက် ရောက်လာပြီး ပွဲကြမ်းမှန်းသိသွားကြသောအခါ တစ်ယောက်မျှ ဝင်မဖျန်ကြဘဲ ပြေးကြတော့၏။

အချို့က သူတို့ပါ ရောအရိုက်ခံရမှာစိုး၍၊ အချို့ကား ဒီအမှုမှာ သက်သေလိုက်ရမှာစိုး၍။နောက်ဆုံး ကျွန်ုပ်၏ မယားကြီးတစ္ဆေသည် လက်ဝါး၊ ဒူး၊ တံတောင်၊ ဖနောင့်၊ တင်ပဆုံအတွင်းအားပေါင်းစုံနှင့် ရောသမမွှေ စပ်သမမွှေ တီးလို့ဝသော် မောဟိုက်ပြီးလျှာထွက်၍ လက်ပန်းကျနေခိုက်-

ကျွန်ုပ်သည် ဇရပ်ဇာတ်ခုံပေါ်မှ ခုန်ချ၍ပြေးတော့၏။ ရွာစားကြီး စိန်ဝင်းမောင်တို့ကား လွန်စွာ အားကိုးရ၏။ အရိုးခေါင်းဗုံ၊ ဆိုင်း၊ နှဲများကို ဒီအတိုင်းပစ်ချ၍ ပြေးကုန်၏။

"ဟဲ့ကောင် နောဇိုင်း မပြေးနဲ့"

"ပြေးမှသက်သာမှာဟ။ ပြေးပဟော့"

"မမဂွမ် လိုက်လိုက်။ သူခိုးလို့အော် မမဂွမ်"

စိန်အေးကြူတစ္ဆေကား အငြိုးကြီးစွာ ဒုက္ခပေးနေ၏။စွတ်၍မြှောက်ပေး၏။

"သူခိုးတော့. . . သူခိုး သူခိုး။ ဓားပြ. . ဓားပြ"

"ကယ်တော်မူပါ"

တစ္ဆေရွာ အဒူလကြောင်သချိုင်းသည် မီအီစလန်ခွဲရဲ့ အသံပြကြီးကြောင့် ဝုန်းဝုန်းကျွက်ကျွက်ညံသွား၏။

"သူခိုးတော့. . . ဓားပြ. . ဓားပြ"

"သူခိုးတဲ့ဟ၊ ဝိုင်းကြ. . . လိုက်ကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဓားပြလို့လည်း အော်သံကြားတယ်"

"ဟော့-အဒူလကြောင်သချိုင်းကို တစ္ဆေမကောင်းဆိုးဝါး အနှောင့်အယှက်ဝင်နေပြီ။ ဝိုင်းဟလိုက်ဟ။ မိရင် အမှုန့်ခြေပစ်"

တစ္ဆေသရဲများသည် တင်းပုတ်များ၊ ဂူအုတ်ကျိုးများ၊ ခေါင်းပျဉ်များ ကိုင်မြှောက်၍ ညာသံပေးမြီး တရကြမ်းလိုက်ကြလေ၏။

ကျွန်ုပ်လည်း လေအဟုန်နှင့် ရှေ့မှပြေး၏။ နောက်မှာ ညာသံဘယ်သံပေး၍လိုက်သူများကား မနည်းလှ။

နေ့ခင်းကြောင်တောင်မှာပင် သူတို့မျက်စိများကန်းနေဝါးနေသလား ဒါမှမဟုတ် ကျွန်ုပ်ကပဲ အပြေးမြန်လို့လား ဒါမှမဟုတ် ကျွန်ုပ်မှန်းသိသိနှင့် အမြင်ကတ်၍လိုက်ကြသလားမသိ။ ကျွန်ုပ်ကို ကြာတော့ သူတို့မမြင်ကြတော့။

သချိုင်းထဲမှာရှာလည်နေ၏။

☺

www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

ကျွန်ုပ် ပြေးရင်းမှ မောလွန်းလှ၍ ညောင်ပင်ကြီးတစ်ပင် အောက်မှာ နားခိုနေစဉ်-

ညောင်ပင်ပေါ်မှ မုတ်ဆိတ်ဖားလျား ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ဦး ကျွန်ုပ်ရှေ့သို့ ခုန်ချလာလေ၏။

"အဘိုးက ဘယ်သူတုံးခင်ဗျ။ လန့်လိုက်တာ အဘိုးရာ၊ မကြီးမငယ်နဲ့ ဘာလို့ သစ်ပင်ပေါ် တက်ဆော့နေတာလဲ။ မတော်လို့ ကျရင် ခွကြားကို ငုတ်စူး. ."

"ဟော့ကောင် ငါ အလကားကောင်မဟုတ်ဘူးကွ"

"ဒါဖြင့် ဘာတုံးခင်ဗျ"

"ငါ ဒီသစ်ပင်မှာနေတဲ့ရုက္ခစိုးပဲ"

"ဟင်-ရုက္ခစိုး၊ အလိုလေး"

"နေပါဦး မင်းကို ကြည့်ရတာ တစ္ဆေအစစ်ပုံမပေါ်ပါဘူး။ ဟော့ကောင်၊ မင်းတကယ်သေတာမှ ဟုတ်ရဲ့လားဟင်"

ရုက္ခစိုးအဘိုးသည် ကျွန်ုပ်၏ ရုပ်ရည်ဟန်ပန်ကိုကြည့်ပြီး သေသေချာချာ စူးစမ်းနေ၏။

"ဟုတ်ပါတယ် အဘိုး။ လွန်ခဲ့တဲ့သုံးရက်က ကားပေါ် အုန်း

www.burmeseclassic.com

www.burmeseclassic.com



သီးပြုတ်ကျပြီး သေခဲ့ရတာပါ ခင်ဗျာ"

"မင်းဘယ်ရပ်ကွက်ကတုံးကွ"

"မြို့မတောင်ရပ်ကွက် ကိုသောင်းညွှန့်ဦးတို့ အိမ်နားကပါ ခင်ဗျ"

ဒီမှာပဲ အဘိုးရက္ခစိုးကြီးသည် မျက်စိကိုမှိတ်၍ တစ်စုံတစ်ရာကို အာရုံပြုနေ၏။ အတန်ကြာသောအခါ-

"ဟုတ်ပြီ၊ မင်းအတော်ကံကောင်းတဲ့ကောင်ပဲကွ။ ဒါနဲ့ မင်းနာမည်မောင်မောင်ဗျိုင်း မဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ"

"မောင်မောင်ဗျိုင်း. . . မင်းဟာ တစ္ဆေမဟုတ်ဘူးကွ"

"ဗျာ. . ."

"မင်း လူ့ဘဝနေရင်းဌာနကို ပြန်သွားရတော့မယ်"

"ဟုတ်. . . ဟုတ်ရဲ့လား အဘိုးရယ်ဟင်"

"ဟုတ်လွန်းလို့ ဟိုဘက်ကိုကျော်ရော မောင်မောင်ဗျိုင်းရေ ဒါနဲ့ ငါ့လူ မြတ်စွာဘုရားကို ကြားဖူးလား"

"မြတ်စွာဘုရား. . . မြတ်စွာဘုရား. . သိပြီ. . သိပြီ မြတ်စွာဘုရား ဟုတ်ပြီ။ မြတ်စွာဘုရား. . ကယ်တော်မူပါဘုရား. . ."

ကျွန်ုပ်သည် ဘုရားကို အဘိုးရက္ခစိုးကြီး သတိပေး၍ သိလိုက်ပါပြီ ဝမ်းသာလိုက်တာ။

"လူကလေး မောင်ဗျိုင်း"

"ခင်ဗျာ အဘိုး"

"လူကလေး ဒီပရလောကရွာကို လမ်းမှားမျက်စိလည်ပြီး ခရောက်ရောက်လာတာကွယ့်"

"တကယ်. . ."

"အဘိုး သိတာပေါ့ လူကလေးရယ်။ လူကလေးလိုပဲ အခန့်



www.burmeseclassic.com

www.burmeseclassic.com



မသင့်လို့ လမ်းမှား ခရီးရောက်လာသူအချို့ကို အဘ အမှားကြီးကြုံဖူးတယ်။မင်းသိပ်ကိုကံကောင်းတာပဲ။ အချိန်တန်ပြီလူကလေးရဲ့ ဒီမှာဟော့ မောင်ဖျိုင်း လူကလေး၊ လူ့ဘဝမှာနေတုန်းက ဘယ်လို ကုသိုလ်ကောင်းမှုများ ပြုခဲ့ဖူးသလဲကွယ့်ဟင်"

"ကုသိုလ်ကောင်းမှု. . ."

"အိမ်. . . ပြန်စဉ်းစားစမ်း သတိရအောင် စဉ်းစားစမ်း"

အဘိုးက ကျွန်ုပ် မျက်လုံးအစုံကို စိုက်ကြည့်၍ အမိန့်ပေးနေ၏။

ကျွန်ုပ်၏စိတ်သည် လူ့ဘဝသို့ လှစ်ခနဲ ရောက်သွား၏။

"ဟာ. . . သတိရပြီအဘိုးရေ အဘိုး"

"ပြော၊ လူကလေး"

"ကျွန်. . ကျွန်. . တော်လေ လူ့ဘဝတုန်းက ရွှေတိဂုံဘုရား မွေးနံ့ထောင့်မှာ ပန်း၊ ရေချမ်းလှူဖူးတယ်ဗျ"

"ဟုတ်ပြီ၊ ပြီးတော့ကော"

"ပြီ. . . တော့. . . အဲ. . . ဝါဆိုသင်္ကန်းကပ်လှူဖူးတယ် အဘိုးရ"

"မှန်သပေါ့ဗျာ။ ကျန်သေးလား စဉ်းစားစမ်း"

"ဟို. . . ဟို. . . ကိုဇော်ဖေဆိုတဲ့ ကုလီကုလားလို လူကြီးကို ငွေငါးဆယ်ပေးဖူးသဗျ"

"ဟုတ်လိုက်လေ၊ ငါ့သားသတိရပြီ။ ကိုင်း-လူလေး၊ အချိန် မဆိုင်းနဲ့တော့ အဒ္ဓလသချိုင်းကို ပြန်သွား"

"ဗျာ. . . အဲဒီမှာ ဟို. . ဟို"

"ဟော့ကောင် လျှာမရှည်နဲ့။ မင်း လူ့ဘဝ ပြန့်ရှင်ဝင်ရမယ့် အချိန်ရောက်ပြီး။ ဟိုမှာကြည့်လိုက်စမ်း"

ကျွန်ုပ်သည် အဘိုးရှက္ခစိုးကြီး လက်ညှိုးညွှန်ရာသို့ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ-

အလို အသုဘတစ်ခုပါကလား။

ရှေ့ဆုံးကားမှ ခမ္ဘတေးရွတ်သံကို ကြားနေရ၏။ ဒီအသံကို ကျွန်ုပ် ကြားဖူး၏။ ဘယ်သူ့အသံပါလိမ့်။

"အနိစ္စ အမြဲမရှိ။ ဒုက္ခ ဆင်းရဲ၏။ အနတ္တ ငါ၏ ကိုယ် မဟုတ်။ ငါ့ကိုယ် ငါမပိုင်။ သေမင်းရဲ့ အနိုင်ခံ မကြံနိုင်၍ အိုနာ ဆွေးxxx"

ဟယ်-ဒါ. . . ဒါ. . အဆိုတော် သန်လျှင်လှလှရီရဲ့ အသံပါ လား။ ဘယ်သူ့အသုဘပါလိမ့်။ အံ့ဖွား(ပြင်စလူ)များသေလို့လား။ သူကလည်း အသောက်ကြမ်းပြီး ရမ်း၏။ သေသင့်ပေ၏။ ကျွန်ုပ် ဦးခေါင်းထဲမှာ မှတ်ဉာဏ်များ တန်းစီ၍ ပေါ်လာသည်ကို ခံစား သိရှိရ၏။

ဒီမှာ ရှေ့မှ ပတ်မတီးနေသူများ၊ လင်ကွင်းတီးနေသူများကို လှမ်းကြည့်လိုက်တော့-

ဟယ်-ဒါ မြို့မတေးအဖွဲ့က မြင့်အောင်နဲ့ ထူးတျော်ပါလား။

သည့်နောက် လူတန်းကြီးကို မြင်ရ၏။ ကားများကိုမြင်ရ ၏။ သူတို့ကို ကျွန်ုပ်သိ၏။ ကျွန်ုပ်၏ အိမ်နီးချင်းများ၊ အမျိုးအဆွေ များပါလား။

ဟင်-မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များလည်းပါ၏။

ဟိုဟာ ဒေါ်ကြူကြူသင်း၊ သူမရဲ့နံဘေးက ညိုညိုယဉ် (ဒိုက် ဦး)၊ ကြည်မွေ့အိမ်၊ ခရေ(ရေနံမြေ)နှင့် ဥက္ကဋ္ဌကြီး ဦးဟန်ညွန့်တို့ ပါလား။

သည့်နောက် ဘင်ဂျိုဝိုင်းကို တွေ့ရ၏။

လားလား. . . ဘင်ဂျိုတီးနေသူကား အလီယာခွတ်ကျော် ဖေပါလား။ မယ်ဒလင်သမားကား သန်လျှင်မေ-လှမျိုး။ ဟင်



www.burmeseclassic.com

www.burmeseclassic.com



တယောထိုးနေသူက ကျွန်ုပ်ရဲ့ အချစ်ဆုံးသူငယ်ချင်း ပုသိမ် မောင်သောင်းယဉ်ပါလားဟရို့။

ကြည့်စမ်း၊ ကြည့်စမ်း။သီချင်းကို မီးကင်းအော်လံကြီးတော့၍ သီချင်းဆိုနေသူက ဘယ်သူလဲမှတ်တယ်။

ဂေါ်ဇီလာ မင်းကြည်လှိုင်။

မင်းကြည်လှိုင်ကား အသုဘပို့မှာ သီချင်းကို ကြွေကြွေကွဲကွဲဟစ်နေ၏။

*"ချစ်ပြုံး×××နှင်းဆီတစ်ပွင့်ကို×××ခူးကာလင့်လို့ ကြံရွယ်တုန်းကကွယ်×××မာလာခင်ရယ် တကယ်ပင် ချစ်မှာလားကွယ်ဟယ်×××ဟယ်"*

အာဂလူများပါပေတကား။ အသုဘပို့မှာ သူတို့က မောင်မောင်ညွန့်ရဲ့သီချင်းကိုတီးမှုတ်၍ လိုက်ပို့နေ၏။ဘယ်လိုကြီးပါလိမ့်။

သို့ကလိုရှိနေစဉ် နောက်ကားပေါ်မှ ကလယ်ကုလား မင်္ဂလာဆောင်မှာတီးသည့် ကလယ်ကုလားတီးဝိုင်းကလည်း ကုလားဗုံကိုခေါက်၍ ဆက်၍ သီဆိုလိုက်ပို့နေ၏။

*"အချား"*

*"ဟာရေး×××အာစရီ သွားပေါ့"*

*"အချား×××အချား×××"*

*"လဝန်းလေးနဲ့တူတယ် မေ့ကိုလားကွယ်×××အသည်းထဲစွဲနေပါပေါ့×××သူညာတယ်"*

"အချား. . . ဟာရေး. . ."

"ပျော်လိုက်တာ. . ."

အလို-သနားစရာ အသုဘမှာ 'လဝန်းလေးနှင့် တူတယ် မေ့ကိုလားကွယ်' သီချင်းကိုဆိုပြီး ဗုံကို လက်ဝါးနှင့်ရိုက်၍ အချား အချား ဟာရေး အား အား အော်နေသူ ဂီတပညာရှင်များကား စူ

www.burmeseclassic.com



လတန်ချိုကြီး၊ ဒေးဗစ်လွင်မိုးနှင့် စွပ်ပရားဆာမိတို့အုပ်စုဖြစ်၏။

မူးပြီး အော်ဟစ်သီဆိုနေကြ၏။ အလယ်ကောင်မှာ မူတူးအဒူလထစ်က ကနေ၏။

ကျွန်ုပ် ဤလိုမသာမျိုး တစ်ခါမှ မမြင်ဘူး။ မကြာခင်အသုဘက အဒူလကြောင်သချိုင်းထဲသို့ ရောက်လာ၏။

တီးဝိုင်းသုံးဝိုင်းမှ လူများက အလောင်းကို ကစားကြ၏။ စာရေးဆရာမအချို့ လန့်အော်ကြ၏။ ကောင်မလေးတစ်ယောက် ငိုရှိုက်၍ ငိုနေ၏။

ကြည့်လိုက်တော့-

"ဟင်. . ဒါဒါ မစာဗူးတောင်း၊ စာဗူးတောင်း ဒါ. . ဒါ ငါ့ ချစ်သူပါလား။ ဘယ်လိုဖြစ်ကြလို့ပါလိမ့်"

သည်မှာတင် အခေါင်းကို မြေကြီးကျင်းပေါ်သို့တင်၍ စဏ္ဍာလကြီးမှ အုန်းသီးခွဲမျက်နှာသစ်ရန် ခေါင်းဖုံးကို ဖွင့်လိုက်၏။

ဒီမှာပဲ သေသူမည်သူလဲဆိုတာကို ကျွန်ုပ်သိချင်လာ၏။ အဘိုးရုက္ခစိုးကြီးက ကြည့်လိုက်ဟု အမိန့်ပေးနေ၏။

ဦးစွာ သစ်သားခေါင်းပေါ်မှ စာတန်းကို အရင်လှမ်းကြည့်လိုက်၏။ စာတန်းက အင်္ဂလိပ်မြန်မာနှစ်ဘာသာနှင့်ရေးထား၏။

"ဟိုက်-ဘုရားရေ. . ."

ခေါင်းပေါ်မှ သေသူ အမည်စာတန်းကား-

**မောင်မောင်ဗျိုင်း**

**အသက် (၃၇) နှစ်** ဟူသတည်း။

ဟင်-ဒါ. . . ဒါ ငါ့အမည်ပါလား။

အလို-ငိုနေသူက ကျွန်ုပ်ရဲ့ မူလတန်းကျောင်းတုန်းက ငယ်ရည်းစားအချစ်ဦး စာဗူးတောင်းလေး။

မကြာခင် လူတစ်ဦးက ခေါင်းထဲမှ သေသူ၏ မျက်နှာပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်စကို လှန်လိုက်၏။

"ဟင်-ဒါ ဒါ. . . ငါ ငါကိုယ်တိုင်ပါလား ဘုရား ဘုရား"

ကျွန်ုပ် လန့်ဖျပ်အံ့ဩ၍ ဘုရားကို အကြိမ်များစွာ တ,လိုက်စဉ် စဏ္ဍာလကြီးက အုန်းသီးကို ဓားနှင့်ခွဲ၍ အုန်းရည်များကို ကျွန်ုပ်မျက်နှာပေါ်သို့ လောင်းဖျန်းချလိုက်စဉ်-

"လူကလေး မင်းဝိညာဉ် မင်းရဲ့ခန္ဓာကိုယ်ထဲကို ပြန်ဝင်။ အမြန်ဝင်လိုက်. . . ဝင်လိုက်. . ."

အဘိုးရုက္ခစိုးကြီးက သို့ကလို အမိန့်ပေးပြီး ကျွန်ုပ်ဝိညာဉ်ရဲ့ နောက်ကြောကို တွန်းလွှတ်လိုက်ရာ ကျွန်ုပ်ဝိညာဉ် ဟပ်ထိုးလဲကျပြီး နှာခေါင်းပေါက်မှတစ်ဆင့် ကျွန်ုပ်ရဲ့ စန့်နေသော ခန္ဓာကိုယ်ထဲသို့ တိုးဝင်လိုက်၏။

သည်တွင် ကျွန်ုပ် လှုပ်ရှားချင်လာ၏။

အော်ဟစ်ချင်လာ၏။

ကျွန်ုပ်မျက်နှာသည် အေးစက်စက်အရည်များနှင့် ယားကျိကျိဖြစ်ပြီး ချေဆတ်ချင်သလိုရှိနေ၍ တအားချေချလိုက်၏။

"ဟပ်ချိုး. . . ဘုရား"

"အမလေး. . . ပလုတ်တွတ်"

"ဟပ်ချိုး. . . ဟပ်ချိုး"

"ဟ. . . ဟာ. . . မသာကချေတယ်ဟ"

"မသာပြန်ရှင်လာပြီ။ ပြေး. . . ပြေး. . ပြေး"

"အမလေး၊ လုပ်ကြပါဦး. . . ကိုသောင်းယဉ် ကိုသောင်းယဉ်"

"ဖုတ်ဝင်လာပြီဟ. . ပြေး. . ပြေး"

ကျွန်ုပ်သည် အားရပါးရချေဆတ်ပြီးသောအခါ လှုပ်ရှားချင်လာ၍ ဦးစွာ ညာလက်ကို မြှောက်လိုက်၏။ လူအများရဲ့ အလန့်



www.burmeseclassic.com

www.burmeseclassic.com



တကြား အော်ဟစ်ပြေးလွှားသံများကို ကြားရသည်။ ၎င်းနောက် ဘယ်လက်ကိုမြှောက်၍ လူးလွန့်ပြီး အားယူကုန်းထလိုက်သော အခါ-

"ဟော. . . မောင်. . ဗျိုင်း မသာ ဖုတ်ဝင်လာပြီ ပြေးဟေ့ ပြေး"

"မောင်ဗျိုင်းထလာပြီ၊ လုပ်ကြပါဦးတော့"

ကျွန်ုပ်သည် ငုတ်တုတ်ထထိုင်ပြီး ဦးစွာ မြင်ရသည့် မင်းကြည်လှိုင်ကို လှမ်းခေါ်လိုက်သည်။

"မင်းကြည်. . . လှိုင်. . လာ. . . ခဲ့"

"အမလေး. . . အမေ မကြက်တော ကယ်ပါဦးဗျာ"

မင်းကြည်လှိုင် လန့်၍အော်ပြေးလေ၏။

"ကိုဝင်း. . . မောင်. . . လာ. . လာ"

"ကယ်တော်မူပါဗျာ"

ကျွန်ုပ်သည် ကိုဝင်းမောင်၊ ကိုသောင်းညွန့်ဦး၊ အံဆုံး(စလေ) ဒေါ်ကြူကြူသင်း၊ ညိုညိုယဉ် စသည်တို့အား အားကိုးတကြီး အော်ခေါ်ပါသော်လည်း ဖုတ်ဝင်လာသည်မှတ်ပြီး သူတို့အားလုံး ထဘီစွန်တောင်ဆွဲ၍ ပြေးကြ၏။

အဒူလကြောင်သချိုင်းပေါ်မှာ ဖိနပ်မျိုးစုံတို့ ကျန်ရစ်ခဲ့၏။ အချို့ ထဘီကွင်းလုံးကျွတ်၊ ပုဆိုးကွင်းလုံးကျွတ် ကျန်ရစ်ခဲ့၏။

ထိုအခိုက် ကျွန်ုပ်ရှိုက်သံတစ်ခုကိုကြား၍ လှည့်ကြည့်လိုက်သောအခါ-

"အချစ်. . . စာဗူးတောင်း၊ စာဗူးတောင်း"

"အစ်ကို၊ အစ်ကို လူလား ဖုတ်လား သရဲလားဟင်"

"ဗူး. . . အစ်ကို လူ. . . လူအစစ်ပါ။ အစ်ကို မသေဘူး အစ်ကို ပြန်သတိရလို့ နိုးလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားအစ်ကို ဟုတ်. . . ရဲ့လား. . . ဘုရား. . . ဘုရား"

"အစ်ကို အားလုံးကို မှတ်မိတယ်။ ဟိုက ဦးဘွတ်စွပ်၊ ဒါ လှမြင့်ကြီး၊ ဇလွန်ကျော်ဦး၊ ဟိုဟာ ထောင်မှူးကြီးသိန်းဝင်းနဲ့ နတ်လူအုံ၊ ဟိုနားကဟာ ကြည်တင့်နိုင်နဲ့ မောင်သွေးရင့်"

"အစ်. . . ကို. . ."

"ဗူး. . . အချစ်ကလေး"

"အို. . . အစ်ကိုရဲ့. . . ဟီး ဟီး"

သတ္တိကောင်းပြီး အချစ်ကြီးလှတဲ့ ကျွန်ုပ်ရဲ့ ချစ်သူ မစာဗူး တောင်းလေးဟာ ကျွန်ုပ်ကို ပြေးထူပြီး အားရပါးရဖက်လို့ ရှိုက်ငို နေသည်။

ဒီလို မြင်ကွင်းကို မြင်လိုက်ကြရော စောစောက ဖုတ်ဝင်တယ်လို့ မှားယွင်းယူဆသူ သူငယ်ချင်းများ အပြေးရောက်လာပြီး ဝမ်းသာအားရ ဝိုင်းမေးကြပါရော။

"မောင်. . . ဗျိုင်း. . . မင်း မောင်ဗျိုင်းအစစ်ပဲနော် သူငယ်ချင်း"

"အစစ်ပါကွာ သောင်းယဉ်ရာ"

"မင်း. . . မင်း မသေဘူးနော်. . ."

"ခု. . . ငါပြန်ရှင်လာတာ မင်းတို့မျက်မြင်ပါကွာ"

"ဟာ. . . အံ့သြစရာကောင်းလိုက်တာ မောင်ဗျိုင်းရာ"

သည့်နောက် မိတ်ဆွေများ၊ သူငယ်ချင်းများ၊ ဆွေမျိုးများသည် ကျွန်ုပ်အသားကို ကိုင်ကြည့်ကြ၏။ ဆွဲဆိတ်ကြ၏။ အပ်ချိုင်နှင့် ထိုးကြည့်ကြ၏။

"အာ. . လာ. . လာ. . နာတယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . . မလုပ်ကြပါနဲ့. . ."

"အို. . . ကျွန်မချစ်သူကို မရက်စက်ကြပါနဲ့ရှင်"

"ဝေး. . . ငါတို့မောင်ဗျိုင်းကြီးတကယ်သေတာမဟုတ်ဘူး ဟေ့။ အုန်းသီးထိပြီး မြောသွားတာဟ။ ကံကြီးလို့ သချိုင်း ရောက်မှ အုန်းရည်ထိပြီး အသက်ပြန်ဝင်ရှစ်လာတာဟ"

"အံ့ဩပါ့မောင်ဗျိုင်းရာ"

လူတိုင်းအံ့ဩကြ၏။ ကျွန်ုပ်ချစ်သူကား ဝမ်းသာလွန်း၍ ခုန်နေ၏။ သူမသည် အိမ်အပြန်လမ်းတစ်လျှောက် ကျွန်ုပ်လက်ကို သူ့လက်နှင့်ချိတ်၍ အရမ်းကို ပျော်ရွှင်မြူးထူးနေလေ၏။

BURMESE CLASSIC

ကျွန်ုပ်ရဲ့ဘဝကို ကျွန်ုပ်ကိုယ်တိုင် လွန်စွာအံ့ဩနေ၏။ သေကံမရောက် သက်မပျောက်ဆိုသော စကားသည် အလွန်မှန်၏။

သေနေ့မစေ့လျှင် သချိုင်းက ပြန်ကိုလာရတယ်ဆိုသော ရှေးလူကြီးသူမများစကားသည် ဒက်ထိမှန်နေ၏။

ထိုသို့ ကံကြီးလှစွာ မမျှော်လင့်ဘဲ မြောနေရာမှ မြုပ်ခါနီး အသက်ပြန်ရှင်လာပြီးသောအခါ ကျွန်ုပ် သတိမေ့မြော၍ ကျွန်ုပ် ရဲ့ဝိညာဉ်လွင့်မြောပြီး ရောက်ခဲ့ရသည့် ထူးဆန်းသော ဖြစ်စဉ်များ ကို ကျွန်ုပ်ပြန်စဉ်းစားကြည့်၏။

အဲဒါ- တကယ့်အဖြစ်အပျက်တွေလား။ အိပ်မက်လား။

လွင့်မြောဝိညာဉ်စိတ်ရဲ့ ဒဏ္ဍာရီစိတ်နယ်လွန်ရသလား။

အို. . . အိပ်မက်များပဲ ဖြစ်မှာပါလေ။

ဘာကြောင့်မူ. . .။

ကျွန်ုပ်စိတ်ဝိညာဉ်လွင့်မြောသွားစဉ်က ကြုံခဲ့ရသည့်သူများ သည် အခု ကျွန်ုပ်ဝန်းကျင်မှာ သက်ရှိထင်ရှားအားလုံးရှိနေကြ ၍စွာ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဟာ ဆန်းကြယ်လှပါကလား။
စိတ်နှင့် အိပ်မက်သည် အကြောင်းလင်မယားဖြစ်ရှာသလား။

☺

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

မျှားမကြာခင် -

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံအောင် တရော်ကင်ပွန်းနှင့် သန့်စင်ရေချိုးပြီး ဘုန်းကြီးပင့်၍ ပရိတ်တရားနာယူကြ၏။

တစ်လပြည့်သောအခါ BURMESE CLASSIC

ကျွန်ုပ်နှင့် သတ္တိကောင်းလှသော၊ အချစ်ဇွဲနပဲကြီးလှသော ငယ်ရည်းစား မစာဗူးတောင်းလေးနှင့် ကျွန်ုပ် ချစ်ကိုကိုဗျိုင်းတို့ မင်္ဂလာပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြ၏။

မင်္ဂလာဆောင်မှာ-

ကိုသောင်းယဉ်တို့ဘင်ဂျိုဝိုင်းလည်းပါ၏။

စူလတန်ချိုကြီးတို့ ကလယ်ကုလားတီးဝိုင်းလည်းပါ၏။

သန်လျင်စိုးသိန်းရဲ့ မြန်မာ့အသံမှ အဆိုတော်များလည်း ပါဝင်၏။

ဧင်းအပြင် ငယ်ပေါင်းမိတ်ဆွေကြီး သန်လျင်ညွန့်ဦး (မ) ကိုသောင်းညွန့်ဦးရဲ့ မြင်းမသေးတီးဝိုင်း (ခေါ်) မြို့မတေးသံဝိုင်းကလည်း အုတ်ခဲကျိုးချည်း လှည်းနှစ်စီးတိုက်ရအောင်ပါဝင်တူညီသီဆိုကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ မင်္ဂလာဦးညကား လုံးဝ ကံစမ်းမဲမဖွင့်လိုက်ရ။ အကြောင်းကား ကြင်စဦးနှစ်ယောက် အခန်းထဲဝင်သည်နှင့် တံခါးချည်း လာလာခေါက်နေ၍ မိုးစင်စင်လင်းသွားခဲ့၏။

ပြောရလျှင် ထိုညက ကျွန်ုပ်နှင့် ချစ်သူ မစာဗူးတောင်းလေး အကြင်လင်မယားမမြောက်ခဲ့။

သမီးရည်းစားအဆင့်သာရှိခဲ့၏။

မင်္ဂလာဆောင်ပြီး ငွေဆောင်ကမ်းခြေသို့ ချက်ချင်း ပြောင်းရွှေ့သွားတော့မှပဲ. . .

"အို. . . အစ်ကိုဗျိုင်းကလည်း ဘာတွေစလျှောက်ရေးနေမှန်း မသိဘူး။ ဗူးရှက်ပါတယ် သွား. . ."

"သွားဗူး"

"ကဲ . . ကဲ. . ကဲ. . ကဲ။ အို. . . လို့"

"ချစ်. . ."

BURMESE CLASSIC

"ဟင့်. . အဟင့်. . . အဟင့်"

ဟုတ်ကဲ့။ပထမပွဲစဉ် ပြည်ဖုံးကားချပါပြီခင်ဗျား။ နောက်လကျမှ ဒုတိယညအချစ်ပြဇာတ်ကို ဆက်လက်ရှုစားအားပေးကြပါရန် အနူးအညွတ် မေတ္တာရပ်ခံရပါကြောင်း။

[ပါဝင်ကူညီ သရုပ်ဆောင်ကြသည့် ချစ်ခင်မြတ်နိုးအပ်သော မိတ်ဆွေများ အားလုံး သိန်းငါးရာဆုနှစ်ကြိမ်ဆက်တိုက်ပေါက်ပြီး ဖြစ်ချင်တိုင်းဖြစ်ကြပါစေကုန်သတည်း။]

သာဓု. . . . သာဓု. . . သာဓု

မောင်ညိုမှိုင်း(သန်လျင်)

☺

www.burmeseclassic.com